၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။

နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။

www.transcomjournal.com

# ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်

# TRANSCOM NEWS JOURNAL

အတွဲ (၉)၊ အမှတ် (၃)

၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ(၁၃)ရက်




## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (၁၃) ကြိမ်မြောက်ဘွဲ့နှင်းသဘင်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

စာ-၁၇ »



# အယ် ဒီ တာ့ အာ ဘော်

# အခြေခံဥပဒေပြင်ဆင်ရေး ပြည်ထောင်စု စိတ်ဓာတ်ကို အခြေခံ ဆောင်ရွက်

လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်ကိုအတည်ပြုပြဋ္ဌာန်းခဲ့သည်။ တိတိကျကျ ဆိုရသော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီကြေညာချက်အမှတ် ၇/၂၀၀၈ အား ကောင်စီ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်မှတ်ရေးထိုးကာ ၂၀၀၈ ခုနှစ်၊ မေလ (၂၉) ရက်တွင် ထုတ်ပြန်ခဲ့သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအား ၂၀၀၈ ခုနှစ်၊ မေလ (၁၀)ရက် (နိုင်ငံတဝှမ်းလုံးရှိမြို့နယ် (၃၂၅)မြို့နယ် အနက် (၂၇၈)မြို့နယ်)တွင် တစ်ကြိမ်၊ မေလ (၁၄)ရက် (ရန်ကုန်တိုင်းမှ မြို့နယ် (၄၀)နှင့် ဧရာဝတီတိုင်းမှ (၇) မြို့နယ်)တို့တွင် တစ်ကြိမ် ကျင်းပခဲ့သည်။ ဥပဒေမူကြမ်းကို အတည်ပြုပေးရန် ဆန္ဒမဲပေးခွင့်ရှိသူ (၉၂) ဒသမ (၄၈) ရာခိုင်နှုန်းမှ ထောက်ခံကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်တိုးမှအစီအရင်ခံထားကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးက အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ကြေညာပါသည်ဟု ဖော်ပြပါရှိသည်။

၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်က တိုင်းပြုပြည်ပြုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၁၉၄၇)ဖြင့် "ပါလီမန်ဒီမိုကရေစီစနစ်"ကို ဖော်ဆောင်ကျင့်သုံးခဲ့သည်။ ထိုမှ (၂၇)နှစ်ခန့်အကြာ ၁၉၇၄ ခုနှစ်တွင် အခြေခံဥပဒေတစ်ရပ်ရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပအတည်ပြုပြဋ္ဌာန်းကာ "ဆိုရှယ်လစ်ဒီမိုကရေစီနိုင်ငံတော်" အဖြစ် တည်ထောင်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄)သည် (၁၄)နှစ်ခန့်အကြာတွင် နိုင်ငံတော်အတွင်းဖြစ်ပေါ်ခဲ့သော အခြေအနေ အရပ်ရပ်ကြောင့် ရပ်ဆိုင်းသွားခဲ့သည်။ ၁၉၉၃ ခုနှစ်မှစတင်ကာ အမျိုးသားညီလာခံခေါ်ယူကျင်းပခဲ့သည်။ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ (၃)ရက်တွင် အောင်မြင်စွာ ပြီးစီးခဲ့သည်။ ၂၀၀၈ ခုနှစ်၊ မေလ (၂၉)ရက်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုခဲ့သည်။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း (၁၅)ခန်း ပြဋ္ဌာန်းပါဝင်သည်။

| | |
|---|---|
| အခန်း (၁) | နိုင်ငံတော်၏အခြေခံမူများ |
| အခန်း (၂) | နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ |
| အခန်း (၃) | နိုင်ငံတော်အကြီးအကဲ |
| အခန်း (၄) | ဥပဒေပြုရေး |
| အခန်း (၅) | အုပ်ချုပ်ရေး |
| အခန်း (၆) | တရားစီရင်ရေး |
| အခန်း (၇) | တပ်မတော် |
| အခန်း (၈) | နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ |
| အခန်း (၉) | ရွေးကောက်တင်မြှောက်ခြင်း |
| အခန်း (၁၀) | နိုင်ငံရေးပါတီများ |
| အခန်း (၁၁) | အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ |
| အခန်း (၁၂) | ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း |
| အခန်း (၁၃) | နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော် |
| အခန်း (၁၄) | ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ |
| အခန်း (၁၅) | အထွေထွေပြဋ္ဌာန်းချက်များဟူ၍ ဖြစ်သည်။ |

နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည့်အချင်းအရာများအရ အခြေခံဥပဒေကို ပြင်ဆင်ကြရစမြဲဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံ၏ တောင်းဆိုချက်များအပေါ် မူတည်၍ အခြေခံဥပဒေကို အကြောင်းအရာအလိုက်၊ ကဏ္ဍအလိုက်ပြင်ဆင်ခဲ့ကြသည်။ ပိုမိုပြည့်စုံကောင်းမွန်သည့် နိုင်ငံသူ၊ နိုင်ငံသားများဘဝ ပိုမိုလုံခြုံ၊ ခိုင်မာစေရေး ညှိနှိုင်းဆွေးနွေးပြင်ဆင်ခဲ့ကြသည်။

တီဖွဲ့စည်းရန် အရေး ကြီးအဆိုတင်သွင်းခဲ့သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် တင်သွင်းသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပြင်ဆင်ရေးလုပ်ငန်းများကို စေ့စပ်ချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် "ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးပူးပေါင်းကော်မတီ"တစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်းအရေးကြီးအဆိုကို ဖေဖော်ဝါရီလ (၆)ရက်က ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုခဲ့သည်။

"အဆိုအတည်ဖြစ်တဲ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီတစ်ရပ်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီမျှတစွာ သင့်လျော်သောအရေအတွက်ဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုပါ ပူးပေါင်းကော်မတီရဲ့ဥက္ကဋ္ဌအဖြစ် ဒုတိယနာယကကို တာဝန်ပေးအပ်သွားမှာဖြစ်ပြီး လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီအသီးသီးနဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့တို့မှ ကိုယ်စားလှယ်အရေအတွက် အချိုးကျပါဝင်ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ဒါကြောင့် နာယကအနေနဲ့ နိုင်ငံရေးပါတီအသီးသီးနဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ကိုယ်စားပြုတာဝန်ခံ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကို သင့်လျော်သည့်နေ့ရက်တွင် ဖိတ်ခေါ်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များရဲ့ ပါဝင်မှုကိုလည်း အဆိုပါအစည်းအဝေးမှာ ညှိနှိုင်းသတ်မှတ်ဖို့ဖြစ်ပါတယ်။ ဖွဲ့စည်းဆောင်ရွက်မယ့် ပူးပေါင်းကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းတို့ကိုလည်း သတ်မှတ်ပေးသွားမှာဖြစ်ကြောင်း လွှတ်တော်သို့တင်ပြအပ်ပါတယ်" ဟု ပြည်ထောင်စုလွှတ်တော်နာယက ဦးတင်ခွန်မြင့်က ပြောကြားခဲ့သည်။

ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့်က ဇန်နဝါရီလ (၂၉) ရက်ကပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် အရေးကြီးအဆိုအဖြစ်တင်သွင်းခဲ့ပြီး ဖေဖော်ဝါရီလ (၆)ရက်ကပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်အဆုံးအဖြတ်ရယူကာ အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီဖွဲ့စည်းသည့်ကိစ္စနှင့် ပတ်သက်ပြီး ထောက်ခံ၊ ကန့်ကွက်၊ အကြံပြု အစရှိသဖြင့် အမျိုးမျိုးရှိသောကြောင့် အဆိုအားစက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးသောနည်းဖြင့် လွှတ်တော်အဆုံးအဖြတ်ရယူခဲ့ရာ ဆန္ဒမဲပေးခွင့်ရှိသူ (၆၂၁)မဲတွင် အဆိုအားထောက်ခံမဲ (၄၁၄)မဲ၊ ကန့်ကွက်မဲ (၁၉၁)မဲနှင့် ကြားနေမဲ (၆)မဲဖြင့် အဆိုအား အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးခရီးစဉ်အတွက်ပထမခြေလှမ်းစတင်ခဲ့ပြီးဖြစ်သည်။ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ ကန့်ကွက်ခြင်း၊ ထောက်ခံခြင်း၊ အကြံပြုခြင်း စသည့်အချင်းအရာတို့သည် ပြည်ထောင်စုကြီးအနာဂတ်အတွက် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

## ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ လပတ်နှင့် ပထမ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

### ဖေဖော်ဝါရီလ လပတ်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး၊ ကျန် ဘင်္ဂလားပင်လယ်အော်တွင်အများအားဖြင့် သာယာနိုင်ပါ သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

ကချင်ပြည်နယ်တွင် ရွာသွန်းမှုမြဲအောက် လျော့နိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့်ရွာနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၄)ရက်မှ (၆)ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (၁)ရက်မှ (၃)ရက်ခန့်ရွာနိုင်ပါသည်။

**ညအပူချိန်**

ညအပူချိန်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ပုံမှန်အပူချိန်၏ (၁.၅)ဒီဂရီစင်တီဂရိတ်နှင့် အထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ပုံမှန်အပူချိန်ခန့်သာရှိနိုင်ပါသည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၁၅)ရက်မှ (၂၂)ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)တို့တွင် (၇)ရက်မှ (၁၄) ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ပေဝက်မှ ၁-ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁-ပေမှ ၁-ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တွင် ပေဝက်မှ ၁-ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်ပါသည်။

### ပထမ (၁၀)ရက်ပတ်


**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင် ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး၊ ကျန် ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်ပါ သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမှုမြဲထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့်ရွာနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမှုမြဲအောက်ရွာနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် (၂)ရက်မှ (၃)ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၁)ရက်ခန့်ရွာနိုင် ပါသည်။



MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

# ထောဘီ+

# နဲ့

# ရက်ရှည်ရှည်သုံးနိုင်ပြီ..

## ၁၀၀၀ ကျပ် = ၅၀၀၀ ကျပ်




## *500#

| ရှိရင်းဖုန်းဘေလ် | ထောဘီ+ ဖုန်းဘေလ် | ထောဘီ+ ဖုန်းဘေလ် သက်တမ်း | USSD Code |
|---|---|---|---|
| ၁,၀၀၀ ကျပ် | ၅,၀၀၀ ကျပ် | ၁၅ ရက် | *5001# |
| ၂,၀၀၀ ကျပ် | ၁၀,၀၀၀ ကျပ် | ၃၀ ရက် | *5002# |
| ၅,၀၀၀ ကျပ် | ၂၅,၀၀၀ ကျပ် | ၆၀ ရက် | *5005# |

ထောဘီ+ ဖုန်းဘေလ်ကို အင်တာနက်သုံးခြင်း ( 1 MB = ၅.၅ ကျပ်နှုန်း )၊ စာတိုပေးပို့ခြင်း ( ၁ စောင် = ၂၀ ကျပ်နှုန်း ) နှင့် MPT အချင်းချင်း ဖုန်းခေါ်ဆိုခြင်း ( ၁ မိနစ် = ၂၈ ကျပ်နှုန်း) တို့အတွက် ကြိုက်နှစ်သက်ရာ အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm  mptofficialpage  mptofficial

CALL CENTER 106 | free hotline 24 hours everyday

# မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း နှစ် (၆၀)ပြည့် စိန်ရတုနှစ်ပတ်လည် အခမ်းအနားကျင်းပ

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကုမ္ပဏီလီမိတက်၏ နှစ် (၆၀)ပြည့် နှစ်ပတ်လည်အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ (၁)ရက်၊ ညနေပိုင်းတွင် လုပ်ငန်းဌာနပိုင် သာကေတဆိပ်ခံတံတားဝင်းအတွင်းတွင် ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ မန်နေးဂျင်းဒါရိုက်တာ ဦးမြင့်ဇော်က အဖွင့်အမှာ စကားပြောကြားပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ အရာရှိကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ဧည့်သည် တော်များ၊ အငြိမ်းစားဝန်ထမ်းများ၊ သင်္ဘောနှင့်ရုံးချုပ်မှ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။ ယင်းနောက် လုပ်သက် (၃၈)နှစ်အထက်ရှိသည့် ဝန်ထမ်း သုံးဦးအား ဆုများချီးမြှင့်ခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသည့် ဧည့်သည်တော်များနှင့် ဝန်ထမ်းများအား ကံစမ်းမဲလက်ဆောင်များဖောက်ပေးပြီး အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့မှ တေးသီချင်းများဖြင့် ဖျော်ဖြေခါညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကို ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၅)ရက်တွင် စစ်ဘက်ကုန်စည်များ ဖြန့်ချိရေး (DEFENCE SERVICES INSTITUTE) မှ မတည်ရင်းနှီးငွေကျပ် (၁၂)သိန်းဖြင့် ဗမာ့ကြယ်ငါးပွင့်သင်္ဘောကုမ္ပဏီလီမိတက်အဖြစ် စတင်တည်ထောင်ခဲ့ပါသည်။ ၁၉၆၃ ခုနှစ်တွင် နိုင်ငံတော်ပိုင်အဖွဲ့အစည်းဖြစ်လာ ခဲ့ပြီး (၁၀. ၂. ၁၉၆၄)ရက်မှ (၁၄.၃.၁၉၇၂)ရက်အထိ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်တွင်လည်းကောင်း၊ (၁၅. ၃. ၁၉၇၂) ရက်မှ (၃၁. ၃. ၂၀၁၀)ရက်အထိ ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်တွင်လည်းကောင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၁၆. ၃. ၂၀၁၀)ရက်စွဲပါ စာအမှတ်၊ ၄၁၅/ ၃- ၂/နယက အရ (၁. ၄. ၂၀၁၀)ရက်မှစ၍ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ လွှဲပြောင်းပေးခဲ့သဖြင့် ကုမ္ပဏီလုပ်ငန်းအဖြစ်ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကုမ္ပဏီလီမိတက်အနေဖြင့် အထွေထွေကုန်ပစ္စည်းသယ်ယူခြင်းလုပ်ငန်း၊ နိုင်ငံတော်ပိုင်အဖွဲ့အစည်းများမှ FOB (Free on Board) စနစ်ဖြင့် ဝယ်ယူသည့်ကုန်ပစ္စည်းများ သယ်ယူခြင်းလုပ်ငန်း၊ သင်္ဘောငှားရမ်းခြင်းလုပ်ငန်း၊ ကုန်သေတ္တာပို့ဆောင်ရေးနှင့် ကုန်သေတ္တာထားသိုထိန်းသိမ်းခြင်းလုပ်ငန်း၊ ကမ်းရိုးတန်းခရီးသည်နှင့် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်း၊ သာကေတဆိပ်ခံတံတားလုပ်ငန်း၊ သင်္ဘော ကိုယ်စားလှယ်လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပြီး Logistics လုပ်ငန်းကိုလည်း တိုးချဲ့ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

ဘုန်းပိုင်ဦး




# ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ကျောင်းအုပ်ကြီး ဦးမင်းချစ်ဦးသည် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ကျောင်းဝင်းအတွင်း တည်ဆောက်ပြုပြင်လျက်ရှိသည့် ယာဉ်ကြီးမောင်းကွင်းလေ့ကျင့်ပတ်လမ်းကွန်ကရစ်ခင်းကျင်းနေမှု၊ အရာရှိသင်တန်းသား အိတ်ဆောင်(အောင်ဇေယျ) အကြီးစားပြင်ဆင်ခြင်းလုပ်ငန်း၊ သင်တန်းသားအိတ်ဆောင် (ခတ္တာ) အဆောင်ဆောက်လုပ်နေမှု၊ သင်တန်းသူသီးသန့်စားရိပ်သာတည်ဆောက်မှု၊ သင်တန်းသားများ၏ အိတ်ဆောင်ပတ်လမ်းကွန်ကရစ်လမ်းခင်းခြင်း ပြီးစီးမှုနှင့် ရေနုတ်မြောင်းများအုတ်စီခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေ၊ ဒုတိယညွှန်ကြားရေးမှူး ရုံးခန်းတည်ဆောက်ခြင်း၊ Fiber Cable ဖြင့် Internet wifi အသုံးပြုထုတ်လွှင့်ခြင်းနှင့် ဌာနတွင်းရုံးခန်းများတွင် ရုံးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အခြေခံအဆောက်အအုံများကို ရေရှည်တည်တံ့ခိုင်မြဲရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဆက်လက်ဆောင်ရွက်ရမည့်၊ လုပ်ငန်းများနှင့်ပတ်သက်၍၊ အရည်အသွေးကောင်းမွန်စေရန်နှင့် အချိန်မီလုပ်ငန်းများ ပြီးစီးစွာဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ ကြောင်းသိရသည်။

လှမျိုး- ဆ.သ.ရ

# ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတွင်လူကုန်ကူးမှု အသိပညာပေးဟောပြောပွဲကျင်းပ




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမတွင် ဖေဖော်ဝါရီလ ၆ရက် နေ့လည်ပိုင်းတွင် လူကုန်ကူးမှုတားဆီးရေးအသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲအခမ်းအနားသို့ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ အရာထမ်းများ၊ ဝန်ထမ်းများနှင့် မိသားစုများ တက်ရောက်ခဲ့ပြီး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ ရဲတပ်ဖွဲ့မှ ဒုရဲမှူးဝင်းညွန့်က လူကုန်ကူးမှုနှင့် ပတ်သက်သည့် အကြောင်းအရာ အသေးစိတ်တင်ပြဆွေးနွေးပြီး၊ ဆောင်ရန်ရှောင်ရန်နှင့် ဗဟုသုတဖြစ်စေမည့် အသိပညာပေး အသေးစိတ်အစီအစဉ်များနှင့် ပတ်သက်သည့် အတွေ့အကြုံများကို ဟောပြောခဲ့ကြောင်း သိရှိရသည်။

လှမျိုး- ဆ.သ.ရ

# ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတွင် စာပို့လုလင်သင်တန်းနှင့် ယာဉ်မောင်းနည်းပြသင်တန်းများ ဖွင့်လှစ်ပို့ချ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အောင်ဆန်းခန်းမတွင် ဖေဖော်ဝါရီလ (၄)ရက်၊ နံနက်ပိုင်းက ဆက်သွယ်ရေးသင်တန်းခွဲမှ ဖွင့်လှစ်သည့် စာပို့လုလင်သင်တန်းအမှတ်စဉ် (၂/၂၀၁၉)နှင့် မော်တော်ယာဉ်သင်တန်းဌာနခွဲမှ ဖွင့်လှစ်သည့် ယာဉ်မောင်းနည်းပြ အသိအမှတ်ပြု သင်တန်းအမှတ်စဉ် (၇/၂၀၁၉)တို့၏ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီးကိုယ်စား ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာ့စာတိုက်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခမ်းအောင် တက်ရောက်ချီးမြှင့်ခဲ့ကာ သင်တန်းသား/ သင်တန်းသူများအား တစ်ဦးချင်းလိုက်လံနှုတ်ဆက်ခဲ့ပြီး အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် ဒုတိယကျောင်းအုပ်ကြီးက သင်တန်းသား/ သင်တန်းသူများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြကြရန် မှာကြားခဲ့ကြောင်းသိရှိရသည်။


လှမျိုး(ဆ.သ.ရ)

ပို့ဆောင်ဆက်သွယ် TRANSCOM NEWS JOURNAL

| | |
|---|---|
| စီမံခန့်ခွဲရေးအရာရှိ | ဦးနီအောင် |
| စာတည်းမှူးချုပ် | မောင်ကြင်နာ |
| အုပ်ချုပ်ရေးအရာရှိ | နေလင်း |
| ငွေစာရင်းအရာရှိ | ကျော်သူရ |
| မျက်နှာဖုံးဒီဇိုင်း | ဝင်းထိုက် |
| စာမျက်နှာဒီဇိုင်း | နေလင်း၊ မြတ်ထူးဇော်၊ ဇင်ဘိုထွန်း |
| ကွန်ပျူတာ | ခိုင်ယုသွယ်၊ မင်းခန့်ဇော်၊ အောင်ကောင်းဆက်၊ မေသဥ္စာငွေ၊ ထက်လှိုင်ဦး |
| စာတည်း | တင်မောင်၊ အိမ်စည် |
| သတင်းထောက် | ဘုန်းပိုင်ဦး၊ စိုးသူ၊ သဇင်ဖူး |
| သတင်း (ဆက်သွယ်ရေး) | လှမျိုး |
| သတင်း (ရထား) | အောင်ဆန်းဦး |
| စာပြင် | ဆုဆုစန္ဒီဇော် |
| ကာတွန်းသရုပ်ဖော် | တင်ယု |
| ထုတ်ဝေသူ | နီအောင် (၀၀၄၉၆) |
| ပုံနှိပ် | မင်းပြည့်စုံ (၀၀၁၀၃) |
| ဖြန့်ချိရေး | ကိုကိုမြတ်၊ ဘိုဘို |

**တိုက်တည်နေရာ**

ဓ၃ /၉၁ ဗိုလ်အောင်ကျော်လမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။
ဖုန်း ၀၁ – ဓ၆၁၀၁၉၂
စာတည်းမှူးချုပ် ၀၁ – ၃၇၅၄၄၃
Email - thetransportnews@gmail.com
tcnj.transcomnews@gmail.com




ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တိုက်သို့ လူကြီးမင်းတို့၏ သတင်း၊ ဆောင်းပါး၊ ကဗျာများအား ပေးပို့နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကြော်ငြာများထည့်သွင်းလိုပါက
ဖုန်း၊ ၀၁–ဓ၆၁၀၁၉၂၊ ၀၉–၄၂၁၀၁၃၆၆ရ

# Lawful Interception ဆောင်ရွက်ရာတွင် နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ စက်မှုပိုင်းဆိုင်ရာ ကြိုတင်စီမံထားရှိနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် မိုဘိုင်းလ်ဆက်သွယ်ရေးအော်ပရေတာများနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများ၏ Lawful Interception ကိစ္စရပ်များစပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂)အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေ၊ လိုင်စင်နှင့် စစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မိုဘိုင်းလ်ဆက်သွယ်ရေးအော်ပရေတာများနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများမှ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် Lawful Interception ကို ဆက်သွယ်ရေးဝန်ဆောင်မှု ဆောင်ရွက်ရာတွင် လုံခြုံရေးဆိုင်ရာကိစ္စအတွက် ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြိုတင်စီမံဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် နည်းပညာစံချိန်စံညွှန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်သွားရမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသည့် ဆက်သွယ်ရေးကဏ္ဍမှ မိုဘိုင်းလ်ဆက်သွယ်ရေးအော်ပရေတာများနှင့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများမှ ပြန်လည်တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

သတင်းအဖွဲ့ (ဆ.သ.ရ)

# Microsoft Office Excel 2010 (ဒုတိယအကြိမ်) သင်တန်းဖွင့်ပွဲကျင်းပ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ သင်တန်းကျောင်းတွင် ဘတ်ဂျက်ရေးဆွဲခြင်း၊ အစီရင်ခံစာများတွင် Chart၊ Graphic ရေးဆွဲခြင်းများလုပ်ဆောင်နိုင်စေရန် ရည်ရွယ်၍ဖွင့်လှစ်သည့် Microsoft Office Excel 2010 (ဒုတိယအကြိမ်) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ (၂၈)ရက်က နေပြည်တော်၊ ရုံးအမှတ်(၂)တွင် ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

Microsoft Office Excel 2010 (ဒုတိယအကြိမ်) သင်တန်းကို ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်း (၂၂)ခုမှ သင်တန်းသား (၃၅)ဦးဖြင့် (၂၈-၁-၂၀၁၉) ရက်မှ (၈-၂-၂၀၁၉)ရက်အထိ (၁၀)ရက် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ သင်တန်းကျောင်း၊ ကျောင်းအုပ်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေဌေးနှင့် ဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး သင်တန်းကျောင်း၊ ကျောင်းအုပ်မှ အဖွင့်အမှာစကားပြောကြားခဲ့သည်။

သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ သင်တန်းကျောင်းသည် ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများအား e-Government နှင့် ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ICT သင်တန်းများဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရှိရသည်။

မသန္တာ
သင်တန်းကျောင်း ITCS



# ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုကို အပိုင်းများခွဲ၍ ဆောင်ရွက်မည်




မြန်မာ့မီးရထားသည် ရန်ကုန်မြို့ပတ်ရထားလမ်း (အနောက်ခြမ်း) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရွာမကျောင်းလမ်း၊ ဆေးဝါးစက်ရုံလမ်း (ကြို့ကုန်း) အထိ လမ်းဆုံနေရာများ အဆင့်မြှင့်တင်ခြင်းကို ဖေဖော်ဝါရီ (၃)ရက်မှ (၁၇)ရက်အတွင်း အပိုင်းများခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှသိရသည်။

မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ပြည်သူများလွယ်ကူချောမွေ့စွာသွားလာနိုင်ရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် ယာဉ်ကြောပိတ်ဆို့ချိန်ကြာမြင့်မှုမရှိစေရေးအတွက် မြန်မာ့မီးရထားဌာနနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများပါ ပိုင်းဝန်းပူးပေါင်း၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား၊ အောက်မြန်မာပြည်၊ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း (အနောက်ခြမ်း)တွင်ပါဝင်သည့် ကြည့်မြင်တိုင်ဘူတာနှင့် အင်းစိန်ဘူတာအကြားရှိ ကားလမ်းနှင့် ရထားလမ်းဆုံနေရာများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို အပိုင်းများခွဲ၍ ဆောင်ရွက်မည်ဖြစ်ပြီး ရန်ကုန်မြို့ပတ်ရထားလမ်း၏ အတွင်းပတ်လမ်းဖြစ်သော ရွာမကျောင်းလမ်းတွင် အပိုင်းနှစ်ပိုင်းခွဲ၍ အပိုင်း(၁)ကို ဖေဖော်ဝါရီ (၃)ရက်မှ (၈)ရက်အထိ၊ အပိုင်း (၂)ကို ဖေဖော်ဝါရီ (၉)ရက်မှ (၁၄)ရက်အထိ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုသို့ဆောင်ရွက်စဉ်အတွင်း လမ်းတစ်ခြမ်းပိတ်တစ်ခြမ်းဖွင့်စနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်းသိရသည်။

ပါရမီလမ်းဆုံနေရာ၌ အဆင့်မြှင့်တင်ခြင်းကို နှစ်ပိုင်းခွဲ၍ ဆောင်ရွက်မည်ဖြစ်ပြီး အပိုင်း(၁)ကို ဖေဖော်ဝါရီ (၃)ရက်မှ (၈)ရက်အထိ၊ အပိုင်း (၂)ကို ဖေဖော်ဝါရီ (၉)ရက်မှ (၁၄)ရက်အထိဖြစ်သည်။ ဆေးဝါးစက်ရုံ(ကြို့ကုန်း)နေရာတွင်လည်း အပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်မည်ဖြစ်ပြီး အပိုင်း(၁)ကို ဖေဖော်ဝါရီ (၈)ရက်မှ (၁၂)ရက်၊ အပိုင်း(၂)ကို ဖေဖော်ဝါရီ (၁၃)ရက်မှ (၁၇)ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပါရမီလမ်းဆုံနှင့် ဆေးဝါးစက်ရုံ(ကြို့ကုန်း)နေရာများ၌ လမ်းတစ်ခြမ်းဖွင့် တစ်ခြမ်းပိတ်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် ကမာရွတ်ဘူတာရုံလမ်းနေရာ၌ အဆင့်မြှင့်ပြုပြင်မည့်လုပ်ငန်းများကို ဖေဖော်ဝါရီ (၁၀)ရက်မှ (၁၄)ရက်နှင့် အုတ်ကျင်းဘူတာရုံလမ်းနေရာကို ဖေဖော်ဝါရီ (၃)ရက်မှ (၇)ရက်အထိ ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါနေရာများတွင် လမ်းပိတ်၍လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်အတွင်း လမ်းဆုံနေရာများ၌ကားများကို လမ်းလွှဲများမှမောင်းနိုင်ရန်စီစဉ်ထားကြောင်း၊ လက်ရှိတွင် ရန်ကုန်မြို့ပတ်ရထားများမှာ အပြင်ပတ်လမ်းမှသာသွားလာနေကြပြီး အတွင်းပတ်လမ်းမှာ အဆင့်မြှင့်တင်နေသည့်အတွက် လမ်းပိတ်ထားကြောင်းနှင့် ယခုအဆင့်မြှင့်တင်ပြုပြင်မည့်နေရာများမှာ အတွင်းပတ်လမ်း၏လမ်းဆုံနေရာများဖြစ်ကြောင်းသိရသည်။

၁၉၅၈ ခုနှစ်တွင် ဖောက်လုပ်ခဲ့သည့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းသည် နှစ်ပေါင်း(၆၀)ခန့် သက်တမ်းရှိပြီးဖြစ်သော်လည်း လမ်းပိုင်းအကြီးစား ပြုပြင်ခြင်းလုပ်ငန်းကို ယခုနှစ်တွင်မှ ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

TM/TZ



ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com
၁၃ - ၂ -၂၀၁၉ (ဗုဒ္ဓဟူးနေ့)

# ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရန် အထူးလိုအပ်သောအခြေအနေ ဖြစ်ပေါ်နေသည့် ကျိုက်ထီးရိုးတောင်



ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးတောင်သည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရန် အထူးလိုအပ်သောအခြေအနေဖြစ်နေကြောင်း မွန်ပြည်နယ်လွှတ်တော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ကြည့်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး ဘီးလင်းမြို့နယ်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကပြောသည်။ ထို့အပြင် ကျိုက်ထီးရိုးစေတီ၊ ရသေ့တောင်နှင့် ကင်ပွန်းစခန်းတွင် အမှိုက်ကိစ္စ၊ မိလ္လာကိစ္စနှင့် ရေဖြန့်ဝေမှုတို့ စနစ်တကျပြုပြင်တည်ဆောက်ရမည့် အခြေအနေသို့ရောက်ရှိနေပြီး ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရန် အထူးလိုအပ်သည်ကိုကနဦးလေ့လာတွေ့ရှိထားကြောင်း ၎င်းကဆိုသည်။

ထို့အပြင် ကျိုက်ထီးရိုးတောင်ပေါ် ဈေးဆိုင်ခန်းများမှ စွန့်ပစ်အမှိုက်များကို ကျိုက်ထီးရိုး ဂေါပကအဖွဲ့ စီစဉ်မှုဖြင့် ဂေါပကရုံးအနောက်ဘက်၊ မုဆိုးတောင်စောင်း၊ ယာဉ်ရပ်နားစခန်းအနောက်ဘက်တွင် အမှိုက်စွန့်ပစ်ရန်သတ်မှတ်ထားပြီး ကိုယ်တိုင်စွန့်ပစ်စနစ်ဖြင့် ဆောင်ရွက်နေသည်ဟု ဂေါပကအဖွဲ့ကဆိုသည်။

ထိုအချက်အလက်များကို လာမည့် မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ပြုလုပ်သည့်နေ့တွင် တင်ပြရန် လျာထားကြောင်း၊ ကျိုက်ထီးရိုးတောင်၌ ၂၀၁၈ ဒီဇင်ဘာတွင် လေ့လာခဲ့သည့် အချက်အလက်များကြောင့် ရေရှည်ထိန်းသိမ်းရန် လိုအပ်ကြောင်း ၎င်းကဆိုသည်။

ကျိုက်ထီးရိုးစေတီတွင် သန့်ရှင်းရေးဝန်ထမ်း ၅၄ ဦးရှိသော်လည်း အမှိုက်များကို တောင်ချောက်ထဲသို့သာ ပစ်ချနေသဖြင့်အမှိုက်သိမ်းယာဉ်ဝယ်ယူရန် ဆုံးဖြတ်ထားကြောင်း ဂေါပကအဖွဲ့ဝင်များက ဆိုသည်။

ကျိုက်ထီးရိုးဘုရားပွဲတော် ရာသီဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ တစ်ရက်လျှင် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည် သိန်းချီလာရောက်သည်ဟု ဂေါပကအဖွဲ့ထံမှသိရသည်။

TCNJ

# သင်္ဘောဆိုက်ကပ်မှု ကုန်ကျစရိတ်မြင့်နေပါက ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ထိခိုက်နိုင်



ရန်ကုန်ဆိပ်ကမ်း သင်္ဘောဆိုက်ကပ်မှု ကုန်ကျစရိတ်မြင့်မားနေ၍ ပို့ကုန်တင်ပို့ရန် အခက်အခဲဖြစ်ပေါ်နေပြီး သွင်းကုန်များ ဈေးနှုန်းကြီးမြင့်စေကြောင်း လှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးက လွှတ်တော်သို့ တင်ပြဆွေးနွေးသည်။ ဖန်နဝါရီ ၂၃ ရက်က ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် သင်္ဘောဆိုက်ကပ်မှု ကုန်ကျစရိတ်လျှော့ချပေးရန် အစီအစဉ် ရှိ၊ မရှိ ဦးအောင်ကျော်ကျော်ဦးက မေးခွန်းမေးမြန်းခဲ့သည်။

ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့ရန်၊ ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းရန် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည့် သင်္ဘောတစ်စီး၏ကုန်ကျစရိတ်သည် အာဆီယံ နိုင်ငံများတွင် ရန်ကုန်ဆိပ်ကမ်းများသည် အမြင့်ဆုံးဖြစ်သည်ဟု ၎င်းကဆိုသည်။

“တန်ချိန်နှစ်သောင်းရှိတဲ့ သင်္ဘောတစ်စီး ရန်ကုန်ဆိပ်ကမ်းကို ဆိုက်ကပ်မယ်ဆိုပါက ကုန်ကျစရိတ်က ကန်ဒေါ်လာ ၁၄၅,၀၀၀ လောက်ကုန်ကျပြီး ထိုင်း၊ ဗီယက်နမ်တို့ထက် နှစ်ဆကျော် များပြားနေတယ်လို့ မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်က ထုတ်ပြန်တဲ့ စစ်တမ်းတစ်ခုမှာ ဖော်ပြထားပါတယ်”ဟု ဦးအောင်ကျော်ကျော်ဦးက ဆွေးနွေးသည်။ ထိုင်းနိုင်ငံတွင် ဒေါ်လာ ၆၅,၀၀၀၊ ဗီယက်နမ်နိုင်ငံတွင် ၆၀,၀၀၀ ခန့်သာ ကုန်ကျသည်ဟု ဆိုသည်။

ထိုမေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက လွှတ်တော်သို့ လာရောက်ဖြေကြားပြီး ရန်ကုန်ဆိပ်ကမ်း ဆိုက်ကပ်ကုန်ကျစရိတ်သည် ဒေသတွင်း ဆိပ်ကမ်းများနှင့် လွန်မင်းစွာကွာဟမှုမရှိဟု ပြောသည်။

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင် ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က ၂၀၁၈ နှစ်ကုန်တွင် လေ့လာပြုစုထားသည့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းအာဆီယံ မြစ်ဆိပ်ကမ်းများ၌ ကောက်ခံသည့် အခွန်အခနှိုင်းယှဉ်ချက်များအရ တန်ချိန် ၂၆,၀၀၀ ရှိ သင်္ဘောတစ်စီး ဆိပ်ကမ်းဆိုက်ကပ်မှု စုစုပေါင်း ကုန်ကျစရိတ်သည် ရန်ကုန်ဆိပ်ကမ်းတွင် ကန်ဒေါ်လာ ၁၈,၅၉၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆိပ်ကမ်းတွင် ၁၅,၀၀၀ ကျော်၊ ကမ္ဘောဒီးယားနိုင်ငံရှိ ဆိပ်ကမ်းတွင် ၂၇,၀၀၀ကျော်၊ ထိုင်းနိုင်ငံ ဘန်ကောက်ဆိပ်ကမ်းတွင် ၁၅,၀၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံတွင် ၁၇,၀၀၀ ကျော်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

TCNJ

# ယခုလအတွင်း ရန်ကုန်မြို့ပတ်ဘတ်စ်ကားလိုင်း စတင်ပြေးဆွဲမည်



ရန်ကုန်မြို့ပတ် ဘတ်စ်ကားလိုင်းတစ်လိုင်းကို ယခုလအတွင်းစတင်ပြေးဆွဲရန်ရှိကြောင်း ရန်ကုန်မြို့တော်သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) သိရသည်။ အဆိုပါ မြို့ပတ်ဘတ်စ်ကားပြေးဆွဲရန် ကုမ္ပဏီတစ်ခုက တင်ပြထားပြီး ယခုလအတွင်း စတင်ပြေးဆွဲနိုင်ဖွယ်ရှိသည်ဟု ၎င်းက ဆိုသည်။

“မြို့ပတ်ရထားလိုမျိုး မြို့ပတ်ကားကို ပြေးဆွဲဖို့လုပ်နေတယ်။ Scania ကားတွေနဲ့ဆွဲမှာပါ။ သူတို့ဘက်က တင်ပြထားပြီးပြီ။ စိစစ်ဖို့လုပ်နေတယ်” ဟု ဒေါက်တာမောင်အောင်ကပြောသည်။

ယင်းဘတ်စ်ကားပြေးဆွဲမည့် လမ်းကြောင်းမှာ အောင်မင်္ဂလာအဝေးပြေးမှ သုဓမ္မာလမ်း–ကမ္ဘာအေးဘုရားလမ်း–ပါရမီလမ်း–သံသုမာလမ်း–သွားဆေးတက္ကသိုလ်–သုဝဏ္ဏလမ်းဆုံ–အထက်ပုဇွန်တောင်လမ်း–ဗိုလ်တထောင်ဘုရားလမ်း–ကမ်းနားလမ်း–သခင်မြပန်းခြံ–ကြည့်မြင်တိုင်ကမ်းနားလမ်း–ဘုရင့်နောင်လမ်း–အောက်မင်္ဂလာဒုံလမ်း–ခရေပင်လမ်းခွဲ–အမှတ်(၃)လမ်းဆုံမှ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ ပြန်လည်ဝင်ရောက်ရန် ခန့်မှန်းထားကြောင်း YRTA တာဝန်ရှိသူတစ်ဦးကပြောသည်။

အောင်မင်္ဂလာအဝေးပြေးဂိတ်က စတင်ပြေးဆွဲမည့် ယင်းမြို့ပတ်ကားကို အစီးရေ ၅၀ ဖြင့်စ၍ ပြေးဆွဲမည်ဖြစ်ပြီး ခရီးစဉ်တစ်ပတ်လျှင် ကျပ် ၁,၀၀၀ နှင့် ခရီးစဉ်တစ်ခြမ်း ကျပ် ၅၀၀ ကျသင့်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

TCNJ

# ယဉ်သက်တမ်းတိုးရေးလုပ်ငန်းအား ဖြေလျှော့မှုများဆောင်ရွက်လျက်ရှိ

မော်တော်ဆိုင်ကယ်များကို စနစ်သစ်ဖြင့် မြန်မာအက္ခရာမှ အင်္ဂလိပ်အက္ခရာသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလကုန်အထိ အင်္ဂလိပ်အက္ခရာ ပြောင်းလဲဆောင်ရွက်ပေးခဲ့ပြီးသည့် ယာဉ်စီးရေ (၇၆၀၀၀)ကျော်၊ သုံးဘီး (၂၇၀၀)ကျော်၊ ထရော်လာဂျီ (၇၀၀)ကျော်ရှိပြီး မော်တော်ယာဉ်မှတ်ပုံတင် ဖောင်းကြွနံပါတ်ပြားများကို မြန်မာအက္ခရာမှ အင်္ဂလိပ်အက္ခရာသို့ ကနဦး/သက်တမ်းတိုးလာရောက်ဆောင်ရွက်သောယာဉ်များကို ပြောင်းလဲဆောင်ရွက်ပေးလျက်ရှိသည်။

မော်တော်ဆိုင်ကယ်နံပါတ်ပြားကို အင်္ဂလိပ်အက္ခရာသို့ ပြောင်းလဲဆောင်ရွက်လိုသူများသည် သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ မသွားရောက်နိုင်ပါက နီးစပ်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ဆောင်ရွက်နိုင်ကြောင်းသိရှိရသည်။

သက်တမ်းတိုးရမည့် အချိန်တွင် ခရီးလွန်နေခြင်း၊ မူလမှတ်ပုံတင်ရုံးများသို့ သွားရောက်စစ်ဆေးခံရန် အခက်အခဲရှိပါက ယာဉ်ပိုင်ရှင်များအဆင်ပြေစေရေး၊ မှတ်ပုံတင်သက်တမ်းပြတ်ယာဉ်မဖြစ်စေရေးတို့အတွက် ယာဉ်ကြောကြပ်တည်းပိတ်ဆို့မှုများပြားသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုံးများနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ (မန္တလေးမြောက်ပိုင်း) ရုံးများလွဲ၍ ကျန်ပြည်နယ်/ တိုင်းဒေသကြီး/ တွဲဖက်ပြည်နယ်ရုံး/ ပြည်နယ်ရုံးခွဲ/ခရိုင်ရုံးများတွင် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်နိုင်ကြောင်းသိရသည်။

“ခရီးလွန်စစ်ဆေးခွင့် (၂)ကြိမ်သာ ဆောင်ရွက်ပြီးပါက မူလရုံးတွင် (၁)ကြိမ် မပျက်မကွက်ယာဉ်စစ်ဆေးခံရပါမယ်။ ခရီးလွန်စစ်ဆေးခွင့်ပြုတဲ့ယာဉ်တွေမှာ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နဲ့ ထရော်လာဂျီယာဉ်တွေပါဝင်ပါတယ်.။ စက်ယန္တယားများကိုတော့ ခရီးလွန်ယာဉ်စစ်ဆေးခြင်းကို ခွင့်မပြုပါဘူး၊ မူလရုံးတွင်သာ စစ်ဆေးခြင်း၊ သက်တမ်းတိုးခြင်းများ ဆောင်ရွက်ရမှာဖြစ်ပါတယ်” ဟု ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူကပြောသည်။

ဝါဖလေ



# မြန်မာ့မီးရထားဝန်ဆောင်မှု အရည်အသွေးတိုးတက်ရန် အလုပ်ရုံဆွေးနွေးပွဲကျင်းပ





မြန်မာ့မီးရထားဝန်ဆောင်မှု အရည်အသွေးတိုးတက်ရန် မြန်မာ့မီးရထားနှင့် JICA ကို ပူးပေါင်း၍အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ (၇)ရက်မှ (၈)ရက်အထိ မြန်မာ့မီးရထား အောက်မြန်မာပြည် (ရန်ကုန်)ရုံးအစည်းအဝေးခန်းမ၌ နှစ်ရက်တာကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာဦးထွန်းအောင်သင်း အောက်(မြန်မာပြည်) ဦးတင့်ဝေ (ဒုတိယအထွေထွေမန်နေဂျာ သွားလာရေး) Mr. Mitsuo HIGASH (Director JICA) နှင့် တာဝန်ရှိသူများ၊ တိုင်းအမှတ် (၆) (၇)မှ ကြီးကြပ်ရေးဝန်ထမ်းများ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆွေးနွေးပွဲတွင် "အထူးသဖြင့် မြန်မာ့မီးရထားဟာ ပြည်သူလူထုနဲ့ ဆက်ဆံနေရတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေနဲ့ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ Service ပေါ့။ ဒီကိစ္စရပ်ကိုဆွေးနွေးပြီး ဘယ်လိုလုပ်မလဲ။ ကျွန်တော်တို့အဲ့ဟာတွေပြီးတော့ ဆင့်ပွားသင်တန်းတွေ ဆက်လက်ပေးခဲ့ပါတယ်။ ပြည်သူအတွက် အလုပ်အကျွေးပြုသော ဝန်ထမ်းတွေဖြစ်တဲ့အခါမှာ မီးရထားသည် ပြည် သူလူထုခရီးသွားလာတဲ့ပုဂ္ဂိုလ်အားလုံး ဘူတာကိုရောက်လာတဲ့အချိန် လိုရာခရီးရောက်အောင်ဆောင်ရွက်ရပါတယ်။ ဒါကြောင့် ဆောင်ရွက်တဲ့အခါမှာ ပြည်သူလူထုတစ်ယောက်ရထားစီးဖို့လာမယ်။ ဘူတာကိုရောက်မယ်ဆိုရင် ဘယ်လိုဖြည့်ဆည်းပေးရမယ်ဆိုတဲ့ စိတ်နေစိတ်ထားကအစ ကျွန်တော်တို့ရဲ့နည်းဥပဒေနောက်ဆက်တွဲ နည်းဥပဒေတွေမှ ဖော်ပြထားတဲ့အတိုင်း ဝန်ထမ်းများအားလုံး လိုက်နာရမှာဖြစ်ပါတယ်" ဟု မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်း အောက်(မြန်မာပြည်)က ပြောကြားသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၃၅ တက်ရောက်ခဲ့ပြီး မီးရထားဝန်ဆောင်မှု အရည်အသွေးတိုးတက်စေရန်အတွက် JICA မှ ပညာရှင်ဝန်ထမ်းများက စာတွေ့လက်တွေ့ဖြင့် သင်ကြားပို့ချဆွေးနွေးခဲ့ကြသည်။

"မြန်မာ့မီးရထားနဲ့ ပတ်သက်၍ ခရီးသွားဝန်ဆောင်မှုတွေကို ပြီးခဲ့တဲ့သုံးနှစ်လောက်ကစ၍ သင်တန်းလေးတွေ စတင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၇ လနောက်ပိုင်းကနေ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုနဲ့အညီ JICA ကနေ တရားဝင်သင်တန်းတွေ စတင်ခဲ့ပါတယ်။ ဝန်ဆောင်မှုနဲ့ ပတ်သက်၍ အဓိကတော့အပြုံးနဲ့ နှုတ်ဆက်မှုလေးတွေကို နေ့စဉ်သွားလာမှုတွေနဲ့ ထဲထဲဝင်ဝင်လုပ်ပေးသင့်ပါတယ်" ဟု Mr. Mitsuo HIGASH (Director JICA) ကပြောသည်။

ဆက်လက်၍ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် JICA မှ တာဝန်ရှိသူများပူးပေါင်း၍ ရန်ကုန်ဘူတာကြီးမှ ခရီးထွက်ခွာမည့်ခရီးသည်များအား မြန်မာ့မီးရထားဝန်ဆောင်မှုအပိုင်းများပတ်သက်သည့် အချက်အလက်များကို မေးမြန်းစစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘုန်းပိုင်ဦး/TZ

# ယာဉ်မောင်းနည်းပြ အသိအမှတ်ပြုသင်တန်း အမှတ်စဉ် (၆/၂၀၁၉)သင်တန်းဆင်းပွဲကျင်းပ


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမ၌ ဖေဖော်ဝါရီ (၈)ရက်၊ နံနက်ပိုင်းက မော်တော်ယာဉ်သင်တန်းဌာနခွဲမှ ဖွင့်လှစ်သည့် ယာဉ်မောင်းနည်းပြ အသိအမှတ်ပြု သင်တန်းအမှတ်စဉ် (၆/၂၀၁၉) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးမင်းချစ်ဦးက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။

ယခုသင်တန်းတွင် ကုန်းလမ်းပို့ဆောင်ရေးဌာနမှ ဝန်ထမ်း (၃၀)ဦး တက်ရောက်အောင်မြင်ခဲ့ပြီး၊ ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်က ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှပေးအပ်သည့် သင်တန်းဆင်းအောင်လက်မှတ်များနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှပေးအပ်သည့် ယာဉ်မောင်းနည်းပြ အသိအမှတ်ပြုလက်မှတ်များအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် သင်တန်းဆင်း သင်တန်းသားများကို ကျောင်းအုပ်ကြီးမှ လိုက်လံနှုတ်ဆက်ပြီး အားပေးစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

လှမျိုး- (ဆ.သ.ရ)



# စွမ်းအင် ခွန်အားနှင့် နှလုံးသား တစ်သားတည်းကျပါစေ

အိမ်စည်၊ စိတ်ထက်၊ ဘုန်းပိုင်ဦး

၇၂ နှစ်မြောက် ပြည်ထောင်စုနေ့သို့ပင်ရောက်ရှိလာခဲ့ပြီ။ ပြည်ထောင်စုနေ့ဆိုတော့ မိမိတို့ပြည်ထောင်စုအတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများကိုမြင်ယောင်မိပါသည်။ ပြီးခဲ့သည့်ရက်များအတွင်းကလည်း ထိုသို့သောပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို တစ်စုတစ်ဝေးတည်းမြင်ခဲ့ကြရပါသည်။ ထိုနေ့ကား "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" (Myanmar Ethnics Culture Fest) တွင်ဖြစ်သည်။ အဆိုပါပွဲတော်ကို ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံတွင် ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ခြောက်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းပင်ဖြစ်သည်။

ပွဲတော်သည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးတို့ကို အခြေခံဖွဲ့စည်းထားသော မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပခြင်းဖြစ်သည်။ ပွဲတော်အတွင်း တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး၏ မတူကွဲပြားပြီးထူးခြားသော ရိုးရာယဉ်ကျေးမှုလေ့ထုံးစံများကို တွေ့မြင်ကြရသည်။ ထိုအဖြူအနီအပြာအဝါဆိုသည့် မတူကွဲပြားသည့် အရောင်အသွေးများဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရိုးရာဝတ်စားဆင်ယင်မှုများကို တွေ့မြင်ရသည်။ သို့သော် ဝတ်စားဆင်ယင်မှုအရောင်အသွေး၊ ရေမြေတောတောင်၊ အသားအရောင်နှင့် ဘာသာစကားတို့မည်သို့ပင်ကွဲပြားကြစေကာမူ သူတို့အပြုံး သူတို့အရယ်သည် အားလုံးနှင့်တစ်သားတည်းဖြစ်သည်။

ကချင်ကချင်ဝတ်စုံ။ ကချင်အစားအသောက်။ ကချင်ရိုးရာအိမ်နှင့် ကချင်ခေါင်ရည်လည်းရနိုင်သည်။ ကချင်မနောတိုင်ကိုလည်း တွေ့မြင်နိုင်သည်။ ကချင်အပျိုချောအစ်ကိုချောတို့နှင့်လည်းတွဲ၍ ဓာတ်ပုံရိုက်နိုင်သည်။ ပွဲတော်အတွင်း လာရောက်လည်ပတ်ကြသူတို့နှင့် ကချင်တိုင်းရင်းသားတို့မှာတစ်သားတည်း။ ထို့အတူကယားတို့သည်လည်း ကယား၊ ကရင်သည်လည်းကရင်၊ မွန်သည်လည်းမွန် စသည်ဖြင့်တိုင်းရင်းသား အားလုံးသည် ပွဲတော်ဝန်းအတွင်း တစ်သားတည်းဖြစ်တည်၍နေသည်။ ဤသည်ကပင် ပြည်ထောင်စုဆိုသည့် အနှစ်သာရပင်ဖြစ်လေသည်။

## ပြည်ထောင်စုနေ့ဟူသည်

မြန်မာ့သမိုင်းတစ်လျှောက်လုံး၌ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းမင်းတရား ဤမင်းသုံးပါးလက်ထက်တွင်သာမြန်မာတစ်နိုင်ငံလုံး တစ်ပေါင်းတစ်စည်းတည်းရှိခဲ့ကြသည်။ ဗြိတိသျှအစိုးရလက်အောက်တွင်မူ တိုင်းရင်းသားများအားခွဲခြားအုပ်ချုပ်ခဲ့သည်။ ဗြိတိသျှတို့၏အုပ်ချုပ်ရေးပရိယာယ်ကြောင့် တိုင်းရင်းသားအချင်းချင်းရင်းရင်းနှီးနှီးမရှိပဲသွေးကွဲမှုပင်ရှိခဲ့သည်။ ဗြိတိသျှတို့လက်အောက်မှ လွတ်မြောက်ရေးကို အနှစ်(၇၀)မျှ ကာလပတ်လုံးအမျိုးမျိုးအဖုံဖုံကြိုးပမ်းရာ၌ လွင်ပြင်သားနှင့် တောင်တန်းသားတို့ တစ်ကြိမ်မျှ ပူးပေါင်းဆောင်ရွက်ခဲ့ဖူးသည်မရှိပေ။သို့သော် ဖက်ဆစ်ဂျပန်ကိုတော်လှန်ကြရာတွင် တိုင်းရင်းသားအားလုံးညီညွတ်ခဲ့သည်။ သွေးစည်းပူးပေါင်း၍ ဂျပန်ကိုတွန်းထုတ်နိုင်ခဲ့သည်။

ဂျပန်တို့လက်အောက်မှ လွတ်မြောက်ပြီးနောက် လွတ်လပ်ရေးကို ဆက်လက်ကြိုးပမ်းသည့်အခါတွင်လည်း လွင်ပြင်သား၊ တောင်တန်းသားမခွဲခြားပဲ တိုင်းရင်းသားပေါင်းစုံသွေးစည်းမှုကို ရှာကြံခဲ့ကြသည်။ လွတ်လပ်ရေးဖခင်ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာ့ခေါင်းဆောင်ကြီးများ၏ကြိုးပမ်းမှုကြောင့် မြန်မာ့လွတ်လပ်ရေးကို မျှော်မှန်းနိုင်သည့်အခါသို့ပင် ဆိုက်ရောက်ခဲ့လေသည်။ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရွှေတိဂုံဘုရားကုန်းတော် အလယ်ပစ္စယံ၌ကျင်းပသော ဖဆပလညီလာခံကြီးက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် တိုင်းရင်းသားအားလုံးလက်တွဲ၍ဆောင်ရွက်ပြီးလျှင် အတူတကွလွတ်လပ်သောပြည်ထောင်စုနိုင်ငံထူထောင်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်အတိုင်းဖြစ်မြောက်နိုင်ရန် မြန်မာခေါင်းဆောင်ကြီးများကြိုးပမ်းခဲ့ကြသည်။

ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းဗဟိုချက်တွင်ရှိသော ပင်လုံမြို့ကလေးတွင် ရှမ်းစော်ဘွားများညီလာခံကို ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာပင် ကျင်းပခဲ့ရာ မြန်မာခေါင်းဆောင်ကြီးများဖြစ်သော သခင်နု၊ ဦးဘဂျမ်းနှင့်မန်းဘခိုင်တို့တက်ရောက်ခဲ့ကြသည်။ ဗြိတိသျှနယ်ချဲ့တို့၏ဝါဒဖြန့်မှုကြောင့် တွေဝေနားယောင်နေသော ရှမ်းအမျိုးသားများအား ပြတ်ပြတ်သားသားရှင်းလင်း ပြောဆိုခဲ့ကြသည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်တော်အဖွဲ့သည် ဗြိတိန်နိုင်ငံသို့ မြန်မာ့လွတ်လပ်ရေးအတွက်သွားရောက်အရေးဆိုကြရာ ပြည်မကြီးရော တောင်တန်းဒေသများပါလွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့ ကြသည်။ ဗြိတိသျှတို့ကမူ ပြည်မကြီးကိုသာ လွတ်လပ်ရေးပေးပြီးလျှင် တောင်တန်းဒေသများကို ဆက်လက်သိမ်းပိုက်ထားရန် အကြံအစည်ရှိခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ကမူ တောင်တန်းဒေသ များမပါသောလွတ်လပ်ရေးသည် မြန်မာနိုင်ငံအတွက် အဓိပ္ပာယ်မရှိသောလွတ်လပ်ရေးဖြစ်သဖြင့် တောင်တန်းဒေသများကို ပြည်မကြီးနှင့်တစ်ပြိုင်တည်း လွတ်လပ်ရေးပေးရန်အရေးဆိုခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် ဗြိတိသျှအစိုးရတို့ ဗိုလပ်၌ဆွေးနွေးနေစဉ် ဗြိတိသျှနယ်ချဲ့တို့က မြန်မာနိုင်ငံ၌တောင်တန်းသားများနှင့် လွင်ပြင်သားများ အစေးမကပ်ကြသယောင် ဝါဒဖြန့်ကြသည်။ ထို့ကြောင့်မြန်မာ့ခေါင်းဆောင်ကြီးများသည် တောင်တန်းဒေသများသို့သွားရောက်ကာ တိုင်းရင်းသားစည်းလုံးရေးကိုဟောပြောလှုံ့ဆော်ခဲ့ကြသည်။

ဗိုလပ်တွင်ဆွေးနွေးလျက်ရှိသော လွတ်လပ်ရေးကိစ္စတွင်ဗြိတိသျှတို့က ပရိယာယ်သုံးကာတောင်တန်းဒေသများက ပြည်မကြီးနှင့် ပူးပေါင်းရန်သဘောတူပါက ပြည်မကြီးရော တောင်တန်းဒေသများပါ တစ်ပြိုင်တည်း လွတ်လပ်ရေးပေးမည်၊ ပြည်မနှင့်တောင်တန်းဒေသများပူးပေါင်းရေးကို တောင်တန်းသားများက ယင်းတို့ဘာသာဆုံးဖြတ်ပါစေဟုပြောဆိုပြီးလျှင် ယင်းသဘောတရပ်သက်ဝင်သော အောင်ဆန်းအက်တလီစာချုပ်ကို ချုပ်ဆိုခဲ့သည်။

ထို့ကြောင့်ပင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ဝင်များသည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ဆိုက်ရောက်လာသည်။ ထို့နောက် ဖေဖော်ဝါရီ ၈ ရက်တွင် ပင်လုံညီလာခံကြီးသို့တက်ရောက်၍ ပြည်မနှင့် တောင်တန်းဒေသပူးပေါင်းရေးကို ဆွေးနွေးကြသည်။ ဖေဖော်ဝါရီ ၁၁ ရက် ညနေတွင် မြန်မာတိုင်းရင်းသားပေါင်းစုံ ညီညွတ်မှုကို ရရှိခဲ့သည်။ နောက်တစ်နေ့ ဖေဖော်ဝါရီလ ၁၂ ရက် နံနက် ၁၀ နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသကိုယ်စားလှယ် (၂၃)ဦးတို့သည် တိုင်းရင်းသားသွေးစည်းမှုအဆောက်အအုံကို တည်ဆောက်ပေးသည့် တောင်တန်းဒေသများက ပြည်မကြီးနှင့်ပူးပေါင်းရန် သဘောတူညီသော ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးကြသည်။ ယင်းသို့တစ်ပြည်ထောင်လုံးရှိ တိုင်းရင်းသားပေါင်းစုံ၏ သွေးစည်းညီညွတ်မှုကိုပြသနိုင်ခဲ့သော ထိုနေ့ကို"ပြည်ထောင်စုနေ့"ဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့သည်မှာ ယနေ့အထိဖြစ်သည်။



## သွေးချင်းတို့ပြောတဲ့ပြည်ထောင်စုနေ့

"သွေးချင်းတို့ရဲ့ပွဲတော်ဆီ"ဗမာပြခန်း၌ တာဝန်ယူထားသည့် ဒေါ်စန္ဒာထွန်းက "ပြည်ထောင်စုနေ့ဆိုတာက အမတို့ငယ်ငယ်လေးထဲက ကြုံလဲကြုံခဲ့တယ်။ အခုပွဲတော်ကြီးလိုပဲသွေးစည်းတယ်လို့ထင်တယ်။ တိုင်းရင်းသားမှန်ရင် အကုန်လုံးပါတယ်လို့ဖြစ်သွားတယ်ပေါ့ ဆိုတော့အရင်ကလည်းပြည်ထောင်စုနေ့ဆိုရင် ဒီလိုပုံစံမျိုးသာလုပ်နိုင်ရင် ခုလဲအသင်းကြီးကရှိနေပြီနောက်ပိုင်း ဒါကြီးကိုသာဆက်လုပ်နိုင်ရင် သိပ်ပြီးပိုကောင်းမယ်။ နောက်ပိုင်းလဲဒီဟာတွေကို ပိုမို၍လုပ်သွားမယ်လို့ထင်ပါတယ်"ဟုဆိုသည်။

သွေးချင်းတို့ရဲ့ပွဲတော်ဆီတွင်"ဝ"ယဉ်ကျေးမှု အဖွဲ့ပြခန်းမှ ဦးအိုင်းရှန်း (Ai Rong) ကလည်း "ပြည်ထောင်စုနေ့ကလည်း ပြန်မလုပ်တာသိပ်မရှိသလို အခုကစပြီးအစိုးရကပြန်လည်ဖော်ဆောင်လာတယ်။ ဒီခင်းကျင်းနေတဲ့"သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ဒီလိုအခင်းအကျင်းတိုင်းပေါ့ ပြည်ထောင်စုနေ့ကို ဒီလိုအနေအထားနဲ့ပြုလုပ်ပေးထားရင်သိပ်ကောင်းမှာပေါ့"သူ၏အမြင်နှင့် သူ၏ဆန္ဒကို ထုတ်ဖော်ပြောဆိုလေသည်။

ခနော်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပြခန်းမှ ကိုဖြိုးမင်းဟန်ကတော့"တောင်ကြီးမှာလုပ်မယ့် ပြည်ထောင်စုနေ့အခမ်းအနားမှာ ကျွန်တော်တို့ယဉ်ကျေးမှုတွေ ပြသမှာဖြစ်ပါတယ်။ ဒီလိုမျိုးပြည်ထောင်စုနေ့ကိုလုပ်ခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေကို ပိုမိုတွေ့မြင်ခံစားမိပါမယ်လို့ပြောချင်ပါတယ်။ ပြည်ထောင်စုနေ့ဆိုတာ ကျွန်တော်နားလည်သလောက်ပြောရရင် တစ်နိုင်ငံလုံးမှာရှိတဲ့တိုင်းရင်းသား ၁၃၅ မျိုးကိုရည်ညွှန်းတယ်လို့ မြင်ပါတယ်"ဟုဆိုပါသည်။

တအောင်းပြခန်းတွင် ကြီးကြပ်သူအဖြစ် တာဝန်ယူထားသည့် တာဝန်ခံကိုဖော်လင်းကတော့ "ပြည်ထောင်စုနေ့လည်း ဒီလိုမျိုးကျင်းပစေချင်တာပေါ့နော်။ တကယ်ဆိုတိုင်းရင်းသားတွေအချင်းချင်း တွေ့ဆုံဆွေးနွေးအမြင်ဖလှယ်ကြတယ်။ ဒီလိုဆိုပိုပြီးရင်းနှီးမှုရမယ်။ ဒါကြောင့်ပြည်ထောင်စုနေ့ကို ပိုပြီးအခုထက်ပိုသေချာလုပ်စေချင်တာပါ။ ဒီလိုမျိုး ပွဲမျိုးများများလုပ်စေချင်တယ်။ ဒီလိုပွဲမျိုးအလားတူ တိုင်းရင်းသားအချင်းချင်း ပိုပြီးထိတွေ့ရင်းနှီးမယ့်ပုံစံမျိုးကိုဖြစ်စေချင်တယ်။ စည်းလုံးမှုလည်း ပိုပြီးရှိလာမယ်။ မတူညီမှုတွေလည်း သိလာမယ်။ တစ်နှစ်တစ်ခေါက်ပဲဖြစ်ဖြစ် ဒီလိုမျိုးစည်းလုံးမှုကိုပိုရစေမယ့် ပွဲမျိုးကိုပိုလုပ်စေချင်ပါတယ်"ဟု "သွေးချင်းတို့ရဲ့ပွဲတော်ဆီ"ကဲ့သို့ပင်ပြည်ထောင်စုနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပပေးစေလိုပြီး တိုင်းရင်းသားအချင်းချင်းချစ်ကြည်ရင်းနှီးစေချင်သည့်ဆန္ဒကိုပြောပြပါသည်။

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအသင်းရန်ကုန်မှ ဒုဥက္ကဌ

စာ - ၂၀






# ခေတ်ဟောင်းအလွမ်းပြေရထား

မြန်မာ့မီးရထားသည် ဝန်ဆောင်မှုများဖြစ်သည့် ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေး ကုန်သေတ္တာရထားများ၊ အမြန်ရထားများနှင့်စီးလုံးဌားရထား ဝန်ဆောင်မှုများကို ပြုလုပ်ပေးလျက်ရှိသည်။ ထိုသို့ပြုလုပ်ပေးရာတွင် ကမ္ဘာလှည့်ခရီးသွားများအတွက်ခရီးသွားဝန်ဆောင်မှုကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏သဘာဝအလှများကို စိတ်ဝင်စားသောခရီးသွားပြည်သူများအတွက် မြန်မာ့မီးရထားနှင့်ခရီးသွားကုမ္ပဏီများအကျိုးတူပူးပေါင်းကာ ဝန်ဆောင်မှုပေးလျက်ရှိသည်။

Tour Mandalay Co.Ltd ၏ညှိနှိုင်းစီစဉ်မှုဖြင့် အင်္ဂလန်နိုင်ငံသား ၁၅ ဦးနှင့်အတူဖေဖော်ဝါရီ (၄) ရက်မှ (၁၇) ရက်အထိရန်ကုန်မြို့မှ ခရီးစဉ်များစတင်ခဲ့သည်။ Tour Mandalay Co,Ltd သည် မြန်မာ့မီးရထားမှရေနွေးငွေ့စက်ခေါင်း (Steam Loco) စက်ခေါင်း ၃ ခေါင်းမှ YC629 ဖြင့်ရန်ကုန်–ပဲခူး ခရီးစဉ်ကိုစတင်ခဲ့သည်။ မြန်မာပြည်၏သဘာဝရှုခင်းများနှင့် ဓလေ့ထုံးစံယဉ်ကျေးမှုများအား ခေတ်ဟောင်းအငွေ့အသက်ရေနွေးငွေ့မီးရထားဖြင့်ပြန်လည် ခံစားရိုက်ကူးကြသည်။

ရန်ကုန် – ပဲခူးခရီးစဉ်ကို ရန်ကုန်ဘူတာကြီး၏ အမှတ်(၁)စင်္ကြံမှ ရေနွေးငွေ့စက်ခေါင်း YC629 (Steam Loco) စက်ခေါင်းအား Upper တွဲချိတ်ကာ ဖေဖော်ဝါရီ (၄) ရက် နံနက် ၈ နာရီ ၃၀ မိနစ်တွင် အင်္ဂလန်နိုင်ငံသား ၁၅ ဦးဖြင့် ခရီးစဉ်ကိုစတင်ထွက်ခွာလာခဲ့သည်။ အဆင့်မြှင့်တင်မှုပြုလုပ်နေသော ရန်ကုန်မြို့ပတ်ရထားလမ်း၊ တိုးကြောင်ကလေး၊ ရွာသာကြီး၊ ဒါးပိန်၊ ဘူတာအဝင်အထွက်ပုံများကို ရေနွေးငွေ့စက်ခေါင်းကြီးမှလွင့်ပျံလာသောဥသြသံနှင့်အတူ မီးခိုးတလူလူလွင့် နေသောပုံရိပ်များသည်လွန်ခဲ့သောနှစ်ပေါင်း ၇၀ ခန့်ကဖြစ်ထွန်းခဲ့သောနည်းပညာပုံရိပ်အား သဘာဝအတိုင်းမြင်တွေ့မှတ်တမ်းတင်နိုင်ခဲ့ကြသည်။

ဤသည်မှာ ရှေးဟောင်းနည်းပညာရေနွေးငွေ့စက်ခေါင်းအားထိန်းသိမ်းတတ်သော မြန်မာ့မီးရထားဝန်ထမ်းများ၏စွမ်းဆောင်မှုကိုခံစားကြရခြင်းဖြစ်သည်။ နေ့လည် ၂ နာရီ ၃၀ မိနစ်တွင် ပဲခူးမြို့သို့ရောက်ရှိရပ်နားသည်။ ဖေဖော်ဝါရီ (၅) ရက် ၈ နာရီ ၃၀ မိနစ်အချိန်တွင် YD967 (Steam Loco)ရေနွေးငွေ့စက်ခေါင်းအား Upper တွဲချိတ်ကာ ကေတုမတီတောင်ငူမြို့သို့ ခရီးဆက်လက်ထွက်ခွာလာခဲ့သည်။ လမ်းခရီး၌တံတားကြီးများအား ဖြတ်သန်းသွားလာမှုများ၊ မြန်မာအလှသဘာဝပုံရိပ်များ၊ ဘူတာရုံများအား မီးခိုးတစ်လူလူလွင့်ပျံနေသောပုံရိပ်များ၏အလှများ မှတ်တမ်းတင်ရိုက်ကူးကြသည်။ ဖေဖော်ဝါရီ (၆) ရက် နံနက် ၈ နာရီအချိန်တွင်တောင်ငူဘူတာစင်္ကြံအမှတ် ၁ မှပျဉ်းမနား/နေပြည်တော်သို့ ဆက်လက်ထွက်ခွာခဲ့သည်။ မြို့လှဘူတာသို့နေ့လည် ၁၁ နာရီ ၄၈ မိနစ် ရောက်ရှိခဲ့ပြီး ခေတ္တရပ်နားကာဆက်လက်ထွက်ခွာခဲ့ပါသည်။ ပျဉ်မနားဘူတာရုံသို့ နေ့လည် ၂ နာရီ ၄၀ မိနစ်အချိန်တွင်ရောက်ရှိသည်။ ဖေဖော်ဝါရီ (၇) ရက်နံနက်ပိုင်း ၈ နာရီအချိန်တွင်ပျဉ်းမနားဘူတာမှဒီဇယ်စက်ခေါင်း DF1255 ဖြင့် Upper တွဲချိတ်ကာ ပုဂံမြို့တော်သို့ ဆက်လက်ခရီးထွက်ခွာခဲ့သည်။ ညအိပ်ရပ်နားခဲ့သည်။ ဖေဖော်ဝါရီ (၈) ရက်တွင် ပုဂံရှေးမြို့တော်မှမန္တလေးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းသို့ကားများဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုများနှင့်ဓလေ့ရိုးရာများကို လက်တွေ့ကျကျမေးမြန်းလည်ပတ်ကာ ခရီးဆက်ကြမည်။ ဖေဖော်ဝါရီ (၁၀) ရက်တွင် နောင်ချို–ဂုတ်ထိပ်–နောင်ပိန်အသွား အပြန်အား RBE-25108 ဖြင့်စီးကာဂုတ်ထိပ်တံတား၏ ရင်သပ်ရှုမောဖွယ်ကောင်းသောရှုခင်းများအားမှတ်တမ်း တင်ရိုက်ကူးကြမည်ဖြစ်သည်။ ဖေဖော်ဝါရီ (၁၃) ရက်တွင် မန္တလေးဘူတာရုံမှ DF1255 (Diesel Loco) ဒီဇယ်စက် ခေါင်းဖြင့်ပဲခူးမြို့သို့ ပြန်လည်ထွက်ခွာညအိပ်ရပ်နားမည်ဖြစ်သည်။ ဖေဖော်ဝါရီ (၁၄) ရက်နံနက် ၈ နာရီအချိန်တွင် YD967 (Steam Loco) ဖြင့်ရာမညတိုင်းသို့ ပဲခူးလမ်းခွဲမှဆက်လက်ခရီးထွက်ခွာမည်ဖြစ်သည်။ စစ်တောင်းတံတား အလှသဘာဝများ၊ မွန်ပြည်နယ်၏လှပသော ရှုခင်းများကိုရေနွေးငွေ့ရထားဖြင့် ခံစားကာမှတ်တမ်းတင်ပုံဖော်ရိုက်ကူးကြမည်ဖြစ်သည်။ သိမ်ဆိပ်ဘူတာရုံ၏ အဝင်ညနေအလှတရားအားရေနွေးငွေ့ရထားဖြင့် မှတ်တမ်းတင်ကာညအိပ်ရပ်နားမည်ဖြစ်သည်။ အဖွဲ့သားများ၏ ၁၂ ရက်မြောက်ခရီးစဉ်အဖြစ် သိမ်ဆိပ်–မုတ္တမ ခရီးစဉ်အားဖေဖော်ဝါရီ (၁၅) ရက်နံနက် ၈ နာရီအချိန်တွင်ဆက်လက်ထွက်ခွာမည်ဖြစ်ပြီး ညနေပိုင်းတွင်မုတ္တမ/မော်လမြိုင်၌ ညအိပ်ရပ်နားမည်ဖြစ်ပါသည်။ ၁၃ ရက်မြောက်နေ့ဖြစ်သည့် ဖေဖော်ဝါရီ (၁၆) ရက်တွင် မော်လမြိုင်မြို့အား လည်ပတ်ကာဒေသထွက် အစားအစာကုန်ပစ္စည်းများနှင့် ဘုရားစေတီပုထိုးများအားလှည့်လည်၍ ကြည့်ရှုမှတ်တမ်းတင်ကြမည်ဖြစ်သည်။ ခရီးစဉ်၏နောက်ဆုံးနေ့အဖြစ် မုတ္တမ/မော်လမြိုင်မှဖင်းကျိုက်သို့ ဖေဖော်ဝါရီ (၁၇) ရက်နံနက် ၈နာရီတွင် YD967 ရေနွေးငွေ့စက်ခေါင်း ဖြင့်ထွက်ခွာပြီး ဖင်းကျိုက်မှရန်ကုန်သို့ဒီဇယ်စက်ခေါင်း DF1255 ဖြင့်ရန်ကုန်သို့ ဆက်လက်ထွက်ခွာကာခရီးစဉ်အား အောင်မြင်စွာ ပြီးဆုံးမည်ဖြစ်ကြောင်းသိရသည်။

ဖိုးသိကြား (မီးရထား)



# တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဆေးရုံစာစစ်ဌာနများ လိုအပ်ပါက တိုးချဲ့ဖွင့်လှစ်မည်

၂၀၁၉ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖွင့်လှစ်နေသောဆေးရုံစာစစ်ဌာနများအခြေအနေအရ လိုအပ်ပါက တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်မတ်လတွင် ကျင်းပမည့်တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကျောင်းသား၊ ကျောင်းသူပေါင်း ကိုးသိန်းနီးပါးမျှဖြေဆိုရန် စာရင်းပေးသွင်းထားပြီး စာစစ်ဌာနစုစုပေါင်း ၁၈၀၀ ခန့်ဖွင့်လှစ်ရန်စီစဉ်ထားကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှသိရသည်။

ယင်းစာစစ်ဌာနများအနက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး မြောက်ဥက္ကလာပဆေးရုံ၊ ဝေဘာဂီဆေးရုံ၊ မန္တလေးဆေးရုံကြီးတို့၌ဖွင့်လှစ်မည့်အပြင် ဖြေဆိုသူများ၏ အခြေအနေပေါ်မူတည်ကာအခြားမြို့များတွင်လည်း ဆေးရုံစာစစ်ဌာနများကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ယင်းဦးစီးဌာနမှသိရသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင်ပုံမှန် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရန်ကုန်နှင့် မန္တလေးတို့မှကျောင်းသား ကျောင်းသူများ၊ စာမေးပွဲမဖြေဆိုမီနှင့် ဖြေဆိုနေစဉ်အတွင်း ဆေးရုံတက်ရောက် ကုသမှုခံယူရမည်ဆိုပါကစာစစ်ဌာန ဖွင့်လှစ်ထားသောဆေးရုံများတွင်ဆေးကုသမှုခံယူရန် လိုအပ်ကြောင်း၊ အခြားမြို့များတွင်စာမေးပွဲမဖြေဆိုမီဆေးရုံတက်ရောက်ကုသမှုခံယူရသည့် ကျောင်းသားများတွင် စာစစ်ဌာနဖွင့်ပေးမည်ဖြစ်ကြောင်း၊ စာမေးပွဲဖြေဆိုနေစဉ်ဆိုပါက စာစစ်ဌာနဖွင့်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

ဘုန်းပိုင်ဦး

# ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ရိုက်နှိပ်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စာချုပ်ချုပ်ဆို

၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များရိုက်နှိပ်ရန် ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ရေးအတွက် စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်ကနေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီတွဲဖက်အတွင်းရေးမှူး (၁) ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအောင်မျိုးမြင့်၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီတွဲဖက်အတွင်းရေးမှူး(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များစုဖွဲ့ထားသည့်မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA)၊ အထက်မြန်မာပြည်ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MRP-PA)၊ Excellent Printers Group (EPG) နှင့်နှစ်သစ်ဦးကုမ္ပဏီတို့မှလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များသည် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များရိုက်နှိပ်ရေး စာချုပ်ချုပ်ဆိုကြခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားတွင်ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းမော်ထွန်းတို့က ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ အရည်အသွေးပြည့်မီရေး၊အချိန်မီပြီးစီးရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားခဲ့ကြကြောင်းသိရသည်။

ES

# ငပလီကမ်းခြေတွင် Rakhine State Investment Fair 2019 ပထမအကြိမ် ကျင်းပပြုလုပ်မည်

ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်ပေးရန်နှင့် ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်များရင်းနှီးမြှုပ်နှံရန်ရည်ရွယ်၍ Rakhine State Investment Fair 2019 ကိုရခိုင်ပြည်နယ် သံတွဲမြို့ငပလီကမ်းခြေ၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ပထမဆုံးအကြိမ်ကျင်းပမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများထံမှသိရသည်။

အဆိုပါ ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲသို့ တက်ရောက်ရန်လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးအစရှိသည့်ကဏ္ဍများကို အဓိကလုပ်ကိုင်နေသောနိုင်ငံခြားကုမ္ပဏီများမှ တာဝန်ရှိသူများတက်ရောက်ရန် စာရင်းပေးသွင်းထားကြောင်းသိရသည်။

Rakhine State Investment Fair 2019 ကိုရခိုင်ပြည်နယ်အစိုးရအဖွဲ့ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ဂျပန်ပြည်ပကုန်သွယ်မှု အဖွဲ့အစည်း (JETRO) နှင့် Myanmar Survey Research Co.,Ltd(MSR) တို့ပူးပေါင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပွဲတော်တွင် ရခိုင်ရိုးရာအကပဒေသာဖျော်ဖြေရေးအစီအစဉ်များ၊ ဌာနဆိုင်ရာများကဏ္ဍအလိုက် ပြခန်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲများ၊ စကားဝိုင်းများနှင့် ငပလီကမ်းခြေရှိရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ၊ အအေးခန်းများ၊ ရေလုပ်ငန်းများနှင့် သံတွဲမြို့ရှိ ပြည်ပပို့ကုန် ရေထွက်ပစ္စည်းလုပ်ငန်းများကို သွားရောက်လေ့လာမည့် အစီအစဉ်များစသည်တို့ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

ဘုန်းပိုင်ဦး

# ကျပ် ၁၀၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး စီမံဆောင်ရွက်သွားမည်


ကျပ် ၁၀၀၀ တန်အောင်ဘာလေထီလက်မှတ်များ ဖြန့်ဖြူးရောင်းချရာတွင်ဈေးကွက်လိုအပ်ချက်နှင့်အညီ ထီအကွာရာလုံးရေအား ရိုက်နှိပ်ဖြန့်ဖြူးခြင်းဖြင့် ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်းက ပြောကြားသည်။

ထီဈေးနှုန်းကြီးမြင့်မှု မရှိစေရေးအတွက် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် လက်ကားဖြန့်ဖြူးသူထီလုပ်ငန်းရှင်များအသင်းအား လစဉ်ပုံမှန်အစည်းအဝေးခေါ်ယူပြီး တိုက်ရိုက်ဝယ်ယူ ရောင်းချသူများအနေဖြင့် ထီလက်မှတ်တွေကို သတ်မှတ်ဈေးနှုန်းအတိုင်းရောင်းချရန်၊ မိမိထီဆိုင်အမည်ဖြင့် ထပ်ဆင့်ရောင်းချသောဆိုင်များကို ဈေးနှုန်းမြင့်မားမှုမရှိစေရေးညှိနှိုင်းကြပ်မတ်ရန်၊ ပင်ရင်းထီဆိုင်များမှ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချသော ထီအရောင်းကားများနှင့် လူစည်ကားရာနေရာများတွင် ရောင်းချပေးရန်တို့ကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကပြောသည်။

ထို့ပြင်စာချုပ်ပါစည်းကမ်းချက်များအားတိကျစွာ လိုက်နာမှုမရှိသော ထီဝယ်ခွင့် လက်ကားလျှောက်ထားသူများနှင့် ဈေးနှုန်းတိုးမြင့်ရောင်းချသည့်လက်ကားဆိုင်ကြီးများ/လက်ခွဲ/လက်လီအရောင်းဆိုင်များကို မြို့နယ်များအလိုက်စိစစ်ဖော်ထုတ်၍ ထီစာအုပ်ဝယ်ယူခွင့် ပိတ်သိမ်းခြင်း၊ စပေါ်ငွေများသိမ်းယူခြင်းစသည့် စီမံခန့်ခွဲမှုနည်းလမ်းများနှင့် အရေးယူကြပ်မတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း ဦးမောင်မောင်ဝင်းကရှင်းလင်းဖြေကြားခဲ့သည်။

လက်ရှိအောင်ဘာလေထီဖြန့်ဖြူးမှုစနစ်အား ပြန်လည်သုံးသပ်ကာ အသစ်ထပ်မံထုတ်ဝေရောင်းချမည့် ကျပ် ၁၀၀၀ တန်အောင်ဘာလေထီလက်မှတ်များ ဖြန့်ဖြူးရောင်းချချိန်တွင်ကြိုတင်မှာကြားချက်၊ ဈေးကွက်လိုအပ်ချက်များနှင့်အညီ ထီအကွာရာအလုံးရေအားမှာကြား ရိုက်နှိပ်ဖြန့်ဖြူးခြင်းဖြင့် ထီဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

စိတ်ထက်




# မဟာဂန္ဓာရုံကျောင်းတိုက်သို့ လာရောက်လေ့လာ ကြည့်ညိုရာတွင် ဧည့်သည်များ လိုက်နာဆောင်ရွက်ရမည့် အချက်များထုတ်ပြန်





မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များလာရောက် လေ့လာကြည်ညိုရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ထုတ်ပြန်လိုက်သည်။

အဆိုပါ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်လေ့လာကြည်ညိုရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ ကျောင်းတိုက်အတွင်း သတ်မှတ်ထားသောနေရာများတွင်သာ လေ့လာကြည်ညိုကြရန်၊ဆွမ်းစားဆောင်၊ သံဃာတော်များနေထိုင်ရာ ကျောင်းဆောင်များအတွင်းသို့ ဝင်ရောက်ခြင်းမပြုရန်၊ ကျောင်းတိုက်အတွင်း မညီသည့်နေရာတွင်မျှခါတ်ပုံ၊ ဗွီဒီယိုမှတ်တမ်းတင်ရိုက်ကူးခြင်းမပြုရန်၊ ကျောင်းတိုက်အတွင်း လှည့်လည်လေ့လာကြည်ညိုစဉ်ဆူညံစွာ အော်ဟစ်ပြောဆိုခြင်းမပြုရန်၊ သံဃာတော်များဆွမ်းဘုန်းပေးနေစဉ် ဆွမ်းစားဆောင်အတွင်းသို့ဝင်ရောက်ခြင်း၊ လှူဒါန်းခြင်းမပြုရန်၊ ဆွမ်းအစရှိသောလှူဖွယ်များလှူဒါန်းလိုပါက ဆွမ်းစားချိန်မတိုင်မီတွင်လည်းကောင်း၊ဆွမ်းစားပြီးချိန်တွင်လည်းကောင်း၊ သီးသန့်လှူဒါန်းနိုင်ရန် ကြိုတင်ဆက်သွယ်ဆောင်ရွက်ရန်၊ အခြားလှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေများလှူဒါန်းလိုပါက အလှူခံဌာနသို့သွားရောက်လှူဒါန်းရန်၊ ကျောင်းတိုက်အတွင်းမညီသည့် နေရာတွင်မျှဆေးလိပ်သောက်ခြင်း၊ အရက်သေစာသောက်စားခြင်းလုံးဝ(လုံးဝ) မပြုလုပ်ရန်၊စသည်ဖြင့်ပြည်တွင်းပြည်ပခရီးသွားများ လိုက်နာဆောင်ရွက်ရန် စည်းကမ်းချက်များ ထုတ်ပြန်ခြင်းဖြစ်သည်။

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ ၊ တိုင်းရင်းသားတို့၏မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကိုကြည့်ရှုလေ့လာသိမြင်ခံစားနိုင်ရန် အတွက် အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့်နယ်စပ်ဝင်ပေါက်များမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ်ဝင်ထွက်သွားလာလည်ပတ်လျက်ရှိသည်။

ES

# Shaw Brothers Pictures International Ltd က ရန်ကုန်မြို့တွင် ရုပ်ရှင်ဇာတ်ကား လာရောက်ရိုက်ကူးမည်

Shaw Brothers Pictures International Ltd ကၡင်းတို့၏ အထူးအောင်မြင်သော Line Walker ရုပ်ရှင်ဇာတ်ကား၏အဆက်ဖြစ်သည့် Line Walker – 2 အတွက်အဓိက ဇာတ်ဝင်ခန်းအချို့ကို ရန်ကုန်မြို့တွင် လာရောက်ရိုက်ကူးရန်စီစဉ်နေသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားရိုက်ကူးနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကိုဖေဖော်ဝါရီ ၅ ရက်ကနေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဟောင်ကောင်၏ အကျော်ကြားဆုံးကုမ္ပဏီဖြစ်သည့် Shaw Brothers Pictures International Ltd အနေဖြင့် နိုင်ငံတကာအဆင့်မီရုပ်ရှင် ဇာတ်ကားရိုက်ကူးခြင်းဖြစ်ရာ နိုင်ငံ၏ပုံရိပ်ကိုပိုမိုမြင့်တင်ပေးနိုင်မည်ဟု မြင်ပါကြောင်း၊ မြန်မာပရိသတ်တို့အဖို့လည်းမြို့ပြများအတွင်း ရုပ်ရှင်ရိုက်ကူးပုံများကို လက်တွေ့ရှုမြင်ရမည်ဖြစ်သည့်အတွက် စိတ်ဝင်စားကြနစ်သက်ကြလိမ့်မည်ဟု မြင်ပါကြောင်း၊ တစ်ဖက်တွင် အများပြည်သူအတွက် အနှောင့်အယှက်၊ အခက်အခဲများ မဖြစ်ပေါ်ရန် ဂရုစိုက်ရမည်ဖြစ်ပါကြောင်း၊ လူမျိုးရေး၊ ဘာသာရေးအရ ထိခိုက်ငြိစွန်းမှုများ မရှိအောင်လည်း အထူးသတိပြုရန် လိုအပ်ပါကြောင်း၊ ရိုက်ကူးရေးအဖွဲ့များဝင်/ထွက်လုပ်ဆောင်မှု၊ လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ၊ ရိုက်ကူးရေးသုံးပစ္စည်းများထုတ်သွင်းပြုလုပ်မှုများကိုစနစ်တကျပြုလုပ်ပေးရန်နှင့် တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးရဲနိုင်က 'Line Walker -2' ဇာတ်ကားရိုက်ကူးရာတွင် ကဏ္ဍအလိုက်ဆောင်ရွက်မည့် အစီအစဉ်များကိုရှင်းလင်းပြောကြားပြီး Yangon Synthesis Productions ကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာဦးမင်းစိုးသီဟနှင့် Shaw Brothers Pictures International Ltd မှ တာဝန်ရှိသူများကရိုက်ကူးရေးအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးဦးအောင်လှထွန်းနှင့် အမြဲတမ်းအတွင်းဝန်ဦးမျိုးမြင့်မောင်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်းသိရသည်။

ES




# မြတ်မေတ္တာမွန် Petrol Terminal Groups ပထမအကြိမ်ကံထူးရှင်ရွေးချယ်ပွဲကျင်းပ

မြတ်မေတ္တာမွန် Terminal Group ၏မိတ်ဖက်ဆီဆိုင်များမှ သုံးစွဲသူများနှင့် မြတ်မေတ္တာမွန်ဆီဆိုင်မှဝယ်ယူသုံးစွဲသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ပထမအကြိမ်ကံထူးရှင်ရွေးချယ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က Lotte Hotel တွင်ကျင်းပပြုလုပ်ခဲ့သည်။

ကံထူးရှင်ရွေးချယ်ပွဲအခမ်းအနားတွင်"ကျွန်တော်တို့မြတ်မေတ္တာမွန်ကုမ္ပဏီကစက်သုံးဆီအရည်အသွေး၊ ပမာဏပြည့်မီအောင် ခေတ်မီစက်ပစ္စည်းအချိန်အတွယ်များနဲ့ သေချာစိစစ်ပြီး မိတ်ဖက်ဆီဆိုင်တွေကိုဖြန့်ဖြူးရောင်းချပါတယ်။ အဲ့ဒါကြောင့် သုံးစွဲသူများက မြတ်မေတ္တာမွန်ဆီဆိုင်များအပြင် မိတ်ဖက်ဆီဆိုင် ၂၃ ဆိုင်က အရည်အသွေးပြည့်ဝတဲ့စက်သုံးဆီများကိုလည်း ယုံကြည်စွာဝယ်ယူသုံးစွဲနိုင်ပါတယ်"ဟုမြတ်မေတ္တာမွန်ကုမ္ပဏီ၏ဒါရိုက်တာဖြစ်သူ ဦးသန်းထိုက်ဝင်းကပြောသည်။

မြတ်မေတ္တာမွန်ဆီဆိုင်များနှင့် မိတ်ဖက်ဆိုင်ကြီးများတွင် တစ်ကြိမ်လျှင်စက်သုံးဆီ တစ်သောင်းဖိုးဝယ်ယူသူတိုင်းကံစမ်းမဲကူပွန်တစ်စောင်ပေးအပ်ခဲ့ပြီး ရွေးချယ်ပွဲတွင်ကားဆုမဲများအား Balloon Machine ဖြင့် ရွေးချယ်ကျော်ငြာခဲ့ပြီး ကျန်ဆုမဲများအား Computerized စနစ်ဖြင့်ရွေးချယ်ခဲ့သည်။ ပထမအကြိမ်ရွေးချယ်ပွဲတွင် ပါဝင်သောကံစမ်းမဲပစ္စည်းများမှာ Ranger Rover Evoque (၁)စီး၊ Toyota Avanza (၁၁)စီး၊ Honda Wave NCX (၃၅)စီး၊ Iphone X (၁၆)လုံး၊ Mi A2 Lite (၆၅၀)လုံးပေးအပ်ခဲ့သည်။

မြတ်မေတ္တာမွန်ကုမ္ပဏီ (MMTM Co.,Ltd) သည် ၂၀၁၁ ခုနှစ်သီလဝါဆိပ်ကမ်းတွင် MMTM Terminal တည်ဆောက်ခဲ့ပြီး ၂၀၁၃ ခုနှစ် MMTM Petrol Terminal Groups ကိုစတင်ဖွင့်လှစ်ခဲ့သည်။ နိုင်ငံခြားမှ အရည်အသွေးပြည့်ဝသောစက်သုံးဆီများကို ဝယ်ယူပြီး မြန်မာနိုင်ငံအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချလျှက်ရှိပြီး မြန်မာနိုင်ငံမှထွက်ရှိသော ပဲအမျိုးမျိုးကိုနိုင်ငံခြားသို့ တင်ပို့ရောင်းချလျှက်ရှိကြောင်း သိရသည်။

ဘုန်းပိုင်ဦး

# မန္တလေးရှိ ရှေးဟောင်းယဉ်ကျေးမှုနေရာများသို့ ပြည်ပဧည့်သည်များလာရောက်မှုမြင့်တက်

မန္တလေးတိုင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နေရာများသို့ ၂၀၁၈ တွင်နိုင်ငံခြားသားခရီးသွားဧည့်သည် ငါးသိန်းခန့်ဝင်ရောက်ခဲ့ပြီး ၂၀၁၇ ထက်နှစ်ဆခန့်မြင့်တင်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးရုံးခွဲကထုတ်ပြန်ထားသည်။

အဆိုပါနေရာများဖြစ်သည့် မန္တလေးတောင်၊ ကုသိုလ်တော်ဘုရား၊ ရွှေကျောင်းကြီး၊ မြနန်းစံကျော်ရွှေနန်းတော်၊ မဟာမုနိဘုရားကြီး၊ ယဉ်ကျေးမှုပြတိုက်၊ မရမ်းခြံဆိပ်ကမ်း၊ ဗားကရာကျောင်းတိုက်၊ အင်းဝရှေးဟောင်းသုတေသနပြတိုက်၊ အင်းဝစက်လှေဆိပ်၊ မယ်နုအုတ်ကျောင်း၊ ဦးပိန်တံတား၊ ပြင်ဦးလွင်မြို့မဈေး၊ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ရွှေကြက်ယက်ဘုရားတို့တွင် ခရီးသွားများလုံခြုံရေးနှင့် ပတ်သက်၍ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေး ရဲတပ်ဖွဲ့(မန္တလေး) လုံခြုံရေးတာဝန်ယူထားသည်။

"အဓိကတော့ ကမ္ဘာလှည့်ခရီးသွားများအတွက် လုံခြုံရေးပဲ။ တချို့ကမ္ဘာလှည့်ခရီးသွားများအတွက် ဒေသခံပြည်သူများကမလိုလားအပ်တဲ့ မှုခင်းတွေနဲ့ နိုင်ငံခြားသားမှဒေသခံပြည်သူများအပေါ် ကျူးလွန်တဲ့မှုခင်းများ မြန်မာနိုင်ငံရဲ့ရိုးရာယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့မဖွယ်ရာတွေကို သက်ဆိုင်ရာ နယ်မြေခံရဲတပ်ဖွဲ့၊ မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်တဲ့လဝက၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ဂေါပကအဖွဲ့လူကြီးများပူးပေါင်းပြီး ဆောင်ရွက်နေတယ်"ဟု ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့ (မန္တလေး) တပ်ဖွဲ့စုမှူးဒုရဲမှူးလှမြင့်ကပြောသည်။

မန္တလေးတိုင်းအတွင်းသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်ဝင်ရောက်မှုသည် ၂၀၁၆ တွင်သုံးသိန်းရှစ်သောင်းကျော် ၂၀၁၇ တွင်လေးသိန်းရှစ်သောင်းခန့်နှင့် ၂၀၁၈ တွင်လေးသိန်းကိုးသောင်းခန့် ဝင်ရောက်ခဲ့ကြောင်းဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးရုံးခွဲကထုတ်ပြန်ထားကြောင်းသိရသည်။

ဘုန်းပိုင်ဦး

# တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ ပထမဆုံးမြန်မာ့ဆင်ပြတိုက်ကို မတ်လဆန်းပိုင်းတွင် ဖွင့်လှစ်မည်

မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်မည့်မြန်မာ့ဆင်ပြတိုက်ကို တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ မတ်လဆန်းပိုင်းတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနတာဝန်ရှိသူ တစ်ဦးထံမှသိရသည်။

အဆိုပါဆင်ပြတိုက်ကို သဘာဝသမိုင်းပြတိုက်နှင့် အဆောက်အအုံတစ်ဆက်တည်းဖြစ်သော ပေ ၈၀ အရှည်ရှိသည့်ခန်းမထဲတွင် ပြသရန် စီစဉ်ထားပြီး စတင်ဖွင့်လှစ်ချိန်မှစ၍ သုံးလအတွင်း အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်သည်။ နောက်ပိုင်းမှသာပြခန်းကို ရေရှည်ထိန်းသိမ်းနိုင်ရန် သင့်လျော်သောနှုန်းထားကိုသာ ထောက်ခံမည်ဖြစ်ကြောင်းသိရသည်။

ထိုဆင်ပြတိုက်ကိုမတ်လဆန်းပိုင်းတွင်ဖွင့်ရန်စီစဉ်ထားပြီး ပြကွက်များ စုံစုံလင်လင်ထည့်သွင်းထားကြောင်း။ ပြတိုက်ဝင်ဝင်ချင်းနေရာ၌ ကမ္ဘာဦးကတည်းက ဆင်တွေအဆင့်ဆင့်ပြောင်းလဲလာသော ရုပ်ပုံကားချပ်များအာရှဆင်အမျိုးအစားနှင့် အာဖရိကဆင်အမျိုးအစားများကို လာရောက်ကြည့်ရှုသူများစိတ်ဝင်စားရန် ဆင်များ၏ခြေရာခွက်၊ ဆင်အမကြီးများ၏ခြေရာခွက်၊ ဆင်လေးများ၏ခြေရာခွက်လေးများကို ဖန်တီးထားပြီးစနစ်တကျဖြင့်တောဆင်ရိုင်းများကို ဖမ်းပြီးလေ့ကျင့်ပျိုးထောင်နည်းများ၊ ရှေးယခင်ထဲက စစ်ချီတက်ရာတွင်လည်းဆင်များကိုအသုံးပြုခဲ့ပုံ၊ ယခုခေတ်၌ဆင်များကို သစ်ထုတ်တဲ့လုပ်ငန်းများတွင်လည်းသုံးကြောင်း၊ ဆင်များ၏ အသုံးဝင်ပုံများကိုလည်း ပြသထားကြောင်းၡင်းကဆိုသည်။

အဆိုပါဆင်ပြတိုက်ကို ဖွင့်လှစ်ရန်သစ်တောဦးစီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် WCS နှင့်တခြားမိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ကြပြီးကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ (WWF) မှအဓိကပံ့ပိုးကူညီပေးကာ ဆင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အသုံးပြုသည့်ပစ္စည်းများကိုလည်း ပံ့ပိုးကူညီမည်ဖြစ်ကြောင်းသိရသည်။

စိတ်ထက်

# ပြင်သစ်ပညာရှင်များနှင့် ပူးပေါင်း၍ သံခေတ်ယဉ်ကျေးမှု အခြေအနေများ သုတေသနပြုလုပ်



သုတေသနလုပ်ငန်းများကို ပြင်သစ်နိုင်ငံ Archaeomatallurgist, C.N.R.S, မှ ရှေးဟောင်းသုတေသနပညာရှင်အဖွဲ့၊ မန္တလေးတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့ရှိ ရှေးဟောင်းသုတေသနပညာဌာနမှ ဆရာ၊ ဆရာမများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံ)ရုံးခွဲမှ တာဝန်ရှိသူများ ပူးပေါင်းကာ ဖေဖော်ဝါရီ (၄)ရက်မှ မတ်လ (၁)ရက်အထိ ဇီးအိုကျေးရွာတွင် ပြုလုပ်နေသည်။

ပြင်သစ်ရှေးဟောင်း သုတေသနပညာရှင်များနှင့် ပြည်တွင်းပညာရှင်များပူးပေါင်းကာ ညောင်ဦးမြို့နယ် ဇီးအိုကျေးရွာတွင် သံခေတ်ယဉ်ကျေးမှုကာလ အခြေအနေများကိုတစ်လကြာ သုတေသနပြုလုပ်မည်ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံ)ရုံးခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက ပြောသည်။ "စလုပ်တာကလည်းရက်ပိုင်းပဲ ရှိပါသေးတယ်။ ဒီနေရာကလည်း အခုမှပထမဆုံးစပြီး သုတေသနလုပ်တာဖြစ်တဲ့အတွက် အချက်အလက်တွေကိုတော့ သေချာမသိရသေးပါဘူး"ဟု ဦးမြင့်သန်းက ပြောသည်။

မြန်မာနိုင်ငံတွင် ကျောက်ခေတ်၊ ကြေးခေတ်နှင့်သံခေတ်ဟူ၍ ယဉ်ကျေးမှုကာလများ ထွန်းကားခဲ့သည်။ ဇီးအိုကျေးရွာတွင် သံခေတ်နှင့်ပတ်သက်သည့် ယဉ်ကျေးမှုများရှိနေသည်ဟုယူဆသဖြင့် သိပ္ပံနည်းကျတွက်ချက်လေ့လာမှုများပြုလုပ်ရန် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဦးမြင့်သန်းကဆိုသည်။

လက်ရှိတွင် မန္တလေးတိုင်းစမုံမြစ်ဝှမ်းရှိ သံခေတ်ယဉ်ကျေးမှုများ၊ စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်ညောင်ကန်ဒေသရှိ ကျောက်ခေတ်ယဉ်ကျေးမှုများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဟန်လင်းဒေသတွင် ကျောက်ခေတ်၊ ကြေးခေတ်နှင့်သံခေတ်တို့၏ အထောက်အထားများကို သုတေသနလုပ်ငန်းများ ဆောင်ရွက်နေသည်။

ပြင်သစ်နိုင်ငံ C.N.R.S မှ ရှေးဟောင်းသုတေသနပညာရှင် အဖွဲ့သည် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ပူးပေါင်းကာ ၂၀၀၁ က စတင်၍ ကျောက်ခေတ်၊ ကြေးခေတ်နှင့်သံခေတ်ဆိုင်ရာ တူးဖော်ခြင်းလုပ်ငန်းများကို နှစ်စဉ်ပူးပေါင်းဆောင်ရွက်နေပြီး ယခုပူးပေါင်းဆောင်ရွက်မှုလည်း တစ်ခုအပါအဝင်ဖြစ်သည်။ TCNJ

# MPT ၏ FTTH နှင့် ADSL မှတ်ပုံတင်ထားသည့် မိုဘိုင်း(လ်)ဆင်းမ်များအပေါ် ထပ်ဆောင်းအကျိုးအမြတ်များ ခံစားနိုင်မည့် အစီအစဉ်အသစ်မိတ်ဆက်

FTTH ဖိုက်ဘာအင်တာနက်ဝန်ဆောင်မှု အသုံးပြုသူများအတွက် ၎င်းတို့၏ MPT မိုဘိုင်း(လ်)ဆင်းမ်များအပေါ် ထပ်ဆောင်းဒေတာများသာမက MPT အချင်းချင်း ဖုန်းခေါ်ဆိုခွင့်နှင့် စာတိုပေးပို့ခွင့်အစရှိသည့် ပူးတွဲဝန်ဆောင်မှုအစီအစဉ်ကို ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ရယူနိုင်ကြောင်း ထုတ်ပြန်ကြေညာထားသည်။ MPT ၏ Fixed အင်တာနက်သုံးစွဲသူများအတွက် တစ်နိုင်ငံလုံး ဖြန့်ကြက်ထားနိုင်သည့် မြန်နှုန်းမြင့် 3G/LTE+ ကွန် ရက်သုံး၎င်းတို့၏ MPT မိုဘိုင်း(လ်)ဖုန်းများအတွက်ပါ ထပ်ဆောင်းအကျိုး ကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

မိုဘိုင်း(လ်)ဖုန်းများအတွက် အကျိုးခံစားခွင့်များကို လစဉ်လတိုင်း ၁၅ ရက်တွင် မှတ်ပုံတင်ထားသည့် MPT ဖုန်းများအတွင်းသို့ ပေးပို့သွားမည်ဖြစ်ပြီး အဆိုပါ ကာလအတွင်း Fixed အင်တာနက်လိုင်းများမှ လက်ရှိအသုံးပြုနေဆဲ (သို့) သက်တမ်းကုန်ဆုံးမနေရန် လိုအပ်ပါသည်။ မိုဘိုင်းလ်ဖုန်းအတွင်း ရရှိမည့် အကျိုးအမြတ်များမှာ ကပ်လျက်လ၏ ၁၄ ရက်တိုင်းတွင် သက်တမ်းကုန်မည်ဖြစ်ပြီး ရွှေစကား၊ ရှယ်ပြောနှင့် ဆွေသဟာအစီအစဉ်များရယူထားသည့် မည်သည့် MPT သုံးစွဲသူများအတွက်မဆို အကျုံးဝင်မည်ဖြစ်သည်။

"မြန်မာနိုင်ငံရဲ့ ဦးဆောင်ဆက်သွယ်ရေး အော်ပရေတာတစ်ခုအနေနဲ့ Fixed အင်တာနက်ဝန်ဆောင်မှုရော မိုဘိုင်း(လ်)ဝန်ဆောင်မှု နှစ်မျိုးလုံးကို ရယူအသုံးပြုနေကြတဲ့ သုံးစွဲသူတွေအတွက် အကျိုးခံစားခွင့်တွေ ပိုပြီးရရှိအောင် စီစဉ်ပေးထားတာဖြစ်ပါတယ်။ ဒ့ါအပြင် ဖိုက်ဘာအင်တာနက် FTTH အသုံးပြုနိုင်မယ့် ဒေသတွေကို တိုးချဲ့လာနေသလို အခုဆိုသုံးစွဲသူတွေအတွက် တကယ့်ကို မြန်ဆန်တဲ့ Fixed အင်တာနက်ဝန်ဆောင်မှုတွေပေးအပ်နိုင်နေပါပြီ။ ဒီအစီအစဉ်ဟာ MPT ရဲ့ သုံးစွဲသူတွေကို ဘယ်သူတွေနဲ့မှမတူတဲ့ ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ Fixed အင်တာနက်ဝန်ဆောင်မှုနဲ့ Mobile ဝန်ဆောင်မှုကို ပူးတွဲဝန်ဆောင်မှုတစ်ခုအနေနဲ့ စီစဉ်ပေးထားတာလည်းဖြစ်ပါတယ်" ဟု MPT-KSGM Joint Operations ၏ စီးပွားရေးဌာနကြီးမှ အရာရှိချုပ် Mr.Reizo Umeda က ပြောသည်။



MPT ၏ Fixed Internet နှင့် Mobile Bundle ဝန်ဆောင်မှုနှင့်ပတ်သက်သော သတ်မှတ်ချက်များနှင့် FTTH နှင့် ADSL ရရှိနိုင်သည့် နေရာများအကြောင်း သိရှိလိုပါက ဖုန်းနံပါတ် ၁၀၆ သို့ ခေါ်ဆို၍လည်းကောင်း၊ MPT ၏ တရားဝင်ဝက်ဘ်ဆိုက်ဖြစ်သော www.mpt.com.mm သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ထို့အပြင် MPT ၏ တရားဝင်ဖေ့စ်ဘွတ်စာမျက်နှာ www.facebook.com/mptofficialpage တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

လှမျိုး/စိတ်ထက်

# Vikram Sinha အား အူရီဒူးမြန်မာ၏ ဘုတ်အဖွဲ့ဝင်အဖြစ်နှင့် အူရီဒူးဆင်ဒိုဆက် CEO အကြံပေးပုဂ္ဂိုလ်အဖြစ် တိုးမြှင့်ခန့်အပ်

Ticker ORDS မှ Mr.Vikram Sinha ကို အင်ဒိုနီးရှားနိုင်ငံရှိ အူရီဒူးဆင်ဒိုဆက် CEO ၏ အကြံပေးပုဂ္ဂိုလ်အဖြစ်နှင့် အူရီဒူးမြန်မာ၏ ဘုတ်အဖွဲ့ဝင်အဖြစ် တိုးမြှင့်ခန့်အပ်လိုက်ကြောင်း ဖေဖော်ဝါရီလ ၅ ရက်က ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

Mr.Vikram သည် အူရီဒူး၌ ၂၀၁၄ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ပြီး ခေါင်းဆောင်မှု စွမ်းရည်ကောင်းများနှင့် စီးပွားရေးမဟာဗျူဟာကောင်းများ ချမှတ်နိုင်ခြင်းစသည့် အရည်အချင်းများကြောင့် အူရီဒူးမော်လဒိုက် ထို့နောက် အူရီဒူးမြန်မာတို့တွင် CEO အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး လုပ်ငန်းတွင် အောင်မြင်မှုများစွာရရှိခဲ့ကြောင်းလည်း သိရသည်။

ဆက်လက်၍ အူရီဒူး Group ၏ CEO ဖြစ်သူ HE.Sheikh Saud-bin Nasser AL Thani က အူရီဒူးကုမ္ပဏီနှစ်စဉ်အောင်မြင်မှုတွေ ရရှိဖို့ ကြိုးစားအားထုတ်မှုတွေကို ကျေးဇူးတင်ကြောင်း ဘုတ်အဖွဲ့အမှုဆောင်အရာရှိများကိုယ်စား ပြောကြားခဲ့သည်။

ထို့နောက် Mr.Vikram Sinha က အူရီဒူးအင်ဒိုဆင် CEO ရဲ့ အကြံပေးပုဂ္ဂိုလ်အနေနဲ့ စိန်ခေါ်မှုအသစ်တွေကို ရယူပြီး၊ ရည်မှန်းချက်ပန်းတိုင်သစ်တွေကို အောင်မြင်အောင်လုပ်ဆောင်ပေးနိုင်ရေးအတွက် စိတ်လှုပ်ရှားမိကြောင်း ပြောကြားခဲ့သည်။

အူရီဒူးမြန်မာတွင် CEO အသစ်ခန့်အပ်ရန် ကြော်ငြာချက်မထုတ်ပြန်မီ အချိန်အတွင်း Mr.Alok Verma အား Acting CEO အဖြစ် ခန့်အပ်ထားရှိပြီး အူရီဒူးမြန်မာတွင် CEO အဖြစ် ကုမ္ပဏီတိုးတက်ပြောင်းလဲရေး လုပ်ငန်းများကို အောင်မြင်မှုရရှိအောင် ဆောင်ရွက်ပေးမည့် သူတစ်ဦးဖြစ်ကြောင်းလည်းသိရှိရသည်။

လှမျိုး - ဆ.သ.ရ



# Mytel မှ နိုင်ငံတစ်ဝှမ်းရှိ ဖြန့်ချိသူများအား ကျေးဇူးတုံ့ပြန်ခြင်း အခမ်းအနားဖြင့် ဂုဏ်ပြု

Mytel သည် သုံးစွဲသူ ၁၀ သန်းအထိ ရောက်ရှိရန် ရည်ရွယ်ချက်အား နိုင်ငံတစ်ဝှမ်းရှိ ဖြန့်ချိသူများ ဖြန့်ချိရေးကွန်ရက် စွမ်းဆောင်ရည်မြှင့်တင်ရန် ကျေးဇူးတုံ့ပြန်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က ပြုလုပ်ခဲ့သည်။

"လွန်ခဲ့တဲ့ ၆ လလောက်က ကျွန်တော်တို့ရဲ့ ပန်းတိုင်တစ်ခုဖြစ်တဲ့ သုံးစွဲသူ ၅ သန်းအထိ ရှိဖို့ဆိုတဲ့ထဲမှာ ဖြန့်ချိရေးကွန်ရက်ရဲ့ လုပ်ဆောင်ချက်ကလည်း အဓိကကျတဲ့အရာတစ်ခုဖြစ်ခဲ့ပါတယ်။ ဇန်နဝါရီတစ်လလုံးမှာဆိုရင် နိုင်ငံတစ်ဝန်းမှာရှိတဲ့ ဖြန့်ချိသူတွေအားလုံးရဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုတဲ့အနေနဲ့ ကျေးဇူးတုံ့ပြန်ခြင်း အခမ်းအနားပြုလုပ်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဖြန့်ချိသူတွေကို အစဉ်အဆက်ပံ့ပိုးပြီး ဒီနှစ်ရဲ့ သုံးစွဲသူအရေအတွက် တိုးတက်ဖို့ပန်းတိုင်ကို ရောက်ရှိအောင် အတူတူလုပ်ဆောင်သွားမယ် ဆိုတာကိုအသိပေးချင်တဲ့ ရည်ရွယ်ချက်လည်းပါပါတယ်" ဟု Mytel ၏ ပြင်ပဆက်ဆံရေးအမှုဆောင်အရာရှိချုပ် ဦးဇော်မင်းဦးက ဆိုသည်။ "ကျွန်တော်တို့ရဲ့ အံ့ဩဖွယ်ရာ သက်သာတဲ့ဈေးနှုန်းတွေနဲ့ ခိုင်မာမှုရှိပြီး နိုင်ငံတစ်ဝှမ်း လွှမ်းခြုံထားတဲ့ 4G ကွန်ရက်နဲ့ ဆက်သွယ်ရေးလုပ်ငန်းကို ရှေ့ဆက်သွားမှာဖြစ်တဲ့အတွက် ဖြန့်ချိသူများကို စိတ်ချရအောင် အမြဲဂရုစိုက်ပေးကြောင်း ပြောကြားခဲ့သည်။ အခမ်းအနားတွင် ဖြန့်ချိသူများအား ကျေးဇူးတုံ့ပြန်ခြင်းအသိမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ပြီး ကံစမ်းမဲအစီအစဉ်နှင့် ကျေးဇူးတုံ့ပြန်ခဲ့ကြောင်းသိရသည်။ Mytel နဲ့ ပျော်ပျော်ရွှင်ရွှင် လက်တွဲလုပ်ဆောင်ပြီး ကျေးဇူးတုံ့ပြန်တဲ့အစီအစဉ်မှာ ပါဝင်ခွင့်ရတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာမိပါတယ်။ ရှေ့ဆက်ပြီးလဲ Mytel နဲ့အတူ အနာဂါတ်ပန်းတိုင်များကို အောင်မြင်စွာဖြတ်သန်းသွားမှာပါလို့ ဂုဏ်ယူစွာ ပြောကြားချင်ပါတယ်" ဟု ဗန်းမော်ခရိုင်ရှိ အသိမှတ်ပြုထားသော ဖြန့်ချိသူ ဦးရဲမင်းကျော်မှ ပြောကြားခဲ့သည်။

ဆက်လက်၍ Mytel က အဆန်းသစ်ဆုံးဝန်ဆောင်မှုများကို အသက်သာဆုံးဈေးနှုန်းတွေနဲ့ ဈေးကွက်ထဲမှာ ဝန်ဆောင်မှုပေးရုံသာမက ကျွန်တော်ရဲ့ ဝန်ဆောင်မှုနဲ့ ထုတ်ကုန်များကို သုံးစွဲသူတွေဆီလက်ဆင့်ကမ်းပေးတဲ့ ဖြန့်ချိသူများကိုလည်း အမြဲဂရုစိုက်ပေးပြီး အခုလိုဝန်ဆောင်မှုတွေပြန်ပေးတဲ့အတွက်လဲ ကျေးဇူးတင်ပါတယ်" ဟု ဦးဇော်မင်းဦးက ပြောကြားသည်။

Mytel အနေဖြင့် ခေတ်မီဆန်းသစ်ပြီး စိတ်လှုပ်ရှားစရာကောင်းသော ဝန်ဆောင်မှု၊ အိမ်မက်အနာဂတ်များ တည်ဆောက်သွားနိုင်ရန် နည်းပညာများမှတစ်ဆင့် မြန်မာနိုင်ငံရှိ သုံးစွဲသူများ၏ နေထိုင်မှုဘဝအဆင့်မြင့်တင်ပေးနိုင်ရန်လည်း ရည်မှန်းထားသည်ကိုလည်း သိရှိရသည်။ လှမျိုး - ဆ.သ.ရ

# တယ်လီနောမြန်မာ၏ စီးပွားရေးဆိုင်ရာ အရာရှိချုပ်အဖြစ် ကာရီလိုင်း ယဉ်ယဉ်ဌေးနှင့် ဘဏ္ဍာရေး ဆိုင်ရာအရာရှိချုပ်အဖြစ် Helge Øien အားခန့်အပ်

တယ်လီနောမြန်မာသည် ၎င်း၏ ဘဏ္ဍာရေးဆိုင်ရာ အရာရှိချုပ်ဖြစ်သူ ကာရီလိုင်းယဉ်ယဉ်ဌေးကို ကုမ္ပဏီ၏ စီးပွားရေးဆိုင်ရာ အရာရှိချုပ်အဖြစ် ပြောင်းလဲခန့်အပ်ပြီး Mr. Helge Øien ကို ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ်သစ်အဖြစ် ခန့်အပ်ခဲ့သည်။ တာဝန်အသစ်တွင် ကာရီလိုင်းယဉ်ယဉ်ဌေးအနေဖြင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍအတွင်း တယ်လီနောမြန်မာ၏ စီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ ဤခန့်အပ်မှု ၂ခု လုံးသည် ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်သည်ကို သိရသည်။

Mr. Øien သည် ဤရာထူးမတိုင်မီက တယ်လီနောလုပ်ငန်းစု၊ ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းစီမံခန့်ခွဲရေး (M&A) ဌာန၏ အချက်အလက်ဆန်းစစ်လေ့လာရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (Vice President of Analytics) အဖြစ်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး တယ်လီနောလုပ်ငန်းစု၏ ရင်းနှီးမြှုပ်နှံသူများဆိုင်ရာ ဆက်ဆံရေး (Investor Relations - IR) ဌာန၏ ဒါရိုက်တာအဖြစ် ၇ နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်သည်။ Helge သည် နော်ဝေနိုင်ငံရှိ Microsoft ကုမ္ပဏီ၏ စီးပွားရေးအချက်အလက်လေ့လာဆန်းစစ်ရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည့်အပြင် နော်ဝေငွေရေးကြေးရေး သတင်းအချက်အလက် အေဂျင်စီ TDN Finans ၏ လက်ထောက်အယ်ဒီတာအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံကို တယ်လီနော စတင်ဝင်ရောက်လာတဲ့အချိန်ကတည်းက ဒီကုမ္ပဏီအကြောင်းကို လေ့လာဖြစ်ခဲ့ပြီး တယ်လီနောမြန်မာ အဖွဲ့သားတွေအားလုံးရဲ့ ကောင်းမွန်လှတဲ့ စွမ်းဆောင်မှုတွေအတွက်လည်း အံ့အားသင့်ခဲ့ရပါတယ်။ တယ်လီနောမြန်မာနဲ့အတူ အခုလို လက်တွဲလုပ်ဆောင်ရတော့မယ့်အတွက် အရမ်းကိုစိတ်လှုပ်ရှားနေမိပြီး ကုမ္ပဏီရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေကို အများကြီးအထောက်အကူဖြစ်စေဖို့ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ်အသစ်ဖြစ်သူ Helge Øien ကပြောကြားသည်။






တယ်လီနောမြန်မာ၏ ယခုလက်ရှိဘဏ္ဍာရေးဆိုင်ရာ အရာရှိချုပ်ဖြစ်သူ ကာရီလိုင်းယဉ်ယဉ်ဌေးသည် စီးပွားရေးဆိုင်ရာအရာရှိချုပ်အဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်သွားမည်ဖြစ်ပြီး တယ်လီနောမြန်မာ၏ စီမံခန့်ခွဲရေးအဖွဲ့ဝင်တစ်ဦးအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ကာရီလိုင်းယဉ်ယဉ်ဌေးသည် တယ်လီနောမြန်မာသို့ ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာတာဝန်ရှိသူတစ်ဦးအဖြစ် ၂၀၁၃ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ကာရီလိုင်းယဉ်ယဉ်ဌေးသည် တယ်လီနောမြန်မာ၏ ဘဏ္ဍာရေးဆိုင်ရာစွမ်းဆောင်ရည်များ ပိုမိုကောင်းမွန်လာစေရန် အဓိကကျသောနေရာမှ ပါဝင်လုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်သည့်အပြင် ဆက်သွယ်ရေးကဏ္ဍအတွင်းရှိ မတူညီသောရာထူးနေရာအသီးသီးတွင် နှစ်ပေါင်း (၂၀)နီးပါး လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများပြားသူတစ်ဦးဖြစ်ကြောင်း သိရှိရသည်။

လှမျိုး - ဆ.သ.ရ

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com


# မြန်မာ့အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် နေထိုင်မှုဘဝအဆင့်မြင့်လာစေရန် ရည်ရွယ်လုပ်ဆောင်သော The Yangon Steps 2019 ကို Mytel က ထောက်ပံ့ကူညီ



Mytel သည် ဒီဂျစ်တယ်အသွင်ပြောင်းလဲရေး လမ်းကြောင်းချမှတ်ရာတွင် အထူးအရေးပါသော မြန်မာနိုင်ငံအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မြန်မာလူမျိုးများ၏ နေထိုင်မှုဘဝကို အဆင့်မြင့်လာစေရန်ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့သော Yangon Steps 2019 တွင် ပါဝင်အားဖြည့်ခဲ့သည်။ Mytel မှ ရန်ကုန်မြို့ရှိ သမိုင်းဝင်အမွေအနှစ်နေရာများအား ထိန်းသိမ်းစောင့်ရှောက်ပြီး သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကျန်းမာသော လူနေမှုဘဝများ တိုးပွားစေရန် ပြုလုပ်ဆောင်ရွက်ခဲ့သော Yangon Steps 2019 လှုပ်ရှားမှုအတွက် Gold Sponsor အနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲ့ လူမျိုး၊ နိုင်ငံနဲ့ သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရုံသာမက နိုင်ငံကြီးတစ်ခုလုံးကို ဒီဂျစ်တယ်အခွင့်အလမ်း အပြည့်အဝရရှိစေနိုင်ဖို့အတွက် ခေတ်မီဆန်းသစ်တဲ့ နည်းပညာတီထွင်ဆန်းသစ်မှုတွေ၊ အတတ်ပညာတွေနဲ့ ထောက်ပံ့ပေးသွားဖို့ ရည်ရွယ်ထားပါတယ်”ဟု Mytel ၏ ပြင်ပဆက်ဆံရေး အမှုဆောင်အရာရှိချုပ် ဦးဇော်မင်းဦးမှ ပြောကြားသည်။

ဆက်လက်ပြီး Mytel အနေနဲ့ မြန်မာနိုင်ငံ ဒီဂျစ်တယ်အသွင်ပြောင်းလဲရေးအတွက် ဦးစီးဆောင်ရွက်နေရုံသာမကပဲ နိုင်ငံမှာရှိတဲ့ ပြည်သူတွေနဲ့ ဓလေ့ရိုးရာတွေကိုပါ ထိန်းသိမ်းစောင့်ရှောက်လိုတဲ့အတွက် Yangon Steps 2019 ကိုပါဝင်ဖြစ်ခဲ့ပြီး သုံးစွဲသူတွေအားလုံးအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးအပ်သွားနိုင်ဖို့ ဦးစားပေးလုပ်ဆောင်ခဲ့ကာ ဈေးနှုန်းသက်သာတဲ့ အစီအစဉ်တွေနဲ့ အစဉ်အဆက်တိုးချဲ့နေတဲ့ အခြေခံဆက်သွယ်ရေး ဖွဲ့စည်းတည်ဆောက်ခြင်းတွေက သုံးစွဲသူတွေ အမှန်တကယ်ရရှိခံစားနိုင်မယ့် ရလဒ်တွေလည်း ဖြစ်ပါတယ်”ဟုပြောကြားသည်။

Mytel အနေနဲ့ ဒီပန်းတိုင်ကို သုံးစွဲသူတွေရဲ့ ပံ့ပိုးမှု၊ အကူအညီမပါပဲ မရရှိနိုင်ပါဘူး။ Yangon Steps လိုပွဲမျိုးမှာ ပါဝင်ကူညီပေးခြင်းအားဖြင့် မြန်မာနိုင်ငံက သုံးစွဲသူတွေရဲ့ အမွေအနှစ်တွေကို တန်ဖိုးထားကြောင်း တစ်နည်းတစ်ဖုံ ဖော်ပြခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်”ဟု ဦးဇော်မင်းဦးကဆိုသည်။ ထို့ပြင် အခိုင်မာဆုံး 4G ကွန်ရက်နှင့် အသက်သာဆုံးဈေးနှုန်းများ ဆက်လက်ထောက်ပံ့ပေးပြီး အမြဲတမ်းသုံးစွဲသူ အရေအတွက်အား ၂၀၁၉ ခုနှစ်အကုန်တွင် နှစ်ဆအထိတိုးမြှင့်သွားနိုင်ရန် ရည်ရွယ်ထားကြောင်းလည်းသိရသည်။

လှမျိုး-ဆ.သ.ရ

# သန့်ရှင်းပြည့်ဖြိုးရေအကျိုးအစီအစဉ်ဖြင့် MPT မှ လူမှုအသိုက်အဝန်းများအတွက် သန့်ရှင်းသောသောက်သုံးရေ ဖြည့်ဆည်းပေးမည်



လူမှုအသိုက်အဝန်းများအတွက် သန့်ရှင်းသော သောက်သုံးရေ “သန့်ရှင်းပြည့်ဖြိုးရေအကျိုးအစီအစဉ်” ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) နှင့် မိတ်ဖက်လူမှုအဖွဲ့အစည်းများဖြစ်သော Network Activities Group (NAG)၊ Bridge Asia Japan (BAJ) တို့နှင့်အတူ လက်တွဲပူး ပေါင်း၍ အခက်အခဲကြုံနေရသော ဒေသများကို သောက်သုံးရေရရှိရန်အတွက် ပြုလုပ်သည့်အခမ်းအနားကို ရန်ကုန်မြို့ဗိုလ်အောင်ကျော်လမ်းရှိ MPT ရုံးချုပ်၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် MPT-KSGM Joint Operations အရာရှိချုပ်ဖြစ်သူ Mr.Yo Shiaki Benino၊ MPT-KSGM Joint Operations ၏ စီးပွားရေးဌာနကြီးမှ ဒုတိယအရာရှိချုပ်ဖြစ်သူ ဦးသိန်းဟုတ်၊ BAJ မှ ဌာနကိုယ်စားလှယ်ဖြစ်သူ Ms.AKi Ko Mori၊ NAG မှ CEO ဖြစ်သူ ဘော်ဘီနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရေတွင်း၊ ရေကန် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ "MPT အနေနဲ့ လူမှုအဖွဲ့အစည်းရဲ့ နေ့စဉ်ဘဝမှာ သန့်ရှင်းတဲ့ သောက်သုံးရေကို စိတ်ချလက်ချနဲ့ အဆင်ပြေပြေရရှိနိုင်စေဖို့အတွက် “သန့်ရှင်းပြည့်ဖြိုးရေအကျိုးအစီအစဉ်” ကို ဆောင်ရွက်ခဲ့တာဖြစ်ပြီး သူတို့ရဲ့ ဘဝမှာ သိသာတဲ့ ပြောင်းလဲမှုကိုဖြစ်စေမှာ ဖြစ်ပါတယ်။ NAG နဲ့ BAJ တို့ အတူတူ ဆက်လက်လက်တွဲ၍ သန့်စင်ပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ ရေအရင်းအမြစ်ကို သူတို့လိုအပ်သလောက်ရရှိစေဖို့ ရေရှည်တည်တံ့စေမယ့် နည်းလမ်းတွေနဲ့အတူ လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒီထောက်ပံ့ကူညီမှုဟာ ကျွန်တော်တို့ရဲ့ “နှလုံးသားထဲကမြန်မာ” ဆောင်ပုဒ်အောက်ကနေ လူမှုအကျိုးပြုလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်တဲ့လုပ်ငန်းတစ်ခုအဖြစ်သာမက ကျေးလက်နေပြည်သူတွေရဲ့ ဘဝနေထိုင်မှုအပြောင်းအလဲအတွက်များစွာအရေးပါပြီး အပြုသဘောဆောင်တဲ့ အကျိုးကျေးဇူးတွေ ဖြစ်ထွန်းစေမှာလည်းဖြစ်ပါတယ်” ဟု MPT-KSGM Joint Operations အရာရှိချုပ်ဖြစ်သူ Mr.Yo Shiaki Benino က ပြောသည်။

“သန့်ရှင်းပြည့်ဖြိုးရေအကျိုးအစီအစဉ်” MPT နှင့် မိတ်ဖက်လူမှုအဖွဲ့အစည်း NAG၊ BAJ နှင့် ပူးပေါင်းကာ ပြီးခဲ့သည့်နှစ်များတွင် မြန်မာပြည်အနှံ့ ရေသွယ်တန်းခြင်း၊ ရေလှောင်ကန်ကာရံခြင်းနှင့် စက်ရေတွင်းတူးခြင်းများကို နေရာပေါင်း ၂၅ နေရာတွင် ပြုလုပ်ပေးခဲ့သည်။ ၂၀၁၉-၂၀၂၀ နှစ်အတွက် စက်ရေတွင်းတူးခြင်းလုပ်ငန်းများကို မန္တလေးတိုင်း မြင်းခြံမြို့နယ် ကန်နီ၊ ဒူလဘိုကျေးရွာနှင့် ညောင်ဦးမြို့နယ်ရွာပုလဲကျေးရွာ၊ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် သစ်မြင့်တောကျေးရွာနှင့် ချောက်မြို့နယ် မြေပဒုံကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ပေါက်ငယ်တောကျေးရွာ စသည့် ငါးနေရာအား ၂၀၁၉ မတ်လအတွင်း အပြီးသတ်တည်ဆောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လှမျိုး၊ ဘုန်းပိုင်ဦး

# အူရီဒူးမြန်မာမှ အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Business Institute နှင့်ပူးပေါင်း၍ MOU လက်မှတ်ရေးထိုး

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများတွင် ဦးဆောင်လျက်ရှိသည့် အူရီဒူးမြန်မာသည် မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ထောက်ပံ့ပေးရန် SME Business Institute (SMEBi) နှင့်အတူ ဖေဖော်ဝါရီလ ၈ ရက်က ရန်ကုန်မြို့၊ မြန်မာပလာဇာတွင် တည်ရှိသော အူရီဒူးမြန်မာရုံးချုပ်ရှိ Town Hall ခန်းမ၌ နားလည်မှုစာချွန်လွှာရေးထိုးခဲ့သည်။

ယခုပူးပေါင်းမှုမှတစ်ဆင့် အူရီဒူးတွင် စွန့်ဦးတီထွင် လုပ်ငန်းရှင်များအတွက် ရည်ရွယ်ပြီး ရေးဆွဲပေးထားသည့် စီးပွားရေးလုပ်ငန်းစဉ် စီမံအုပ်ချုပ်မှုဘာသာရပ်ဖြင့် SMEBi ကိုထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ဤအစီအစဉ်တွင်စွမ်းဆောင်ရည်မြှင့်တင်ရေး ဘာသာရပ်၊ ဆုချီးမြှင့်ခြင်းနှင့် အသိအမှတ်ပြုခြင်းအပြင် အူရီဒူး၏ အင်တာနက်ချိတ်ဆက်မှုကို အသုံးပြုပြီး လက်တွေ့လုပ်ဆောင်မှုများပါဝင်မည်ဖြစ်သည်။ ထို့အပြင် အူရီဒူးမှ ၎င်း၏အလွန်မြန်ဆန်ပြီးယုံကြည်စိတ်ချရသော အင်တာနက်ဆက်သွယ်ချိတ်ဆက်မှုနည်းပညာများဖြင့် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီစွန့်ဦးတီထွင်လုပ်ငန်းစုများနဲ့ အသေးစားနှင့် အလတ်စားလုပ်ငန်းတွေက နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အကြံဉာဏ်သစ်တွေနဲ့အထောက်အကူပြုမယ့် အဓိကသော့ချက်ဖြစ်တာကို ကျွန်တော်တို့နားလည်တယ်။ စီးပွားရေးနှင့် လူမှုပတ်ဝန်းကျင်တိုးတက်ရေးကို အကောင်အထည်ဖော်ရန် အလေးထားလုပ်ဆောင်နေကြောင်း၊ ပြည့်စုံတဲ့ဝန်ဆောင်မှု ပေးအပ်သူအနေနဲ့ ဒီဂျစ်တယ်လူနေမှုဘဝ ကူးပြောင်းရင်းမှ တစ်ဆင့် စွန့်ဦးတီထွင်လုပ်ငန်းစုများနဲ့ အသေးစားနှင့် အလတ်စားလုပ်ငန်းတွေကို ပိုမိုဆန်းသစ်ပြီး မြန်ဆန်စွာတိုးတက်နိုင်စေဖို့ အားပေးသွားမှာဖြစ်တယ်”ဟု အူရီဒူးမြန်မာ၏ Chief Business Officer ဖြစ်သူ Mr. Anandi Agnihotri ကပြောကြားခဲ့သည်။

စက်မှုဝန်ကြီးဌာန၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးမှုဌာန၏ ၂၀၁၇ စာရင်းအရ မြန်မာနိုင်ငံစီးပွားရေး၏ ခန့်မှန်းခြေ ၉၀ ရာခိုင်နှုန်းသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ နေရာယူထားလျက်ရှိကြောင်း သိရသည်။

လှမျိုး၊ သဇင်

# ဒီဂျစ်တယ် ပြောင်းလဲမှုအား ဦးစီးဖော်ဆောင်မည့် Mytel




Mytel သည် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ညီလာခံအား ပံ့ပိုးပေးပြီး မြန်မာ့ရင်းနှီးမြှုပ်နှံမှုညီလာခံတွင် ဆွေးနွေးတင်ပြသွားခဲ့သည့် အဓိကကြသော လုပ်ငန်းများကို အားဖြည့်ပေးခြင်းအားဖြင့် ဒီဂျစ်တယ်ပြောင်းလဲမှုအား ဦးစီးဖော်ဆောင်သွားမည်ဖြစ်ကာ နေပြည်တော်တွင်ကျင်းပခဲ့သည့် ၂၀၁၉ ခုနှစ်မြန်မာ့ရင်းနှီးမြှုပ်နှံမှုညီလာခံတွင် Mytel သည် Bronze Sponsor အနေဖြင့် ပံ့ပိုးကူညီပေးခဲ့သည်။ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုစီးပွားရေးကဏ္ဍတိုးတက်မှုမှာ တိုက်ရိုက်ချိတ်ဆက်လျက်ရှိသည့်အတွက် Mytel သည် အခြေခံကြသော ကဏ္ဍများဖြစ်သည့် ဆက်သွယ်ရေး၊ မိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှု၊ ကွန်ရက်ချိတ်ဆက်မှု စသည်တို့အား ဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၅ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

Mytel သည် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်ပြောင်းလဲမှုအား အထောက်အပံ့ပေးနိုင်သော ခရီးသွားလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ စသည့် ကဏ္ဍများကို အဓိကအာရုံစိုက်ထောက်ပံ့သွားမည်ဖြစ်သည်။ Mytel သည်မြန်မာနိုင်ငံ ဆက်သွယ်ရေးကဏ္ဍသို့ ဝင်ရောက်လာပြီး တစ်ပြိုင်နက် ကျေးလက်ဒေသ၌ရှိသော အစိုးရကျောင်းများတွင် အင်တာနက် အခမဲ့တပ်ဆင်ပေးပြီး ပညာရေးဆိုင်ရာလူထုအကျိုးပြုလုပ်ငန်းကိုလည်း ဆောင်ရွက်ခဲ့သည်။ Mytel သည် ၂၀၁၉ ခုနှစ်၏ ပထမလေးလပတ်မှစ၍ ၎င်း၏မိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဖြစ်သော MytelPay ကို မိတ်ဆက်ပေးသွားရန် ရည်ရွယ်ထားသည်။ ထို့ပြင် ခိုင်မာသော ဒီဂျစ်တယ်စီးပွားရေးရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် အဓိကလိုအပ်သော 4G ကွန်ရက်ချိတ်ဆက်မှုကို အားစိုက်ကာ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ဒီဂျစ်တယ်လမ်းကြောင်းပေါ်အခြေခံသည့် ခရီးသွားလုပ်ငန်းများကို အကောင်းဆုံးအထောက်အပံ့ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတွင်းရှိ သုံးစွဲသူများသာမက လာရောက်လည်ပတ်သော နိုင်ငံခြားသားခရီးသွားများကိုပါ လျှင်မြန်ခိုင်မာသော 4G အတွေ့အကြုံကို ဖန်တီးပေးနိုင်မည်ဖြစ်သည်ကိုလည်း သိရသည်။

ဒီဂျစ်တယ်စီးပွားရေးနိုင်ငံတစ်ခုဖြစ်လာဖို့ အဆန်းသစ်ဆုံးဖြစ်တဲ့ ဒေတာကွန်ရက်ကို ထောက်ပံ့ပြီး ရင်းနှီးမြှုပ်နှံဖို့ အစီအစဉ်ရှိပြီး ဆက်လက်၍ နိုင်ငံရဲ့အဓိကကြတဲ့ လုပ်ငန်းတွေကို တတ်နိုင်တဲ့နည်းလမ်းတွေကနေ ထပ်ဆင့်ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါတယ်” ဟု Mytel ၏ ပြင်ပဆက်ဆံရေး အမှုဆောင်အရာရှိချုပ် ဦးဇော်မင်းဦးမှ ပြောကြားသည်။

Mytel က သုံးစွဲသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အစဉ်တစိုက် လုပ်ကိုင်လျက်ရှိပြီး သုံးစွဲသူများအတွက် ကောင်းမွန်သော အတွေ့အကြုံများ ဖန်တီးပေးနိုင်ရန် အနီးကပ်ချိတ်ဆက်ပြီး သုံးစွဲသူများ၏ စိတ်ကြိုက်အော်ပရေတာ ဖြစ်လာနိုင်ရန်လည်း ကြိုးပမ်းလျက်ရှိသည်။ ထို့ပြင် စိတ်လှုပ်ရှားစရာကောင်းသော ဝန်ဆောင်မှု၊ အိမ်မက်အနာဂတ်များ တည်ဆောက်သွားနိုင်ရန် နည်းပညာများမှတစ်ဆင့် မြန်မာနိုင်ငံရှိ သုံးစွဲသူများ၏ နေထိုင်မှုဘဝအဆင့်မြင့်တင်ပေးနိုင်ရန်လည်း ရည်မှန်းထားကြောင်း သိရသည်။

လှမျိုး-ဆ.သ.ရ

# ဒုတိယဝန်ကြီး ဦးကျော်မျိုး၏ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် မေး/ဖြေကဏ္ဍ



**ကြံခင်း-ပခုက္ကူရထားလမ်းပိုင်း သိမ်းဆည်းမြေများ အတွက်လျော်ကြေးငွေပေးချေခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်**

ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၏ ပန်းတောင်းမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူရထားလမ်းပိုင်း တည်ဆောက်ရာတွင် သိမ်းဆည်းမြေများအတွက် လျော်ကြေးပေးချေရန် နောက်ဆက်တွဲဆောင်ရွက်ထားရှိမှုအခြေအနေအား သိလိုခြင်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးကျော်မျိုးက မြန်မာ့မီးရထားအနေဖြင့် အတည်ပြုချက်ရရှိပြီးဖြစ်သော ကြံခင်း-ဥဿျှစ်ပင်အပိုင်းရှိ ပန်းတောင်းမြို့နယ်အတွင်း ပါဝင်သွားသော သိမ်းဆည်းမြေနှင့် ပျက်စီးသွားသည့်မြေစုစုပေါင်း (၃၉၆)ဒသမ (၅၁)ဧကတို့အတွက် လျော်ကြေးနှင့် နစ်နာကြေးစုစုပေါင်း ငွေကျပ်(၆၉၆) ဒသမ (၇၅၂) သန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတောင်းခံရာတွင် ထည့်သွင်းလျာထားတောင်းခံ၍ ခွင့်ပြုရရှိမှုအပေါ်မူတည်ပြီး လျော်ကြေးနှင့် နစ်နာကြေးပေးချေခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဥဿျှစ်ပင်-သရက် အပိုင်းရှိ ပန်းတောင်းမြို့နယ်အတွင်းပါဝင်သွားသော ကျေးရွာအုပ်စု (၁၁)အုပ်စုမှ တောင်သူ (၃၁၆)ဦး၏ သိမ်းဆည်းမြေ (၃၆၁)ဒသမ(၂၃)ဧကအတွက် လျော်ကြေးတန်ဖိုးများကို ပန်းတောင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အဆင့်ဆင့်တင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ (၂၈)ရက်တွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြထားကြောင်းကို သိရှိရပါကြောင်း၊ ယင်းအဖွဲ့မှအတည်ပြုပြီးပါက ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ မြန်မာ့မီးရထားသို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဖြည့်စွက်ရန်ပုံငွေတောင်းခံချိန် အမီ အကြောင်းကြားလာပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံ၍ ခွင့်ပြုရရှိမှုအပေါ်မူတည်ပြီး လျော်ကြေးပေးချေခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ရွှေပြည်သာမြို့နယ်တွင်ခေတ်မီမြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်း အဆောက်အဦသစ်တစ်လုံးခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးသွားမည်**

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၏ ရွှေပြည်သာမြို့နယ် မြန်မာ့စာတိုက်လုပ်ငန်း အဆောက်အဦသည် အများပြည်သူနှင့် ဆက်သွယ်ရေးဝန်ထမ်းများအတွက် အန္တရာယ်ရှိအဆောက်အဦအဆင့်သို့ ရောက်ရှိနေပါသဖြင့် ခေတ်မီမြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်းအဆောက်အဦသစ်တစ်လုံးကို အမြန်ဆောက်လုပ်ပေးရန် မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးကျော်မျိုးက လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးတင်ပြချက်များအရလည်းကောင်း၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ကွင်းဆင်းစစ်ဆေးချက်များအရလည်းကောင်း၊ ရွှေပြည်သာစာတိုက်သည် အန္တရာယ်ရှိအဆောက်အဦဖြစ်နေခြင်းကြောင့် အဆိုပါစာတိုက်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သာမန်ရန်ပုံငွေခွင့်ပြုချက်ဘောင်အတွင်းမှ အရေးပေါ်လုပ်ငန်းအဖြစ် ပေ (၂၀)ပတ်လည် ယာယီအဆောက်အဦတစ်လုံးကို ဆောက်လုပ်ပေးရန်အတွက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ (၂၁)ရက်တွင် တင်ဒါခေါ်ယူခဲ့ပြီးဖြစ်ပါကြောင်း၊ တင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်ကို လုပ်ငန်းအပ်နှံ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီတွင် စတင်ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်၊ မတ်လကုန်တွင် ပြီးစီးမည်ဟုခန့်မှန်းထားပါကြောင်း၊ ထို့အပြင် စာတိုက်အသစ်ဆောက်လုပ်ပေးရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင် ခန့်မှန်းကုန်ကျကျပ်ငွေ သိန်း (၃၀၀)တင်ပြတောင်းခံ၍ ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်**


လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၏ လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာအုပ်စု ခုံအွတ်ကျေးရွာဘုန်းတော်ကြီးကျောင်းနံဘေးရှိ တိန်းချောင်းကမ်းပါးထပ်မံပြိုမကျနိုင်စေရေးအတွက် မြေထိန်းနံရံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် အရေးပေါ်တည်ဆောက်ပေးပါရန်နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးကျော်မျိုးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဒေသ (၁၂) ရှမ်းပြည်နယ်ရုံးမှ ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်ရန်ရှိသော ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကိုပြုစု၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်ရန်ရှိသော ဦးစားပေးလုပ်ငန်း (၃၉)ခုအနက် လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာအုပ်စု ခုံအွတ်ကျေးရွာဘုန်းတော်ကြီးကျောင်းအနီး တိန်းချောင်းရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းမှာ အမှတ်စဉ် (၂၅)တွင်ရှိပါကြောင်း၊ အဆိုပါကမ်းပြိုကာကွယ်ရေးလုပ်ငန်း (၃၉)ခုအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံထားခြင်းမရှိပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေတွင် ဦးစားပေးအမှတ်စဉ် (၁)မှအမှတ်စဉ် (၁၁)အထိသာ ရန်ပုံငွေလျာထားတင်ပြတောင်းခံထားပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဇန်နဝါရီ (၂၈)ရက်၊ နံနက် (၁၀)နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဦးထိန်ဝင်း၏ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကျောက်ရဲကျေးရွာ၊ သဲရိုးကျေးရွာ၊ တာငုတ်ကျေးရွာနှင့် ဖောင်ဆိပ်ကျေးရွာတို့တွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျနေမှုကို ဟန့်တားရန်အတွက် မြစ်ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ပေးရန်နှင့် တစ်ဖက်ကမ်းကျွန်းသောင်အား မြစ်ဖြတ်တူးမြောင်းဖော်ပေးရန် အစီအစဉ်ရှိ/ မရှိမေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဟင်္သာတမြို့နယ်၊ ကျောက်ရဲကျေးရွာနှင့် သဲရိုးကျေးရွာ ကမ်းပြိုကာကွယ်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ ရန်ပုံငွေကျပ်သန်း (၅၇၀) တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေမပါရှိခဲ့ပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေတွင် ပထမဦးစားပေးအဖြစ် ထပ်မံတင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း။

ထို့ပြင် တစ်ဆက်တစ်စပ်တည်း ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်သောတာငုတ်ကျေးရွာနှင့် ဖောင်ဆိပ်ကျေးရွာ ကမ်းပြိုကာကွယ်ရေးအတွက် ရန်ပုံငွေကျပ်သန်း ၈၂၀ ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ငွေလုံးငွေရင်း ရန်ပုံငွေတွင်ဒုတိယဦးစားပေးအဖြစ် ထပ်မံတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် မြစ်ဖြတ်မြောင်း တူးဖော်ရန်ကိစ္စနှင့်ပတ်သက်၍




ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ကွင်းဆင်းလေ့လာခဲ့ရာ တူးဖော်ရမည့် တူးမြောင်းအလျားမှာ ၃ ဒသမ ၅ မိုင်နှင့် အကျယ်မီတာ (၁၀၀)ဖြစ်ပြီး အနက်မှာလည်း ပင်မရေလမ်းကြောင်းတွင် ဖြစ်ပေါ်နေသော ရေအနက်ထက် တူးဖော်မှသာ ရေကြောင်းဖြစ်ပေါ်နိုင်သဖြင့် အနည်းဆုံး (၁၀)မီတာတူးဖော်ရမည်ဖြစ်သောကြောင့် တူးဖော်ရမည့် ပမာဏမှာ ကုဗမီတာ (၆)သန်းခန့်ဖြစ်ပြီး ငွေကျပ်သန်း (၆၀၀၀)ခန့်ကုန်ကျမည်ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံရမည့် တန်ဖိုးမှာ အလွန်များပြားမည်ဖြစ်ပါကြောင်း။

မြစ်ဖြတ်မြောင်းတူးဖော်ပါကလည်း မြစ်ကွေးအလျားနှင့် မြစ်ဖြောင့်လေးကြိုးမျဉ်းတို့၏ အချိုးသည် ၁ ဒသမ ၅ နှင့် ၂ ဒသမ ၅ ရှိရမည်ဖြစ်ပြီး လက်ရှိအနေအထားအရ အဆိုပါ အချိုးမှာ (၁)နီးပါးသာရှိသဖြင့် ရေလမ်းကြောင်းပေါက်နိုင်မှုအခွင့်အလမ်း နည်းပါးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျောက်ရဲကျေးရွာနှင့် သဲရိုးကျေးရွာကမ်းထိန်းလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေရရှိပါက ရေလမ်းထိန်းအစီအမံများ ဆောင်ရွက်ပေးမှုကြောင့် ဖြစ်ပေါ်တိုးတက်လာမည့်အခြေအနေရလဒ်အပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သင့်သော အစီအမံများကို တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တင်မောင်(ပို့/ဆက်)

# တွံတေးတူးမြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးစီမံကိန်း ဒုတိယအကြိမ်လူထုတွေ့ဆုံပွဲ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တိုနှင့် ကြည့်မြင်တိုင်မြို့နယ်များ၌ ပြုလုပ်

တွံတေးတူးမြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးစီမံကိန်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း ဒုတိယအကြိမ်လူထုတွေ့ဆုံပွဲကို ဇန်နဝါရီ (၂၈)ရက်က ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်သီရိဇေယျနော်ရထာခန်းမ၌ ပြုလုပ်ခဲ့သည်။

လူထုတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်မှူးက "တွံတေးတူးမြောင်းတစ်လျှောက် ရေထိန်းကမ်းပတ်တာ တည်ဆောက်ခြင်းကြောင့် မိုးရာသီရောက်တိုင်း ကမ်းပါးများ၌နေထိုင်ကြသော ဒေသခံပြည်သူတွေအနေနဲ့ မြစ်ကမ်းပါးမပြိုကျတော့ဘူး၊ ရေကြီးရေနစ်မြုပ်မှုမဖြစ်ပေါ်စေတော့ဘူး၊ ဆားငန်ရေဝင်ရောက်မှုကြောင့် တွံတေးတူးမြောင်းဝဲယာတွေမှာ သောက်သုံးရေ စိုက်ပျိုးရေးနှင့် မြေဆီလွှာအရည်အသွေးထိန်းသိမ်းကာကွယ်နိုင်မှာပါ။ ကျန်းမာရေးထိခိုက်ခြင်းနဲ့ လူမှုစီးပွားဆုံးရှုံးနစ်နာခြင်းများ လျော့နည်းလာမှာဖြစ်ပါတယ်။ ဒီစီမံကိန်းက ပြီးခဲ့တဲ့အစိုးရလက်ထက်ကရော ယခုအစိုးရလက်ထက်ကပါ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

တွံတေးတူးမြောင်း (၀) မိုင်နှင့် ခနောင်တိုချောင်းဆုံရာတွင် တူးမြောင်းကမ်းပါးတိုက်စားခြင်းနှင့်အတူ တူးမြောင်းကြမ်းပြင် ဝဲလှည့်တိုက်စားခြင်းတို့ကြောင့် ရေစစ်ချိန် (၉၅)ပေကျော်ရှိသည့် ရေနက်အိုးဖြစ်ပေါ်ခြင်း၊ ရေစီးအားပြင်းထန်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိခြင်းတို့ကြောင့် (၀) မိုင်ဝန်းကျင်ရှိ မြစ်ကြမ်းပြင်နှင့် ကမ်းပါးတိုက်စားမှုအား ကာကွယ်မှုမပြုလုပ်နိုင်ပါက ရေကြောင်းလုံခြုံမှုလျော့ပါးလာနိုင်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ISAN Corporation တို့ ပူးပေါင်းဆောင်ရွက်၍ တွံတေးတူးမြောင်းကမ်းပါးထိန်းသိမ်းခြင်း အလျား (၅၈၈၀)မီတာ၊ တွံတေးတူးမြောင်း (၀)မိုင်အနီး ရေဝဲအတွင်း ကျောက်ကြီးဖြည့်ခြင်းဧရိယာ (၅၅၅၀၀) စတုရန်းမီတာ၊ တူးမြောင်းတစ်လျှောက်ရေကြီးရေလျှံမှုကာကွယ်ရေး ရေထိန်းကမ်းပတ်တာတည်ဆောက်ခြင်းကို ဒလမြို့နယ်အပိုင်း၌ (၁၂) ဒသမ (၂)ကီလိုမီတာနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်အပိုင်း၌ (၁၁) ဒသမ (၅) ကီလိုမီတာနှင့် တွံတေးမြို့နယ်အပိုင်း (၁၅) ဒသမ (၈) ကီလိုမီတာတို့ကို ကိုရီးယားသမ္မတနိုင်ငံမှချေးငွေ အမေရိကန်ဒေါ်လာ (၆၁) ဒသမ (၃၀၀) သန်းအတိုးနှုန်းသက်သာစွာဖြင့်ချေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ (၆၉) ဒသမ (၂၄၂) သန်းဖြင့် ၂၀၁၉ ခုနှစ်အတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းကာလမှာ (၆)နှစ်ဖြစ်ကြောင်း သိရသည်။

တွံတေးတူးမြောင်း ခနောင်တိုချောင်း၏ ရေစီးရေလာမထိခိုက်စေရေးအတွက် (၃)ဒသမ(၅)မိုင် အဝင်ဝအား ထိန်းချုပ်ထားသဖြင့် ရေကျချိန်တွင် ရေစီးနှုန်းများ၍ ရေဝဲများဖြစ်ပေါ်လျက်ရှိပြီး ရေကျချိန်ရေယာဉ်များ အန္တရာယ်မဖြစ်စေရန် တစ်ရက်လျှင် (၄)နာရီ(၂)ကြိမ်ပေါင်း (၈)နာရီ ရေယာဉ်သွားလာမှုပိတ်ခဲ့ရသည်။ ရေစီးနှုန်းထုထည်များသောကြောင့် ရေဝဲလှည့်မှုပိုမိုဖြစ်ပေါ်ကာ ကမ်းပါးပြိုကျမှုများ ဖြစ်ပွားသဖြင့် (၃)ဒသမ(၅)မိုင်ဖြတ်မြောင်းကို အကျယ်ပေ (၁၀၀)၊ အလျား ပေ(၆၅၀)ကို ၂၀၀၉ ခုနှစ်တွင် ချဲ့ထွင်ဖောက်လုပ်ခဲ့ရာ အဆင်ပြေစွာ သွားလာနိုင်ခဲ့ကြောင်း၊ သို့သော်လည်း မိုးတွင်းကာလ၌ ကမ်းပြိုတိုက်စားမှုများ ဖြစ်ပွားနေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါ တွံတေးတူးမြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဒုတိယအကြိမ်ပြည်သူလူထုတွေ့ဆုံပွဲကို ဒလမြို့နယ်အပြင် တွံတေးမြို့၊ ဆိပ်ကြီးခနောင်တိုမြို့နှင့် ကြည့်မြင်တိုင်မြို့နယ်များတွင်လည်း တစ်ပြိုင်တည်းကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

တင်မောင် (ပို့/ဆက်)

# e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂) တွင်ပြုလုပ်ခဲ့ရာ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်တို့ တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် e-Government စနစ်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်အတွက် e-Government ဦးဆောင်ကော်မတီနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပထမအကြိမ် လုပ်ငန်းကော်မတီအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ မေလ (၉) ရက်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် e-Government ဖြင့် ပြည်သူလူထုကို ဝန်ဆောင်မှုများပေးနိုင်ရန်၊ ယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားလာစေရန်၊ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် အစိုးရတစ်ရပ်ဖြစ်ပေါ်လာစေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သောဥပဒေ၊ မူဘောင်၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံနှုန်းသတ်မှတ်ချက်များကို အချိန်ကိုက်ရေးဆွဲပြဋ္ဌာန်းသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းပြောကြားသည်။

ထို့ပြင် မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်များကို ဖော်ထုတ်ဆောင်ရွက်ရာတွင် Myanmar e-Government Master Plan တွင်ပါရှိသော လုပ်ငန်းစဉ်များအပြင် ခေတ်ကာလနှင့်လျော်ညီမည့် အမှန်တကယ်လိုအပ်ချက်ဖြစ်သည့် လုပ်ငန်းစဉ်များကိုလည်း စိစစ်ပြီးနောက် ရန်ပုံငွေသုံးစွဲမှုပုံစံများနှင့်အတူ ဦးဆောင်ကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အမှန်တကယ် အလုပ်ဖြစ်ပြီး လက်တွေ့ကျကျထိရောက်စေမည့် Action Plan များ ဖြစ်ရန်လည်း လိုအပ်ပြီး၊ e-Government Survey ကောက်ယူခဲ့သည့် စစ်တမ်းမှ တွေ့ရှိသုံးသပ်ချက်များကိုလည်း တင်ပြပေးစေလိုကြောင်း၊ ထို့ပြင် အစိုးရဌာနများ လက်ရှိအသုံးပြုနေသည့် e-Government Service Network ကို အရည်အသွေးနှင့် လုံခြုံမှုပိုမိုကောင်းမွန်ရန် မည်ကဲ့သို့ အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုသည့် အစီအမံများကိုလည်း တင်ပြပေးစေလိုကြောင်း၊ Sub Committee များကလည်း လုပ်ငန်းတိုးတက်မှုနှင့် လိုအပ်ချက်များကို သမားရိုးကျမဟုတ်ဘဲ e-Government ဖြစ်ရန် အမှန်တကယ်လိုအပ်သည်များကို ဦးစားပေးဆွေးနွေးပေးရန်နှင့် လုပ်ငန်းကော်မတီများအနေဖြင့် ပြည်သူများနှင့် နိုင်ငံတော်၏ အမှန်တကယ်လိုအပ်ချက်များနှင့် ကိုက်ညီပြီးအကျိုးဖြစ်ထွန်းစေမည့် e-Government လုပ်ငန်းစဉ်များကို ထိထိရောက်ရောက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် စနစ်တကျပေါင်းစည်းညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပထမအကြိမ်လုပ်ငန်းကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံရဲ့ e-Government Readiness Assessment Survey ကို ကောက်ခံရာ၌ တချို့သော အစိုးရဌာနများမှ ပြန်လည်ပေးပို့ခဲ့ခြင်းမရှိကြောင်း ပေးပို့လာသောအချက်အလက်များအပေါ် လေ့လာသုံးသပ်ပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များကို ဖော်ထုတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ Myanmar National Portal အား ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်၍ ပြည်သူလူထုသို့ သတင်းအချက်အလက်များ ပိုမိုပြည့်စုံစွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ Data Center များအား သီးခြားစီတည်ဆောက်အသုံးပြုကြမည့်အစား လက်ရှိ Data Center များအား အသုံးပြုသွားစေလိုကြောင်း တူညီသော Platform တစ်ခုပေါ်တွင် စုစည်းအသုံးပြုသွားနိုင်ရေးအတွက် တည်ဆောက်သွားမည့် e-GIDC စီမံကိန်းအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွက် Cyber Law and Policy (ပထမမူကြမ်း)ကို ရေးဆွဲသွားနိုင်ရေးအတွက် အစိုးရဌာန/ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့များအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ်၊ ဇွန်လခန့်တွင် ပထမ (မူကြမ်း) ကို တင်ပြနိုင်ရန် ရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိကြောင်း၊ Digital Literacy မြှင့်တင်ရေးလုပ်ငန်းများ Connectivity များ ကောင်းမွန်လာရေးကိုလည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် အမှန်တကယ်လိုအပ်ချက်ဖြစ်သည့် ရှေ့ဆက်ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်တွေကို ဖော်ထုတ်၍ ဦးဆောင်ကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ သက်ဆိုင်ရာ ဆပ်ကော်မတီအသီးသီးက တင်ပြလာကြခြင်းများကို ဦးဆောင်ကော်မတီသို့ တင်ပြပြီး ဆောင်ရွက်ဆဲဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆပ်ကော်မတီများ၏ အဖွဲ့ဝင်အချို့ပြင်ဆင်ဖွဲ့စည်းနိုင်ရေးကိစ္စရပ်များ၊ Unicode နိုင်ငံတကာစံ ISO 10646 အရ ဆောင်ရွက်ထားသော မြန်မာ Unicode စနစ်အကြောင်းနှင့် မြန်မာ Unicode စနစ်သို့ Migration ပြုလုပ်မည့်အစီအစဉ်များ၊ Radio Frequency ID စနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ ဝန်ကြီးဌာန/နိုင်ငံတော်အဖွဲ့အစည်းများအတွက် Domain Name နှင့် e-mail လိပ်စာများသတ်မှတ်အသုံးပြုနိုင်ရေးနှင့် Cyber Law မူကြမ်းပြုစုရေးဆွဲခြင်းလုပ်ငန်းအထောက်အကူပြု ကော်မတီဖွဲ့စည်းရေးကိစ္စရပ်များအား အသီးသီးဆွေးနွေးတင်ပြခဲ့ကြောင်းသိရှိရသည်။

သတင်းအဖွဲ့ (ဆ.သ.ရ)

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် Myanmar Cyber Security Challenge (2019) ပြိုင်ပွဲကျင်းပ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဇန်နဝါရီ (၂၆) ရက်၊ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် Myanmar Cyber Security Challenge (2019) သို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ပြိုင်ပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသာဦး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပံ့ပိုးကူညီသူများ၊ အကဲဖြတ်ဒိုင်များနှင့် ပြိုင်ပွဲဝင်များတက်ရောက်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူငယ်များအကြား ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပြန့်ပွားစေရန်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ သက်မွေးဝမ်းကြောင်းမှုအခွင့်အလမ်းများ တိုးတက်လာစေရန်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကာ တက္ကသိုလ်၊ ကောလိပ်များမှ ပြိုင်ပွဲဝင်အသင်းပေါင်း (၂၀) ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် ပထမဆုကို Team Oxpwn ကလည်းကောင်း၊ ဒုတိယဆုကို Team Hera ကလည်းကောင်း၊ တတိယဆုကို W.A.B (MGY) ကလည်းကောင်း ရရှိခဲ့ကြပြီး ပထမဆုအဖြစ် ငွေကျပ် ၁၅ သိန်းနှင့် Corei 5 Laptop ကွန်ပျူတာတစ်လုံး၊ ဒုတိယဆုအဖြစ် ငွေကျပ် ၁၀ သိန်းနှင့် smart phone တစ်လုံး၊ တတိယဆုအဖြစ် ငွေကျပ် ၇ သိန်းနှင့် Tablet တစ်လုံးတို့ကို ဒုတိယဝန်ကြီးဦးသာဦးက ဆုချီးမြှင့်ခဲ့ကြောင်းသိရသည်။

ဆ.သ.ရ (သတင်းအဖွဲ့)






# ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများတည်ဆောက်ရန် မြေယာအသုံးပြုမှုစီမံခန့်ခွဲရေးကော်မတီ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများတည်ဆောက်ရန် မြေယာအသုံးပြုမှု စီမံခန့်ခွဲရေးကော်မတီ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ (၁)ရက်၊ နေ့လည်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂) အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဆက်သွယ်ရေးအခြေခံအဆောက်အဦများ ချခင်းတည်ဆောက်ရာတွင် ကြုံတွေ့နေရသောအခက်အခဲများအား ဖြေရှင်းနိုင်ရေး၊ ဆက်သွယ်ရေးအခြေခံအဆောက်အဦများ ချခင်းတည်ဆောက်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျင်မြန်စွာခွင့်ပြုနိုင်ရေးနှင့် Broadband Master Plan ရေးဆွဲနိုင်ရေးကိစ္စများအား ဆွေးနွေးခဲ့ကြသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမျိုးဆွေက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများမှ တင်ပြလာသည့်အခက်အခဲများ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားလာရာတွင် ဦးစီးဌာနမှ စိစစ်ခွင့်ပြုသည့် လုပ်ငန်းစဉ်များ၊ ဆက်သွယ်ရေးအခြေခံအဆောက်အဦများ တည်ဆောက်ရာတွင် သက်ဆိုင်ရာမြေနှင့် အဆောက်အအုံကို စီမံခန့်ခွဲခွင့်ရှိသူသို့ ပေးဆောင်ရသည့် အခကြေးငွေများနှင့် စပ်လျဉ်း၍ နည်းဥပဒေများ၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးကိစ္စများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများအား တင်ပြဆွေးနွေးခဲ့သည်။

အစည်းအဝေးတက်ရောက်လာသည့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများနှင့် ဖိတ်ကြားထားသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များကလည်း ၄င်းတို့ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆက်သွယ်ရေးအခြေခံအဆောက်အဦများ ချခင်းတည်ဆောက်ရာတွင် ကြုံတွေ့နေရသည့် လယ်ယာမြေအား အခြားနည်းသုံးစွဲခွင့်ဆိုင်ရာ ကိစ္စများ၊ ဆက်သွယ်ရေးအခြေခံအဆောက်အဦများ တည်ဆောက်ရာတွင် သက်ဆိုင်ရာမြေနှင့် အဆောက်အအုံစီမံခန့်ခွဲခွင့် ရှိသူသို့ ပေးဆောင်ရသည့် အခကြေးငွေများ ဈေးနှုန်းကြီးမြင့်နေမှုစသည့်အခက်အခဲများအား ဖြေရှင်းဆောင်ရွက်နိုင်ရေးကိစ္စများအား ဆွေးနွေးခဲ့ကြပြီး ညှိနှိုင်းအစည်းအဝေးအား ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်းသိရှိရသည်။



သတင်းအဖွဲ့ (ဆ. သ. ရ)

# ပို့ဆောင်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဖေဖော်ဝါရီလ(၆)ရက်၊ နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်သော ပို့ဆောင်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Transport and ICT Sector Coordination Group) ၏ ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားရာတွင် ပို့ဆောင်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit) အောက်တွင် ဖွဲ့စည်းထားသည့် Sector Coordination Group- SCG (၁၀)ခုတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ မိမိတို့အဖွဲ့အား ပေါင်းစပ်ညှိနှိုင်းရေး လမ်းညွှန်ချက်များနှင့်အညီ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများဖြင့် ဖွဲ့စည်းထားပါကြောင်း၊ လုပ်ငန်းများနစ်ဖက်ချောမွေ့စွာ ညှိနှိုင်းဆောင်ရွက်နိုင်ရန် ပို့ဆောင်ရေးလုပ်ငန်းအဖွဲ့၊ သတင်းအချက်အလက်နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ဟူ၍အဖွဲ့ခွဲနှစ်ခု ထပ်မံဖွဲ့စည်း၍ ပုံမှန်တွေ့ဆုံ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ အလေးထားပြောကြားလိုသည်မှာ မိမိတို့ ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်များကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) ၏ ပန်းတိုင်များ၊ ရည်မှန်းချက်များနှင့်လည်း ညီညွတ်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ ကြုံတွေ့ရသော အခက်အခဲများရှိပါကလည်း မိမိတို့ ပူးပေါင်းအဖြေရှာ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ပို့ဆောင်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အား ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဌာနဆိုင်ရာ ကိုယ်စားလှယ် (၂၈) ဦး၊ ဖွံ့ဖြိုးမှုမိတ်ဖက် (၁၃) ဦး၊ စုစုပေါင်း (၄၁) ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးမှ ဆွေးနွေးချက်ရလဒ်များ၊ လုပ်ငန်းအဖွဲ့ဝင်သစ် အမည်စာရင်းများအတည်ပြုခြင်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများအား နှစ်ဖက်အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့်သတင်းအချက်အလက်နည်းပညာဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ဝင်များဖြစ်ကြသည့် ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်ကြသည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ အိန္ဒိယနိုင်ငံသံရုံး၊ ဂျပန်နိုင်ငံသံရုံး၊ အမေရိကန်နိုင်ငံသံရုံး၊ ADB၊ JICA၊ UNOPS၊ World Bank၊ WFP၊ MAF၊ MCRB အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

ဆ.သ.ရ (သတင်းအဖွဲ့)

# ရန်ကုန်မြို့ပြလူထု ရထားပို့ဆောင်ရေးစီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်မြို့၊ သိမ်ဖြူလမ်းရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ (၁)ရက်၊ နေ့လည် (၃)နာရီတွင် ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ တတိယအကြိမ်ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတွင် ရန်ကုန်မြို့ပြ လူထုရထားပို့ဆောင်ရေးစီမံကိန်းအကောင်အထည်ဖော်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးကျော်မျိုး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ၎င်းနောက် ဒုတိယဥက္ကဋ္ဌ (၁)ဒေါ်နီလာကျော်၊ ဝန်ကြီး၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း အမှာစကားပြောကြားခဲ့သည်။

ထို့နောက် JICA၊ Myanmar Office, Mr. Junji SHIBATA, Project Manager, JICA Preparatory Survey Team တို့မှလည်း ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့ ဒီ project ကို လုပ်ဆောင်ဖို့အတွက် project management unit လိုအပ်တယ်လို့ထင်ပါတယ်။ ဒီ project management unit မှာဆိုရင် ကျွန်တော့်အနေနဲ့ MOTC မှ အမြန်ဆုံး ဖွဲ့စည်းလုပ်ဆောင်လိမ့်မယ်လို့မျှော်လင့်ပါတယ်။ ကျွန်တော်တို့ရဲ့ project management unit မှာဆိုရင် ကဏ္ဍအသီးသီး၊ အစိတ်အပိုင်းအသီးသီးကို ဦးဆောင်မယ့်အဖွဲ့အစည်းတွေ ရှိနေပါတယ်။ ဒီ project management unit ရဲ့ ဝန်ထမ်းဦးရေဟာ ပုံမှန်အားဖြင့် (၆၀)မှ (၇၀)အထိရှိရမှာဖြစ်ပါတယ်" ဟု Mr. Junji SHIBATA, Project Manager, JICA Preparatory Survey Team ကပြောကြားသည်။



တင်မောင်၊ စိတ်ထက်















# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (၁၃) ကြိမ်မြောက်ဘွဲ့နှင်းသဘင်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားအား ဖေဖော်ဝါရီလ (၂) ရက်၊ နံနက်(၈)နာရီတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာမြတ်လွင်နှင့် တက္ကသိုလ်ကောင်စီဝင်များ၊ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ သဟာယအဖွဲ့ဝင်များ၊ ဆရာ/ဆရာမများ၊ ဘွဲ့ရကျောင်းသား/ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် သဘော်ကုမ္ပဏီများမှ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်မှ ဘာသာရပ်အလိုက် ပညာရည်ချွန်ပထမဆုကို မအေးနှင်းပွင့် SM -16၊ မလွင်အိမ်ငြိမ်းမိုး PM -1၊ မစုစုလင်း SM -1၊ မခိုင်ဆုနှင်း PM -1၊ မနှင်းနွယ်နီခိုင် TLM -52၊ မောင်ကောင်းပြည့်ဝန်း NA -2၊ မောင်ဆက်ပိုင်မှူး ME-3၊ မမြမျိုးမြင့်နွယ် PH -1၊ မသူသူထွန်း EE -1၊ မစုသဲဖြူ MM -9၊ မောင်စိုင်းညီညီလွင် NS -1၊ မောင်တူးရှန် NS -1 တို့အားလည်းကောင်း ဆက်လက်၍ ရေယာဉ်တည်ဆောက်မှုအင်ဂျင်နီယာပညာ ဘာသာရပ် (NA) မှ ကျောင်းသား မောင်ကောင်းပြည့်ဝန်းအား တော်ဝင်ရေယာဉ်ဗိသုကာအသင်း (အင်္ဂလန်) (RINA Myanmar Shipyard Award) ၏ ရွှေတံဆိပ်ဆုနှင့် ငွေကျပ်နှစ်သိန်းအား လည်းကောင်း၊ Hutchison Port Holding (Hong Kong) ၏ Best Port and Habour Engineer Student Prize (HPH) ရွှေတံဆိပ်ဆုနှင့် အမေရိကန်ဒေါ်လာ (၁၀၀၀) အား ဆိပ်ကမ်းအင်ဂျင်နီယာပညာဘာသာရပ် (PH) မှ ကျောင်းသူ မမြမျိုးမြင့်နွယ်အားလည်းကောင်း၊ Maersk Line Shipping Co.,Ltd ၏ Best Marine Electrical System & Electronics Engineering Student Prize ဆုငွေကျပ်တစ်သိန်းအား ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ်ဘာသာရပ်မှ ကျောင်းသူ မသူသူထွန်းအားလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ ဆက်လက်၍ ဂျပန်နိုင်ငံ YANMAR Co.,Ltd ၏ Best Marine Engineer Student Prize (ရွှေနာရီဆု) ဆုအား ရေကြောင်းအင်ဂျင်နီယာ ပညာဘာသာရပ် (ME) မှ ကျောင်းသား မောင်ဆက်ပိုင်မှူးအားလည်းကောင်း၊ ဂျပန်နိုင်ငံ Furuno Electric Co.,Ltd ၏ Best Nautical Science Student Prize (ဂုဏ်ပြုဆု) အား ရေကြောင်းသိပ္ပံဘာသာရပ်မှ ကျောင်းသား မောင်စိုင်းညီညီလွင်နှင့် မောင်တူးရှန်အားလည်းကောင်း၊ Starhigh-Asia Pacific Pte.,Ltd ၏ Best River & Costal Engineer Student Prize ဆုအဖြစ် ငွေကျပ်ငါးသိန်းအား မြစ်ချောင်းနှင့် ကမ်းရိုးတန်း အင်ဂျင်နီယာဘာသာရပ်မှ ကျောင်းသူ မအိဖူးသွယ်နှင့် Brilliant Marine Training Centre ၏ Best Marine Mechanical Engineer Student Prize ဆုအဖြစ် ငွေကျပ်သုံးသိန်းအား ရေကြောင်းစက်မှုအင်ဂျင်နီယာဘာသာရပ်မှ ကျောင်းသူ မစုသဲဖြူအားလည်းကောင်း တာဝန်ရှိသူများမှ ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်မှ ရေယာဉ်တည်ဆောက်မှုပညာဘွဲ့ (၄၅) ဦး၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ (၆၄) ဦး၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ (၂၅) ဦး၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာဘွဲ့ (၅) ဦး၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ်ပညာဘွဲ့ (၂၉) ဦး၊ ရေကြောင်းစက်မှုအင်ဂျင်နီယာဘွဲ့ (၂၄) ဦး၊ ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့ (၅၈) ဦး၊ ရေကြောင်းသိပ္ပံဘွဲ့ (၆) ဦး၊ ဘွဲ့လွန်ဒီပလိုမာ (၁၀၂) ဦး၊ မဟာအင်ဂျင်နီယာဘွဲ့ (၂) ဦးနှင့် ထောက်ပံ့သယ်ယူပို့ဆောင်ရေးဒီပလိုမာ (၁၀၁) ဦး စုစုပေါင်း (၄၆၁) ဦး တို့အား သက်ဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် မဟာအင်ဂျင်နီယာဘွဲ့များအား ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အနေဖြင့် ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ပထမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားအား စတင်ကျင်းပနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်အထိ (၁၃) ကြိမ်မြောက်တိုင် တစ်ဆက် တစ်စပ်တည်း ဘွဲ့နှင်းသဘင်အခမ်းအနားအား ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး ရေကြောင်းဘက်ဆိုင်ရာဘွဲ့နှင့် ဒီပလိုမာဘွဲ့ရ ကျောင်းသား/သူ စုစုပေါင်း (၄၇၉၀) ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တင်မောင်- (ပို့/ဆက်)၊
စိတ်ထက်

## ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီး H. E. Mr. Saurabh Kumar အား လက်ခံတွေ့ဆုံ



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်၊ နေ့လည်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Saurabh Kumar အား နေပြည်တော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်၍ ခရီးသည်နှင့် ကုန်စည်များ လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်ရန်အတွက် Motor Vehicle Agreement စာချုပ်လက်မှတ်ရေးထိုးရေး၊ နှစ်နိုင်ငံအကြားခရီးသည်တင်မော်တော်ယာဉ်များ (Coordinated Bus Service) ပြေးဆွဲရေး၊ ကုလားတန်မြစ်ကြောင်းဘက်စုံသုံး ပို့ဆောင်ရေးစီမံကိန်းအကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံအကြား လေကြောင်းလိုင်းများတိုးမြှင့်ပျံသန်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (မူကြမ်း) ရေးထိုးနိုင်ရေးတို့အား ဆွေးနွေးညှိနှိုင်း အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများတက်ရောက်ခဲ့ကြောင်းသိရသည်။

သတင်းအဖွဲ့ (ဆ.သ.ရ)



## ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် အမေရိကန်နိုင်ငံသံအမတ်ကြီး H. E. Mr. Scot Marciel အား လက်ခံတွေ့ဆုံ

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H. E. Mr. Scot Marciel ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီလ ၈ ရက်၊ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၅) ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်အား လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် 5G နည်းပညာနှင့် ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီပေးရေးကိစ္စရပ်များနှင့် ရန်ကုန်ဆိပ်ကမ်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မှု ကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးသာဦး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

သတင်းအဖွဲ့ (Transcom)

# တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကြံပေးနှင့် ကြီးကြပ်ရေးအဖွဲ့ ရွေးချယ်ရေးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်



ရန်ကုန်မြို့၊ သိမ်ဖြူလမ်းရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ (၁)ရက်၊ ညနေပိုင်းတွင် တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကြံပေးနှင့် ကြီးကြပ်ရေးအဖွဲ့ ရွေးချယ်ရေးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအကြံပေးနှင့် ကြီးကြပ်အဖွဲ့ရွေးချယ်ရေးဆိုင်ရာများဖြစ်သော တင်ဒါကော်မတီဖွဲ့စည်းခြင်းတွင် တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့အား ဝန်ကြီးရုံး၏ (၃. ၁. ၂၀၁၉)ရက်စွဲပါစာအမှတ် ပဆ-၃/(EDCF-DWIR)/၃၀ အရအဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များဖြစ်သော တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာ ဒီဇိုင်းနှင့် ကြီးကြပ်မှုအတွက် စိတ်ဝင်စားသည့် ကိုရီးယားကုမ္ပဏီများ၏ Company Profile အပေါ်မူတည်၍ Short List စာရင်း (၃ ခုမှ ၅ ခုအထိ) ရွေးချယ်ရန်၊ Short List စာရင်းဝင်ကုမ္ပဏီများမှ ပေးပို့လာသည့် Project Proposal၊ Method၊ ဒီဇိုင်းများအပေါ် မူတည်၍ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့နှင့် ကိုရီယား EXIM Bank တို့ ညှိနှိုင်းသတ်မှတ်ထားသည့် အရည်အချင်းသတ်မှတ်ချက်များနှင့်အညီ စိစစ်အမှတ်ပေးရန်၊ အဆင့်သတ်မှတ်ရန်၊ ယင်းအမှတ်ပေးဇယားအပေါ် EXIM Bank ၏ သဘောတူညီမှုအားရယူရန်၊ ရွေးချယ်ထားသည့် ကုမ္ပဏီ(၃-၅)ခုအနက် (၁)ခုအား အစီအစဉ်အတိုင်း ဈေးနှုန်းညှိနှိုင်းစိစစ်ရန်၊ ကိုရီးယား EXIM Bank ၏ သဘောတူညီမှုဖြင့် ကုမ္ပဏီ (၁)ခုအား ဒီဇိုင်းနှင့် ကြီးကြပ်မှုအတွက် ရွေးချယ်အတည်ပြုရန်၊ Consultant မှ ပြုစုထားသည့်ဒီဇိုင်းအတိုင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလတွင် ကိုရီးယားတည်ဆောက်ရေးကုမ္ပဏီများအား တင်ဒါခေါ်ယူခြင်းလုပ်ငန်းစဉ်အား ယခင်ရွေးချယ်မှုနည်းလမ်းအတိုင်းဆောင်ရွက်ရန်၊ တင်ဒါတင်သွင်းသည့် ကိုရီးယားကုမ္ပဏီများအား ၎င်းတို့အဆိုပြုသည့် တည်ဆောက်မည့်နည်းလမ်း၊ လုပ်ငန်းအတွေ့အကြုံ၊ လုပ်ငန်းအချိန်ဇယားတို့အပေါ် မူတည်၍ ကိုရီးယား EXIM Bank မှ သတ်မှတ်ထားသည့်လုပ်ထုံးလုပ်နည်းများ၊ တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့နှင့် ကိုရီးယား EXIM Bank တို့ ညှိနှိုင်းထားသည့် အရည်အချင်းသတ်မှတ်ချက်များနှင့်အညီ စိစစ်အမှတ်ပေးရန်နှင့် အကောင်းဆုံး (၃)ဖွဲ့အား ရွေးချယ်ရန်၊ ယင်းအမှတ်ပေးဇယားအပေါ် EXIM Bank ၏ သဘောတူညီမှုများအားရယူရန်၊ ရွေးချယ်ထားသည့် ကုမ္ပဏီ (၃)ခုအနက်မှ (၁)ခုအား အစဉ်အတိုင်း ဈေးနှုန်းညှိနှိုင်းစိစစ်ရန်၊ ကိုရီးယား EXIM Bank ၏ သဘောတူညီမှုဖြင့် ကုမ္ပဏီ(၁)ခုအား တည်ဆောက်ရေးအတွက် ရွေးချယ်အတည်ပြုရန်တို့အား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးမှ ရှင်းလင်းတင်ပြပါသည်။

၎င်းနောက် ညွှန်ကြားရေးမှူး (အောက်မြန်မာပြည်) ဦးအောင်ကျော်မှူးမှ တင်ဒါကိစ္စရပ်များကို Power Point များဖြင့် ရှင်းလင်းတင်ပြပါသည်။ ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်မှ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

တင်မောင် (ပို့/ဆက်)/ စိတ်ထက်




## ၂၀၀ ကျပ်တန် တံဆိပ်ခေါင်းသစ်ထုတ်ဝေ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ (၁၂)လရာသီပွဲတော်များနှင့် ပန်းများ အထိမ်းအမှတ် တပို့တွဲလအတွက် ထမနဲပွဲနှင့် ပေါက်ပန်း ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ဖေဖော်ဝါရီ ၅ ရက် (မြန်မာသက္ကရာဇ် ၁၃၈၀ပြည့်နှစ်၊ တပို့တွဲလဆန်း ၁ ရက်နေ့ အင်္ဂါနေ့) နံနက် ၉နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်အသီးသီးတွင် ရောင်းချပေးခဲ့ကြောင်း သိရသည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဖေဖော်ဝါရီ ၅ ရက်၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့ စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးခဲ့ကြောင်း၊ တံဆိပ်ခေါင်းတစ်ရွက်လျှင် အလုံး 30 ပါရှိပြီး၊ အရွယ်အစားအနေဖြင့် 84mm × 30mm (Horizontal) အလျားလိုက်ပုံစံထုတ်လုပ်ထားသည့် တံဆိပ်ခေါင်းစတင်ရောင်းချသည့်နေ့က ရန်ကုန်စာတိုက်ကြီးတွင် တံဆိပ်ခေါင်းစုဆောင်းသူများအသင်းကလည်း အမှတ်တရစာအိတ်ပေါင်း (၁,၀၀၀) ကို ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရှိရသည်။

လှမျိုး-ဆ.သ.ရ

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ညောင်တုန်းမြို့နှင့် ဇလွန်မြို့ ကမ်းပါးကာကွယ်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများလိုက်ပါလာ ဖေဖော်ဝါရီ (၂) ရက်၊ ညနေပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ညောင်တုန်းမြို့ကမ်းပါးကာကွယ်ရေးအတွက် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က ညောင်တုန်းမြို့ကမ်းပါးကာကွယ်ရေးအတွက် နှစ်အလိုက်ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများအပိုင်းလိုက်ဆောင်ရွက်ထားရှိမှု နယ်သာလန်နိုင်ငံနှင့် ပူးပေါင်းပြီး ညောင်တုန်းမြို့ကမ်းပါးကာကွယ်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ညောင်တုန်းမြို့ ကမ်းပါးကာကွယ်ရေးအခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတကပြန်လည်ဆွေးနွေးရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် နှစ်စဉ်ရေကြီးရေလျှံမှု သဘာဝဘေးဒဏ်ကို ကြုံတွေ့နေရသည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ ရေကြီးရေလျှံမှုဘေးမှ ထိခိုက်မှုလျော့နည်းစေရန် မြစ်ကော၊ ချောင်းကောများရှင်းလင်းတူးဖော်ခြင်းလုပ်ငန်းကို ဘဏ္ဍာရန်ပုံငွေသတ်မှတ်၍ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၁၆ ခုနှစ်က ရေကြီးရေလျှံမှုဖြစ်ပွားချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မိမိရောက်ရှိခဲ့ပါကြောင်း၊ ယင်းနောက်ပိုင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းအား အလေးထားဆောင်ရွက်ခဲ့မှုရလဒ်ကြောင့် ၂၀၁၈ ခုနှစ်တွင် ထိခိုက်ဆုံးရှုံးမှုလျော့နည်းသက်သာခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ညောင်တုန်းမြို့ မြစ်ကမ်းပါးထိန်းသိမ်းရေး လုပ်ငန်းသည်လည်း သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတစ်ခုဖြစ်၍ ရရှိသည့်ဘဏ္ဍာရန်ပုံငွေပေါ် မူတည်ပြီး အရေးကြီးလိုအပ်သည့်နေရာများကို ဦးစားပေးဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့သည် ညောင်တုန်းမြို့ကမ်းနားတစ်လျှောက် မြစ်ကမ်းပါးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ညောင်တုန်းမြို့ ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ရန် စုစုပေါင်းအလျားပေ (၆၂၅၀)ရှိပြီး လုပ်ငန်းဆောင်ရွက်ပြီး အလျားပေ (၁၅၇၅)ပေရှိကာ လုပ်ငန်းဆောင်ရွက်ရန် ကျန်အလျား (၄၆၇၅)ပေရှိကြောင်းသိရသည်။

ဖေဖော်ဝါရီ (၃)ရက်၊ မွန်းလွဲပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့သည် ဟသ်ာတခရိုင်၊ ဇလွန်မြို့နယ် ဧရာဝတီဟသ်ာတ တာမိုင် ၂၂/၄-၂၄/၀ အတွင်း သဲကုန်းညောင်အိုင် ကမ်းပြိုကမ်းစားမှုအခြေအနေနှင့် ပန်းတာသစ်တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရှိရသည်။

ရှေးဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ဇလွန်မြို့နယ် အိုးဖို-သဲကုန်းကျေးရွာဆည်မြောင်းတာတမံအနီး ကမ်းထိန်းလုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များနှင့် ပတ်သက်၍ ဒုတိယသမ္မတက ဧရာဝတီဟသ်ာတတာ မြစ်ကမ်းတစ်နှစ်အတွင်း ကမ်းစားနှုန်းသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားမြန်ဆန်လာပါကြောင်း ကမ်းပြိုကမ်းစားမှုအခြေအနေအား ထိန်းသိမ်းနိုင်ရန် မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းအား ဆောင်ရွက်နေသကဲ့သို့ ရေနက်စီးကြောင်းနေရာများကိုဖြစ်ပေါ်စေသော မြစ်အတွင်းမှ တရားမဝင်ကျောက်စရစ်ခဲထုတ်လုပ်မှုမရှိစေရေး တိုင်းဒေသကြီးအစိုးရမှ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် သဲကုန်း-ညောင်အိုင် ပန်းတာသစ်အား မိုးရာသီမတိုင်မီပွင့်လင်းရာသီအတွင်း တည်ဆောက်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သိရသည်။

တင်မောင်- (ပို့/ဆက်)

# ချင်းတွင်းမြစ်ရေနည်းပါးချိန်တွင် ရေယာဉ်များရေကြောင်းပြအမှတ်အသားများအတိုင်းမောင်းနှင်ကြရန်လို





ချင်းတွင်းမြစ်ရေနည်းကာလအတွင်း ကုန်တင်ရေယာဉ်များနှင့် လူစီးအမြန်ရေယာဉ်များ ရေကြောင်းပြအမှတ်အသားများပြသထားသည့် ရေလမ်းကြောင်းများအတိုင်း မောင်းနှင်ကြရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက "နွေရာသီမြစ်ရေနည်းပါးချိန်ဆိုရင် မော်လိုက်မြို့နယ်အောက်ဘက်ရိုးလာရေလမ်းကြောင်း အမြဲတမ်းလိုပဲရေကြောင်းကျပ်ပါတယ်။ နောက်တစ်ခုက ဟုမ္မလင်းမြို့အောက်ဘက်ခြမ်းက ကက်သာဆင်းရေကြောင်းလည်း ကျပ်ပါတယ်။ ကျန်တဲ့နေရာတွေကတော့ ရေလမ်းကြောင်းပေါက်တာမူတည်ပြီးမှ ရေကြောင်းကျပ်တာတွေဖြစ်တာပါ။ ရေကြောင်းအပြောင်းအလဲပေါ်မှာ မူတည်ပြီးတော့မှကျပ်တယ်။ ရေကြောင်းကျပ်တဲ့နေရာတွေမှာ ရေကြောင်းပြအမှတ်အသားတွေထားရှိပါတယ်၊ နွေရာသီမြစ်ရေနည်းပါးချိန်မှာ သတ်မှတ်ထားတဲ့ရေလမ်းကြောင်းအတိုင်းမောင်းမယ် ဆိုရင်ရေလမ်းကြောင်းရေရှည်ခိုင်မယ်။ ဟိုနားကဖြတ် ဒီနားကဖြတ်နဲ့ မောင်းကြမယ်ဆိုရင် ဖြတ်လမ်းတွေက ရေကမျှစီးရတဲ့အတွက် ရေကမလုံးတော့ဘူး၊ လမ်းကြောင်းတွေပျက်ကုန်မယ်။ ဒါကြောင့်သတ်မှတ်ပေးထားတဲ့ ရေလမ်းကြောင်းတွေက မောင်းနှင်ကြဖို့လိုပါတယ်"ဟု ပြောသည်။

ချင်းတွင်းမြစ်ကြောင်းတွင် နှစ်စဉ်နိုဝင်ဘာလမှ မေလအထိကို ရေနည်းကာလအဖြစ်သတ်မှတ်ထားသော ၄င်းကာလများတွင် ချင်းတွင်းမြစ်အထက်ပိုင်းဒေသများ၌ မြစ်ကြောင်းကျပ်တည်းမှုများ ဖြစ်ပေါ်လျက်ရှိသည်၊ ထို့ကြောင့် ထိုအချိန်တွင် လမ်းခရီး၌ ရေယာဉ်များသောင်တင်မှုများ ဖြစ်ပေါ်မှုမရှိစေရန်အတွက် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး)မှ ရေကြောင်းပြအမှတ်အသားများကို ချထားပေးခြင်းဖြစ်သည်။

တင်မောင်(ပို့/ဆက်)
အိမ်စည်

# အောင်ဘာလေသိန်းဆုဌာနက ကျပ်တစ်ထောင်တန်ထီလက်မှတ်အုပ်ရေသုံးသိန်းကျော်ရောင်းချ

အများပြည်သူသို့ ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ရောင်းချလိုက်သည့် ကျပ်တစ်ထောင်တန် ထီလက်မှတ် ထီအုပ်ရေပေါင်း သုံးသိန်းကျော်ကို အောင်ဘာလေသိန်းဆုဌာနက အရောင်း ကိုယ်စားလှယ်များသို့လတ်တလောတွင် ရောင်းချထားကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာနမှသိရသည်။

လက်ရှိအချိန်တွင်ထီလက်မှတ် အရောင်းကိုယ်စားလှယ်ကို ကျပ်တစ်ထောင်တန်ထီလက်မှတ် အကွခရာပေါင်းအလုံး ၄၀ အထိရောင်းချထားပြီးဖြစ်ကာ အကွခရာတစ်လုံးတွင်ထီအုပ်ရေပေါင်း ၈၁၀၀ ကျော်ပါဝင်ပြီး ထီတစ်အုပ်တွင် စောင်ရေ ၁၁ စောင်ပါဝင်ကြောင်း အဆိုပါဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကျပ်တစ်ထောင်တန် ထီလက်မှတ်၏အမြင့်ဆုံးဆုကြေးကို ကျပ်သိန်းပေါင်းတစ်သောင်းခွဲ သတ်မှတ်ထားပြီး ပေါက်မဲဆုအရေအတွက်ကို ကျပ်ငါးရာတန်ထီလက်မှတ်ပေါက်မဲအရေအတွက်ထက် နှစ်ဆကျော်၊ ဆုမဲပေါင်းနှစ်သိန်းကျော်အထိတိုးမြှင့်ပေးရန် စီစဉ်ထားသည်။

လက်ရှိဈေးကွက်အတွင်း၌ ကျပ်တစ်ထောင်တန်ထီလက်မှတ်တစ်စောင်လျှင်ကျပ် ၁၂၀၀ ခန့်အထိပေါက်ဈေးရှိကြောင်း ထီဈေးကွက်အတွင်းမှသိရသည်။

ကျပ် ၂၀၀ တန် ထီလက်မှတ်ရောင်းချစဉ် တစ်နှစ်လျှင်အခွန်ကျပ် ၄၀ ဘီလီယံခန့်ရရှိခဲ့ပြီးကျပ် ၅၀၀ ထီလက်မှတ်သို့တိုး မြှင့်လိုက်ချိန်တွင် အခွန်သည်တစ်နှစ် လျှင်ကျပ် ၁၀၀ ဘီလီယံအထိတိုးမြှင့် ရရှိကြောင်း ပြည်တွင်းအခွန်များဦးစီး ဌာနမှသိရသည်။

T.Z

# သစ်ကုန်ကြမ်းတန်ချိန် ငါးထောင်ကျော် အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချပေးမည်



မန္တလေးတိုင်းဒေသကြီးအတွင်း သစ်ကုန်ကြမ်းလိုအပ်နေသည့် သစ်အခြေခံအသေးစား၊ အလတ်စားနှင့် အငယ်စားလုပ်ငန်း (MSME) အတွက်သစ်ကုန်ကြမ်းတန် ၅၄၀၀ ကို အိတ်ဖွင့်လေလံစနစ်ဖြင့် ဖေဖော်ဝါရီလ တတိယပတ်မှ စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အခုချိန်တွင် သစ်အခြေခံလုပ်ငန်းများမှ သစ်ကုန်ကြမ်းမရနိုင်သည့်အတွက်လုပ်ငန်းများနားလိုက်ခြင်းမျိုးရှိသလို လုပ်ငန်းမရှင်သန်တာများလည်းရှိပြီး ယခုလိုရောင်းချပေးသည့်အတွက် တိုင်းဒေသကြီးအတွင်း၌ရှိသော သစ်အခြေခံလုပ်ငန်းများမှ တရားဝင်သစ်ကုန်ကြမ်းတွေဖူလုံစွာဖြင့်လုပ်ငန်းလည်ပတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့်လုပ်ငန်းရှင်သန်ရန်ယခုလို လေလံနှင့်ရောင်းချခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ယှဉ်ပြိုင်ဝယ်ယူရာတွင်လည်း သမာဓိအာမခံကြေးငွေကို သစ်လုံး၊ ခွဲသားပမာဏတစ်တန်မှ တန် ၅၀ အထိကျပ် ၁၅ သိန်းနှုန်း၊ ၅၁ တန်မှ တန် ၁၀၀ အထိ ၂၅ သိန်းနှုန်း၊ ၁၀၁ တန်မှ တန်၁၅၀ အထိကျပ်သိန်း ၄၀ နှုန်း၊ ၁၅၁ တန်မှတန် ၂၀၀ အထိကျပ် ၅၅ သိန်းနှုန်းနှင့် ၂၀၁ တန်နှင့်အထက်ကိုကျပ် ၇၅ သိန်းနှုန်းပေးသွင်းရမည်ဖြစ်သည့်အပြင် လေလံအောင်မြင်သူများအနေဖြင့် ကုန်ကြမ်းများကို လေလံအောင်မြင်သည့်လုပ်ငန်းတည်နေရာ၌သာ ကုန်ကြမ်းအဖြစ်အသုံးပြုရမည်ဖြစ်ကြောင်းသိရသည်။

အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချရာတွင်ကျွန်း၊ ပျဉ်းကတိုး၊ သစ်မာအစရှိသည့် သစ်ကုန်ကြမ်းများကိုသစ်လုံး၊ သစ်ခွဲသား၊ အထို၊ အသေး၊ ရွေးကျန်များကို မျက်မြင်အခြေအနေအတိုင်းရောင်းချသွားမည်ဖြစ်ပြီး သစ်ကုန်ကြမ်းဝယ်ယူလိုသည့်လုပ်ငန်းရှင်များအနေဖြင့် သမာဓိအာမခံကြေးပေးသွင်း၍ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ကြောင်းသိရသည်။

T.Z

# မိုးကုတ်မြို့ရှိ ကျောက်ပြသာဒ်၊ ပန်လင်-ဘားနဒ်ကျေးရွာများသို့ ခရီးစဉ်တိုးမြှင့်လိုက်ပြီ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့သို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နိုင်ရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက်ရှိရာ မန္တလေး-မတ္တရာ-စဉ့်ကူ-သပိတ်ကျင်း-မိုးကုတ်ခရီးစဉ်အတိုင်းသွားလာကြရန်နှင့် လှည့်ပတ်သွားလာမှုကို မြို့တွင်းမြို့ပေါ်တွင်သာ ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ နိုင်ငံခြားသားခရီးသွားဧည့်သည်များအား မိုးကုတ်မြို့၏သွားရောက်လည်ပတ်ရန် ခွင့်ပြုထားသည့် မြို့တွင်းမြို့ပေါ်အပြင် ကျောက်ပြသာဒ်၊ ပန်လင်-ဘားနဒ်ကျေးရွာများသို့ ခရီးစဉ်တိုးမြှင့်လည်ပတ်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ပွင့်လင်းရာသီကာလဖြစ်သည်နှင့်အညီ နိုင်ငံခြားသားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ပိုမိုတိုးမြှင့်ဝင်ရောက်နိုင်ရေးအတွက် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ခြင်းနှင့် ဘက်ပေါင်းစုံမှ ဖြေလျှော့ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ထင်ရှားသောဒေသများသို့ စဉ်ဆက်မပြတ်လာရောက် လည်ပတ်လျက်ရှိသည်။

ထို့ပြင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ဖေဖော်ဝါရီလ (၄)ရက်က ရန်ကုန်မြို့၊ Chatrium Hotel ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ပြုလုပ်ခဲ့ပြီး အစည်းအဝေး၌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အမှာစကားပြောကြားရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ အာရှလူမျိုး ခရီးသွားဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗီဇာဖြေလျှော့မှုများကို သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်မှုများလည်းရရှိခဲ့ပါကြောင်း၊ ယခုထပ်မံပြီး အနောက်ဥရောပမှ ခရီးသွားဧည့်သည်များပိုမိုလာရောက်၍ မြန်မာနိုင်ငံ၏အေးချမ်းသာယာသည့် ပကတိအခြေအနေကို ပြသနိုင်ရန်အတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှသိရသည်။

ES

# မန္တလေးတွင် ခရီးသွားပြခန်းများနှင့် အစားအသောက်ပြပွဲ (Food Show) ကျင်းပမည်



မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရန်ခရီးသွားပြခန်းများနှင့် အစားအသောက်ပြပွဲ (Food Show) ကျင်းပမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှသိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရန်၊ ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုသိရှိလည်ပတ်စေရန်၊ မြန်မာ့ရိုးရာ အစားအစာများကို ပိုမိုသိရှိစေရန်နှင့် အစားအသောက်များကို အခြေခံ၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှုများကိုသိရှိခံစားနိုင်စေရန် ရည်ရွယ်ပြုလုပ်မည့် မြန်မာနိုင်ငံ ခရီးသွားပြခန်းများနှင့် အစားအသောက်ပြပွဲ (Food Show) ကိုမန္တလေးမြို့တွင် ဖေဖော်ဝါရီလ (၁၆)ရက်မှ (၁၉) ရက်အထိကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲကို မဟာမြတ်မုနိဘုရားကြီးအကြိမ် (၆၀) မြောက်ဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း ကျင်းပရန်စီစဉ်နေခြင်းဖြစ်ပြီး ပြပွဲတွင် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ၍ ခရီးသွားဧည့်သည်များ ကိုယ်တိုင်ပါဝင်ခံစားနိုင်ရေးနှင့် အစားအသောက်များကိုကိုယ်တိုင်ပါဝင် ပြင်ဆင်ပြုလုပ်နိုင်ရေးဆိုင်ရာများ၊ သက်ဆိုင်ရာခရီးသွားပြခန်းများ ပါဝင်ပြသနိုင်ရေးဆိုင်ရာများကို ဆွေးနွေးလျက်ရှိကြောင်းသိရသည်။

ယင်းပွဲတော်အတွက် ကြိုတင်ညှိနှိုင်းအစည်းဝေးကို ဖေဖော်ဝါရီ ၇ရက်က မန္တလေးမြို့ရှိ Gold Leaf Hotel ၌ပြုလုပ်ခဲ့ပြီး အစည်းအဝေးကိုဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မန္တလေးရုံးခွဲ) မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံစားသောက်ဆိုင်များအသင်းမှတာဝန်ရှိသူများ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များမှကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သူများ နှင့်ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြကြောင်းသိရသည်။

ES

» စာ-၈

ဒေါ်ဖေစံကတော့ "ပြည်ထောင်စုနေ့ကျင်းပတာကိုပျော်ပါတယ်။ အဲဒီ့လိုတစ်ယောက်ယဉ်ကျေးမှုကို တစ်ယောက်သိမှအပြန်အလှန်လေးစားမှာပေါ့လေ။ ဒါပေမဲ့ဒီလိုတစ်နေရာထဲမှာပဲ တိုင်းရင်းသားတွေစုံပြီးပျော်မြူးနေကြရုံတစ်ခုထဲနဲ့တော့မပြည့်စုံသေးဘူးလို့ အန်တီကတော့ထင်တယ်။ တကယ့်ရင်ထဲကစေတနာနဲ့ အန်တီတို့တိုင်းရင်းသားဒေသတွေမှာဖြစ်ပေါ်နေတဲ့ ဒီတိုက်ခိုက်မှုတွေကို တကယ့်စေတနာနဲ့ဖြေရှင်းစေချင်တယ်။ ဒီရန်ကုန်တစ်မြို့ထဲမှာပဲ တိုင်းရင်းသားတွေစုံနေတာနဲ့ မလုံလောက်ဘူး အန်တီကထင်တယ်။ ဟိုကလူတွေကျန်ခဲ့တဲ့သူတွေကပြောနေတယ်။ ရန်ကုန်ကလူတွေတော့ပျော်နေကြတယ်။ ငါတို့တွေကတော့ ပျင်းနေရတယ်ဆိုပြီး ပြောလာတော့စိတ်မကောင်းဘူး"ဟုပျော်ရွှင်မှုများကို ဒေသအသီးသီးမှတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အတူတကွမျှဝေခံစားစေချင်သည့်စိတ်နှင့်ပြောပြပါသည်။

ထို့သို့သောရင်တွင်းစကားများသည် ပြည်ထောင်စုနေ့အပေါ်ထားရှိကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ရင်တွင်းစကားများပင်ဖြစ်ပါသည်။ မိမိတို့အဖွဲ့နှင့်စကားမဆုံခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ရင်တွင်းတွင်လည်း ပြည်ထောင်စုနေ့အပေါ်ထားရှိသည့် ရင်တွင်းစကားသံများ ရှိနေနှင့်ကြပါလိမ့်မည်။ နိုင်ငံတော်ကတော့ ယခုနှစ်တွင်ကျရောက်မည့် ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များကို ဤသို့ဖော်ပြထားပါသည်။

**၂၀၁၉ ခုနှစ် (၇၂)နှစ် ပြည်ထောင်စုနေ့အမျိုးသားရေး ဦးတည်ချက်များ**

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက်တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁)ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး"စည်းလုံးညီညွတ်စွာ"ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ကောင်းမွန်သောပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေးဟူ၍ဖြစ်သည်။ ဤသို့သောအမျိုးသားရေးဦးတည်ချက်များသည် ၂၀၁၉ ခုနှစ်၏ ၇၂ နှစ်မြောက်ပြည်ထောင်စုနေ့ကို ရည်ညွှန်းပါသည်။

**သွေးချင်းတို့ရဲ့ပြည်ထောင်စုနေ့**

ဖေဖော်ဝါရီလ ၁၂ ရက်ကို "ပြည်ထောင်စုနေ့" ဟူ၍ မြန်မာနိုင်ငံတော်အစိုးရကအသိအမှတ်ပြုပြီး ရုံးပိတ်ရက်အဖြစ်သတ်မှတ်ထားသည်။ ၁၉၄၈ နှင့် ၄၉ ခုနှစ်များတွင် ပြည်ထောင်စုနေ့သဘင်ကို ပင်လုံမြို့၌ကျင်းပခဲ့ပြီး ၁၉၅၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ ပြည်ထောင်စုနေ့ဟူသည် တစ်ပြည်ထောင်လုံးရှိ တိုင်းရင်းသားပေါင်းစုံ၏သွေးစည်းညီညွတ်မှုကိုပြသနိုင်ခဲ့သောနေ့ဖြစ်သည်နှင့်အညီ ထိုနေ့အပေါ်မျှော်လင့်ထားရှိသည့်ခံစားချက်များသည် တိုင်းရင်းသားအားလုံးတူညီကြပါလိမ့်မည်။ အားလုံးသည် တသွေးတသားတည်းဖြင့် ချစ်ကြည်ငြိမ်းချမ်းစွာ အတူတကွဖြတ်သန်းလိုကြပါလိမ့်မည်။ ထို့ကြောင့် ၇၂ နှစ်မြောက် ပြည်ထောင်စုနေ့ဆောင်ပုဒ်တစ်ခုဖြစ်သည့် "ညီညွတ်ခြင်းသည် စွမ်းအင်၊ စည်းလုံးခြင်းသည် ခွန်အား၊ ပြည်ထောင်စု၏ နှလုံးသား" ဆိုသကဲ့သို့ သွေးချင်းတို့၏ စွမ်းအင်၊ ခွန်အားနှင့် နှလုံးသားတို့ တစ်သားတည်းကျကာ တိုင်းရင်းသားနယ်မြေအားလုံးငြိမ်းချမ်းသာယာစေဖို့ NCA ဆိုသည့်အပစ်အခတ်ရပ်စဲရေးစာချုပ် NCA ၏ ရလဒ်များ၊ ဆွေးနွေးမှုများပိုမိုတိုးတက်လာပါစေလို့ ဆုတောင်းလိုက်ရပါတော့သည်။

# ပြည်တွင်းထွက်ရေချိုငါးတန်များ တရုတ်ပြည်ဈေးကွက်သို့ တင်ပို့မည်



မြန်မာနိုင်ငံအတွင်း ရေချိုငါးလုပ်ငန်းမွေးမြူသူများအနေဖြင့် ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်သို့ထုတ်လုပ် တင်ပို့စေနိုင်ရန်အတွက် မကြာမီတွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စမ်းသပ်တင်ပို့နိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်ထံမှ သိရသည်။

ပြည်တွင်း၌ ငါးတန်ထုတ်လုပ်မှုများသော်လည်း ဈေးကွက်အရစားသုံးသူနည်းပါးသောကြောင့် ထုတ်လုပ်မှုနှင့် စားသုံးမှုအရောင်းအဝယ်မမျှသည့်အတွက် ငါးလုပ်ငန်းလုပ်ကိုင်သူများ တွက်ခြေမကိုက်နိုင်သည့်အတွက် ဈေးကွက်ကြီးမားပြီးလူဦးရေအရစားသုံးသူများပြားသော တရုတ်ပြည်ဈေးကွက်ကို ပြည်ပပို့ကုန်အဖြစ် စီစဉ်ခြင်းဖြစ်ကြောင်း ယင်းအဖွဲ့ချုပ်ထံမှသိရသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ယခုအခါစမ်းသပ်မွေးမြူပြီးဈေးကွက်အောင်မြင်ရရှိစေရန်အတွက်ဦးဆောင်မွေးမြူကာ ပြည်ပဈေးကွက်သို့ပို့ဆောင်မည်ဖြစ်ကြောင်း ငါးနှင့်အစာကိုအရည်အသွေးပြည့်မီစေရန် ပြည်တွင်းအနေဖြင့်လုပ်ဆောင်ပြီး ကုန်ကျစရိတ်နှင့်အကျိုးအမြတ်ကိုတွက်ကာ ဆက်လက်လုပ်ဆောင်၍ တစ်ပိုင်တစ်နိုင်ရေချိုငါးမွေးမြူသူများအား လက်တွဲကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ယခုအချိန်တွင် ပြည်တွင်းဈေးကွက်အတွင်း ငါးမြစ်ချင်း၊ တီလားဗီးယားငါးများသာ အဓိကဈေးကွက်တွင်ဝယ်လိုအားရှိနေပြီး ငါးမြစ်ချင်းကိုဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နေကြောင်းသိရသည်။

ဘုန်းပိုင်ဦး

# ပြည်နယ်လေးခုတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်မည်ဆိုပါက အခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်ထိရရှိမည်

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့ရှိမည့်သည့်မြို့နယ်တွင်းမဆို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက အခွန်ကင်းလွတ်ခွင့်ကို ခုနစ်နှစ်အထိ ပေးထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနထံမှသိရသည်။

အခွန်ကင်းလွတ်ခွင့်ပေးရာ၌ ဖွံ့ဖြိုးတိုးတက်မှုရှိသည့် ဒေသများကို ဇုန် ၃ အဖြစ်သတ်မှတ်ကာအခွန်ကင်းလွတ်ခွင့်သုံးနှစ် အနည်းငယ်ဖွံ့ဖြိုးတိုးတက်မှုရှိသည့်ဒေသများကို ဇုန်၂ အဖြစ်သတ်မှတ်ကာ အခွန်ကင်းလွတ်ခွင့်ငါးနှစ်နှင့်ဖွံ့ဖြိုးမှုမရှိသည့်ဒေသများကို ဇုန် ၁ အဖြစ်သတ်မှတ်ကာ အခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်သတ်မှတ်ပေးထားကြောင်းသိရသည်။

ယင်းပြည်နယ်လေးခုအနက် ချင်းပြည်နယ်တွင် ယနေ့အချိန်ထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုသာရှိပြီး ကျန်ရှိသည့်ပြည်နယ်သုံးခုတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအနည်းငယ်သာရှိသေးကြောင်းတွေ့ရသည်။

အဆိုပါပြည်နယ်များ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးအတွက်ရင်းနှီးမြှုပ်နှံမှုပြပွဲများကို ကျင်းပသွားရန်စီစဉ်ထားပြီး ဖေဖော်ဝါရီလ၌ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကိုလည်းကောင်း မတ်လ၌ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကိုလည်းကောင်းကျင်းပရန် စီစဉ်ထားကြောင်းသိရသည်။

ဘုန်းပိုင်ဦး

# ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ PCP သင်တန်းသား (၃)ဦးအတွက် ရန်ကုန်ပြည်သို့ ပညာသင်ဆုကြေးများ ထောက်ပံ့ပေးအပ်

ကမ္ဘောဇအုပ်စု၊ ပရဟိတအဖွဲ့အစည်းမှ ကျောင်းသားလူငယ်များကိုကျိုးကြောင်းဆီလျော်စွာ ဝေဖန်တွေးခေါ်တတ်သူများဖြစ်လာပြီး နိုင်ငံတကာကျောင်းများမှ ပညာသင်ဆုများရရှိနိုင်ကာ မိမိတို့နိုင်ငံနှင့်လူ့အဖွဲ့အစည်း တိုးတက်ပြောင်းလဲမှုအတွက်ဦးဆောင်သူများ ထွက်ပေါ်လာစေရန် သင်ကြားပေးလျက်ရှိသော (၁၆)လကြာ သင်တန်းမှသင်တန်းသားများအတွက် အမေရိကန်ဒေါ်လာ(၃၁,၈၀၀) ထောက်ပံ့ခဲ့ကြောင်း သိရသည်။

The Pre-Collegiate Progra -m of Yangon မှ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် (၁၆)လကြာ PCP သင်တန်းသည် အခြေခံပညာအထက်တန်းအောင်မြင်ပြီး ကျောင်းသားများအတွက် နိုင်ငံတကာကျောင်းများတွင် တက်ရောက်နိုင်မည့်ပညာသင်ဆုများရရှိနိုင်ရန်၊ ပညာဆက်လက်သင်ကြားလေ့လာရာတွင် ပိုမိုတိုးတက်မှုရှိစေရန်နှင့် မိမိမွေးရပ်မြေမြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး သက်မွေးဝမ်းကျောင်း လုပ်ငန်းများစတင်ကာ နယ်ပယ်ကဏ္ဍအသီးသီးတွင် ဦးဆောင်လုပ်ကိုင်နိုင်ရန် လေ့ကျင့် သင်ကြားပေးနေခြင်းဖြစ်သည်။ ကမ္ဘောဇကုမ္ပဏီများအုပ်စု(ကမ္ဘောဇအုပ်စု)၏ လူမှုရေးလုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM)မှ Pre-Collegiate P -rogram (PCP)သင်တန်းတက်ရောက်မည့် မြန်မာကျောင်းသား(၃)ဦးအတွက် ပညာသင်ဆုကြေးများရွေးချယ် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ PCP သင်တန်းသား (၃) ဦးအတွက် ရန်ကုန်ပြည်သို့သင်တန်းကြေးထောက်ပံ့မှုအဖြစ် စုစုပေါင်း အမေရိကန်ဒေါ်လာ (၃၁,၈၀၀)ထောက်ပံ့ပေးအပ်ခဲ့ခြင်းမှာ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ ဒုတိယနှစ်မြောက် ပံ့ပိုးကူညီမှုဖြစ်သည်။ အဆိုပါ သင်တန်းသားများသည် ယခုလအတွင်း သင်ကြားပို့ချမည့် PCP သင်တန်းမှ သင်ရိုးအစီအစဉ်များအားလုံးကို (၁၇)ကြိမ်မြောက်တန်းခွဲအုပ်စုအဖြစ် တက်ရောက်ကြမည်ဖြစ်သည်။ ထို့နောက်၂၀၂၀ ခုနှစ်တွင် အလုပ်သင်ကာလတစ်ခုဖြင့် ဆက်လက် သင်ကြားလေ့လာရမည်ဖြစ်သည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ ပူးတွဲတည်ထောင်သူနှင့် ဥက္ကဋ္ဌ၊ ဒေါ်နန်းလိုင်ခမ်းက“ PCP သင်တန်းမှာ တက်ရောက်သင်ကြားခွင့်ရပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားဖို့ကတိပေးထားတဲ့ ကျောင်းသားသုံးယောက်ကို ဒုတိယနှစ်မြောက်ပညာသင်ဆုအဖြစ် ထောက်ပံ့ပေးအပ်နိုင်ခဲ့တဲ့ အတွက် ကျွန်မတို့ဖောင်ဒေးရှင်းအနေနဲ့ အထူးပဲဝမ်းသာ ဂုဏ်ယူမိပါတယ်။ အခုလို ပညာရေးအခွင့်အလမ်းတွေဟာ မျိုးဆက်သစ်လူငယ်တွေကိုကိုယ့်နိုင်ငံနဲ့လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးပြုနိုင်တဲ့ အနာဂတ်ခေါင်းဆောင်ကောင်းတွေအဖြစ် ပုံဖော်ရာမှာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုပါ”ဟုဆိုသည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း(BFM)သည် ၂၀၀၈ ခုနှစ်တွင် ကမ္ဘောဇအုပ်စုမှ တည်ထောင်ခဲ့ပြီး ဂုဏ်ပြုဆုရရှိထားသည့် ပရဟိတဖောင်ဒေးရှင်းဖြစ်သည်။ ဖောင်ဒေးရှင်း၏ အဓိကရည်ရွယ်ချက်မှာ ဖွံ့ဖြိုးမှုနည်းပါးသောလူမှုဝန်းကျင်မှ ဆင်းရဲနွမ်းပါးသည့် ပြည်သူများ၏ဘဝများအား မြှင့်တင်နိုင်ရန်အတွက် လူမှုရေးအကျိုးပြုလုပ်ငန်းများအား ရေရှည်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖောင်ဒေးရှင်း၏အဓိကလုပ်ငန်းစဉ် (၅)ရပ်ဖြစ်သောသဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန်၊ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရန်၊ သဘာဝပတ်ဝန်းကျင်စီမံလန်းစိုပြေရေးဆောင်ရွက်ရန်၊ လူငယ်များ၏ ပညာရေးနှင့်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးရန်၊ ဒေသဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရန် အစရှိသည်တို့ကိုဆောင်ရွက်ခြင်းဖြင့် ရေရှည်၌ဆင်းရဲနွမ်းပါးမှုများအား လျှော့ချပေးနိုင်ရန်ဖြစ်ကြောင်း သိရသည်။

ES

## Transcom News journal Cartoons



# ပုဂံတွင် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ရှေးဟောင်းအဆောက်အအုံများ စာရင်းကောက်



ပုဂံရှေးဟောင်း အဆောက်အအုံများတည်ရှိရာဇုန်အတွင်းရှိ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့် ရှေးဟောင်းအဆောက်အအုံများကို ကွင်းဆင်း၍ စစ်တမ်းကောက်ယူနေကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)ထံမှ သိရသည်။

ပုဂံဒေသသည် ဘူမိဆိုင်ရာအနေအထားအရ ဘူမိမိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ ဘေးအန္တရာယ်များနှင့် လူတို့ဖန်တီးပြုလုပ်သော ဘေးအန္တရာယ်များ၏ သက်ရောက်မှုများထိခိုက်ခံစားနေရကြောင်း၊ ထို့ကြောင့် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၏ ထူးခြားသည့် ယဉ်ကျေးမှုတန်ဖိုးများဖြစ်ပေါ်နေသည့် ဘေးအန္တရာယ်များ နည်းပါးသည်ထက် နည်းပါးစေရန်နှင့် ကြိုတင်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်နိုင်ရန် ပြုလုပ်ရခြင်းဖြစ်ကြောင်း ယင်းဌာန (ပုဂံဌာနခွဲ)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဇုန်အတွင်း ဘုရားတစ်ဆူချင်းစီသည် သဘာဝဘေးအန္တရာယ်ကြောင့် မည်သည့်အရာများထိခိုက်နေသည်ကို စစ်တမ်းကောက်ယူခြင်းဖြစ်ပြီး ယင်းစစ်တမ်းတွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အပေါ်တွင် သက်ရောက်နေသည့် ဘေးအန္တရာယ်များကို လေ့လာဆန်းစစ်ရန်၊ ဘေးအန္တရာယ်ကို ဖော်ထုတ်အကဲဖြတ်ရန်၊ ဘေးအန္တရာယ်အဆင့် သတ်မှတ်ချက်များနှင့်ပတ်သက်သည့် အချက်အလက်များ စုဆောင်းမှတ်တမ်းတင်ထားရှိရန်တို့ကို ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကွင်းဆင်းသုတေသနလုပ်ငန်းများကို ရှေးဟောင်းအဆောက်အအုံများတည်ရှိရာဇုန်အတွင်းရှိ ဘုရား (၃၀၀၀)ကျော်ကို ဇန်နဝါရီလမှ မတ်လကုန်အထိ ပြုလုပ်မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)ထံမှ သိရသည်။

စိတ်ထက်

# ရန်ကုန်မြို့တော်၏ အမွေအနှစ် အဆောက်အအုံတစ်ခုအဖြစ် စထရင်းဟိုတယ်ကို အပြာရောင်ကမ္ပည်းပြား (Blue Plaque) တပ်ဆင်

နာမည်ကျော် အာမေးနီးယန်းဟိုတယ်လုပ်ငန်းရှင် ဆာကီးစ်ညီအစ်ကိုနှစ်ဦးတည်ထောင်ခဲ့သည့် ရန်ကုန်မြို့၏ သက်တမ်းအရင့်ဆုံးဖြစ်သော စထရင်းဟိုတယ်ကို ရန်ကုန်မြို့ပြအမွေအနှစ် အဆောက်အအုံတစ်ခုအဖြစ် ဖေဖော်ဝါရီ (၇)ရက်က အပြာရောင်ကမ္ပည်းပြား(Blue Plaque) တပ်ဆင်လိုက်ပြီဖြစ်သည်။

အဆိုပါ အပြာရောင်ကမ္ပည်းပြား (Blue Plaque)တပ်ဆင်ရေးလုပ်ငန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကူညီမှုဖြင့်၊ Philips Electronic ကငွေကြေးထောက်ပံ့မှုတို့ဖြင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ မြို့ပြအမွေအနှစ်အဖြစ်ကမ္ပည်းပြားတပ်ဆင်ခြင်းမှာ ရန်ကုန်၏သမိုင်းကို အထိရောက်ဆုံးနှင့်ထင်သာမြင်သာအရှိဆုံး ဖော်ပြနိုင်မည့် နည်းလမ်းများအနက် တစ်ခုဖြစ်ပြီးအများပြည်သူအလွယ်တကူ ကြည့်ရှုနိုင်မည့် အဆိုပါအပြာရောင်ကမ္ပည်းပြားများမှတစ်ဆင့် ရန်ကုန်၏သမိုင်းကြောင်းနှင့် အမွေအနှစ်အကြောင်းကို အသက်အရွယ်မရွေးနယ်ပယ်စုံမှ ပြည်သူများလေ့လာနိုင်မည်ဟုရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ယုံကြည်ထားကြကြောင်းသိရသည်။

ယခု အပြာရောင်ကမ္ပည်းပြားတပ်ဆင်လိုက်သည့် စထရင်းဟိုတယ်ကို နာမည်ကျော်အာမေးနီးယန်းဟိုတယ်လုပ်ငန်းရှင် ညီအစ်ကိုများဖြစ်သည့် Aviet နှင့် Tigran Sarkies တို့က တည်ထောင်ခဲ့ပြီး ၁၉၀၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဟိုတယ်သည် "စူးအက်တူးမြောင်းအရှေ့ဘက်ရှိ အကောင်းဆုံးတည်းခိုရန်နေရာ"အဖြစ် အချိန်တိုအတွင်းကျော်ကြားလာခဲ့ပြီး နိုင်ငံတကာမှတော်ဝင်မိသားစုများ၊ သံတမန်များနှင့်ထိုခေတ်ထိုအခါက နာမည်ကျော်ပုဂ္ဂိုလ်များ တည်းခိုရာဖြစ်လာခဲ့ပါသည်။ ၁၉၅၂ ခုနှစ်တွင် စားသောက်ဆိုင်လုပ်ငန်းရှင် အာမေးနီးယန်းလူမျိုး Peter Bugalar Aratoon ဦးဆောင်သော ပိုင်ရှင်သစ်များကလွှဲပြောင်းရယူခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း စထရင်းဟိုတယ်ကို Imperial Hotel Tokyo က စီမံခန့်ခွဲခဲ့ပြီး ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ Yamato ဟိုတယ်အဖြစ် အမည် ပြောင်းလဲခဲ့သည်။ စစ်အပြီးတွင်မူ စထရင်းဟိုတယ် တည်ဆောက်ထားသောမြေနေရာကို စတီးဘရားသားကုမ္ပဏီကရှူပီး (၁၀.၅) သန်းဖြင့်ဝယ်ယူခဲ့ပြီးပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ဆိုရှယ်လစ်ခေတ်အတွင်း ကမ္ဘာလှည့်ခရီးသည်လာရောက်မှု ကျဆင်းလာသည်နှင့်အမျှ ဟိုတယ်လည်းယိုယွင်းလာခဲ့သည်။ ၁၉၉၀ခုနှစ်တွင် မြန်မာအစိုးရနှင့် အင်ဒိုနီးရှားဟိုတယ်လုပ်ငန်းရှင် Adrian Zecha တို့၏အကျိုးတူဆောင်ရွက်မှုဖြင့် ဟိုတယ်ကို(၃)နှစ်ကြာပြင်ဆင်ခဲ့ပြီး ပြန်လည်သက်ဝင်လာခဲ့ပါသည်။ လက်ရှိတွင် စထရင်းဟိုတယ်ကို မြန်မာအစိုးရနှင့် Strand Hotel International တို့အကြား အကျိုးတူဖွဲ့စည်းထားသည့် Myanmar Hotels International (MHI) မှ စီမံခန့်ခွဲလျက်ရှိကြောင်း သိရသည်။

ES




# ငွေရေးကြေးရေးအသိပညာဖွံ့ဖြိုးရေးတိုးတက်လာစေရန် ငွေကြေးအသိပညာဆိုင်ရာ မြင့်တင်မှုပြိုင်ပွဲကျင်းပမည်

ရိုးမဘဏ်သည် Oracle၊ Phandeeyar တို့နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးအသိပညာဖွံ့ဖြိုး ရေးတိုးတက်လာစေရန် ရည်ရွယ်သည့် ငွေကြေးအသိပညာဆိုင်ရာမြင့်တင်မှုပြိုင်ပွဲ FinLit Hackathon ကိုရန်ကုန် တွင် မတ်လ (၈)ရက်မှ (၁၀) ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ယင်း FinLit Hackathon ပွဲကိုဖြစ်မြောက်ရန် စီစဉ်သူများဖြစ်ကြသော ရိုးမဘဏ်၊ Oracle နှင့် Phan-deeyar တို့သည် မြန်မာနိုင်ငံတွင် ငွေကြေးအသိပညာဆိုင်ရာ ကျွမ်းကျင်မှုရှိလာစေရန် နည်းပညာအသုံးချ၍အဖြေရှာနိုင်သည့် ဖန်တီးမှုများဖြစ်ပေါ်လာစေရန်နှင့် ယင်းသို့ဖန်တီးခြင်းအားဖြင့် နည်းပညာဆိုင်ရာအရပ်ဖက်လူ့အဖက် အဖွဲ့အစည်းအသိုက်အဝန်းတစ်ခုပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်သည်။

FinLit Hackathon ၏ အဓိကရည်ရွယ်ချက်မှာ မြို့ပြကျေးလက်မကျန်လူကြီး လူငယ်အားလုံးငွေကြေးအသိပညာဆိုင်ရာ ကျွမ်းကျင်မှုရှိစေရန် တွန်းအားပေးသည့်ဒီဂျစ်တယ်အဖြေရှာလုပ်ဆောင်မှုများ ဖန်တီးရန်ဖြစ်သည်။

FinLit Hackathon တွင် ရိုးမဘဏ် ၊ Oracle နှင့် Phandeeyar တို့၏ အဖွဲ့အစည်းတစ်ခုချင်းစီလိုက်ဦးဆောင်ဆွေးနွေးမည့် Workshop လည်းပါဝင်မည်ဖြစ်သည်။ ယှဉ်ပြိုင်ကြမည့်သူများအနေဖြင့် အဖွဲ့တစ်ဖွဲ့လျှင် အဖွဲ့ဝင် (၃)ဦးမှ (၅)ဦးအထိပါဝင်ဖွဲ့စည်းရမည်ဖြစ်သည်။ ထို့ပြင် ပါဝင်ယှဉ်ပြိုင်မည့် အဖွဲ့များသည် မြန်မာနိုင်ငံဒေသအသီးသီးရှိ အသက်အရွယ်မျိုးစုံ လူအများအား၎င်းတို့၏ ငွေကြေးအရင်းအမြစ်များကို စီမံခန့်ခွဲရာတွင် ထိရောက်သောဆုံးဖြတ်ချက်များနှင့် သိတတ်ကျွမ်းကျင်မှုများရှိလာစေရန်အတွက် အသိပညာပေးရန် နည်းပညာကိုအသုံးချ၍ လက်တွေ့လုပ်ဆောင်နိုင်သော ဖန်တီးမှုများ လုပ်ဆောင်ရမည်ဖြစ်သည်။

ရိုးမဘဏ်၏ပံ့ပိုးမှုနှင့် အတူဆုရရှိသူများအဖွဲ့သည် အမေရိကန်ဒေါ်လာ (၁၀၀၀)နှင့် မတ်လ (၂၆)မှ (၂၇) ရက်အထိ စင်ကာပူတွင်ကျင်းပမည့် Oracle OpenWorld Asia ကိုတက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ရန်ကုန်–စင်ကာပူလေယာဉ်လက်မှတ်နှင့်စင်ကာပူတွင် (၂)ညနေထိုင်ခွင့်ကိုရိုးမဘဏ်မှပံ့ပိုးပေးသွားမည်ဖြစ်သည်။ Hackathon တွင်ဖန်တီးလိုက်သော Application ကို Oracle Cloud Infrastructure တွင် ချိတ်ဆက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ES

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မိတ်ဖက်လေကြောင်းလိုင်းများ၊ မိတ်ဖက်လုပ်ငန်းစုများနှင့် ရင်းနှီးဆက်ဆံမှုမြှင့်တင်

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ မြန်မာနိုင်ငံသို့ ပြည်ဝင်ဗီဇာဖြေလျှော့မှုများစတင်ခဲ့ပြီးနောက် တိုးတက်လာသည့် ခရီးသည်ပမာဏကို လက်ခံဝန်ဆောင်မှုပေးနိုင်ရန်လေဆိပ်ဝန်ဆောင်မှုများ အဆင့်မြှင့်တင်ထားရှိပြီး နိုင်ငံတကာလေကြောင်းဆက်သွယ်မှုများ တိုးချဲ့ပြေးဆွဲရန် ဆောင်ရွက်လျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၎င်း၏မိတ်ဖက်လေကြောင်းလိုင်းများ၊ လေဆိပ်ရှိလုပ်ငန်းစုများမှ တာဝန်ရှိသူများအား ဖိတ်ကြား၍မိတ်ဆုံစားပွဲကို ဇန်နဝါရီ (၂၉)ရက်ကကျင်းပခဲ့သည်။

အဆိုပါညစာစားပွဲကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 3 ရှိ Mingalar Sky Lounge တွင်ကျင်းပပြုလုပ်ခဲ့ပြီး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးရဲထွဋ်အောင်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ မိတ်ဖက်လေကြောင်းလိုင်းများ၊ မိတ်ဖက်လုပ်ငန်းရှင်များနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာန၏ထုတ်ပြန် ချက်များအရ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှနိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည် (၃.၂)သန်းဝင်ရောက်ခဲ့ပြီး၂၀၁၇ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ခရီးသွားလာသူဦးရေနှစ်ရာခိုင်နှုန်းခန့်မြင့်တက်လာခဲ့သည်။ အဆိုပါခရီးသွားဧည့်သည်များ၏ (၃၈)ရာခိုင်နှုန်းမှာတရုတ်နိုင်ငံသားခရီးသွားများ ဖြစ်ကြပါသည်။ အလားတူကာလတွင် မြန်မာနိုင်ငံသို့လာရောက်လည်ပတ် သူခရီးသွားများအနက် (၉၄၅၀၂၂)ဦးမှာ အာရှနိုင်ငံများမှဖြစ်ပြီးတရုတ် နိုင်ငံသားခရီးသွား (၂၅၉၅၉၂)ဦးပါဝင်ကြောင်းသိရသည်။

လက်ရှိတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (၃၂)လိုင်းနှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ်ပေါင်း (၃၀)ခု ပြေးဆွဲပျံသန်းလျက်ရှိပြီး ၂၀၁၇ ခုနှစ်နှင့်နှိုင်းယှဉ်ပါက အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းသစ်နှစ်လိုင်းနှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ်သစ် ငါးခုတိုးချဲ့ပြေးဆွဲပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံး လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို စီမံခန့်ခွဲလျက်ရှိသော YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား အရည်အသွေးမြင့် လေကြောင်းဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရေးအတွက် အခြေခံအဆောက်အအုံ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို နေ့စဉ်နဲ့အမျှအကောင်းမွန်ဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်အရောင်းဆိုင် (၄၇)ဆိုင်ရှိပြီး အစားအသောက်အရောင်းဆိုင် (၂၃) ဆိုင်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (၃၂)လိုင်းနှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် (၃၀) ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၈ ခုနှစ် အတွင်းခရီးသည်ပေါင်း (၆.၀၃၅) သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်သည်။

ES

# အာရှစားသောက်ကုန်နှင့် တိရစ္ဆာန် အစာပြပွဲတွင် မြန်မာပါဝင်ပြသရန် စီစဉ်

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် မတ်လ ၁၃ ရက်မှ ၁၅ ရက်အထိပြုလုပ်မည့် VIV Asia 2019 တွင်မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ကပြခန်းတစ်ခန်းဖြင့် ဝင်ရောက်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ယင်းအဖွဲ့ချုပ်ထံမှ သိရသည်။

VIV Asia 2019 သည်အာရှတွင် အကြီးဆုံးစားသောက်ကုန်နှင့် တိရစ္ဆာန်အစာ ပြပွဲတစ်ခုဖြစ်ပြီး ယင်းပြပွဲတွင်ပါဝင်ပြသရန် လက်ရှိအချိန်အထိ ကမ္ဘာတစ်လွှားမှကုမ္ပဏီနှင့်အဖွဲ့အစည်းပေါင်း ၁၂၃၆ ခုက မှတ်ပုံတင်ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ပြပွဲစီစဉ်သည့် VNU Exhibition ၏ကူညီမှုဖြင့် ပြခန်းတစ်ခန်းပါဝင်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေးကိုလည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

VIV Asia 2019 ပြပွဲသည် မြန်မာနိုင်ငံရှိ မွေးမြူရေးလုပ်ငန်းရှင်များ၊ အခြားဆက်စပ်လုပ်ငန်းရှင်များ၊ အစားအသောက်ထုတ်လုပ်သူများ၊ အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာဘာသာရပ်များနှင့် ပတ်သက်၍စိတ်ပါဝင်စားသူများတက်ရောက်သင့်သည့် ပြပွဲတစ်ခုဖြစ်ပြီးပြပွဲနှင့်ပတ်သက်၍အသေးစိတ်သိရှိလိုပါက www.vivasia.nl တွင်လေ့လာနိုင်ကြောင်းမြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံမှသိရသည်။

စိတ်ထက်

# မြန်မာနိုင်ငံရဲ့ ဆိုက်ဘာလုံခြုံရေး လေ့လာဆန်းစစ်မှု

**" မြန်မာနိုင်ငံ၏ ဆိုက်ဘာနယ်ပယ် ပတ်ဝန်းကျင်ကို လုံခြုံမှုရှိစေရန် ဆောင်ရွက်ရာတွင် ဝန်ဆောင်မှုပေးသူ တစ်ဦးတည်း တာဝန်ရှိသည်မဟုတ်ဘဲ၊ သုံးစွဲသူ၏ ဆိုက်ဘာလုံခြုံရေး အသိအမြင် အပါအဝင် အစိုးရအနေဖြင့်လည်း ဦးစီးကြီးကြပ်ပေးရန် လိုအပ်ပြီး ပြည်တွင်း / ပြည်ပ ပူးပေါင်းဆောင်ရွက်မှုများလည်း အရေးပါ . . . "**

မောင်ရဲ (ယင်းမာပင်)


သတင်းအချက်အလက် နည်းပညာတိုးတက်မှုသည် ကမ္ဘာ့ရွာကြီးအဖြစ် နေ့စဉ် နာရီ မိနစ် စက္ကန့်နဲ့အမျှပြောင်းလဲတိုးတက်နေသည်မှာ သက်သေပြစရာမလိုအောင်ကို ထင်သာမြင်သာ ရှိလှပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍကို လွတ်လပ်စွာဈေးကွက်ယှဉ်ပြိုင်နိုင်ဖို့အတွက် အော်ပရေတာ (၄)ဦးကို လိုင်စင်ချထားပေးပြီးနောက်ပိုင်း အလျင်အမြန်ပြောင်းလဲတိုးတက်လာတာကို တွေ့မြင်ကြရမှာဖြစ်ပြီး၊ အင်တာနက်သုံးစွဲသူဦးရေ တိုးတက်လာတာနဲ့အမျှ အစိုးရရဲ့ဝန်ဆောင်မှုနဲ့ ပုဂ္ဂလိကဝန်ဆောင်မှုများသည် ပြည်သူများကို Online အင်တာနက်ပေါ်ကနေ ဝန်ဆောင်မှုပေးနိုင်ကြဖို့ ကြိုးပမ်းလာကြပါသည်။

Online အင်တာနက်ပေါ်ကနေ ဝန်ဆောင်မှုတွေ ပေးလာကြတာနဲ့အမျှ တစ်နေ့တာ လူမှုဘဝတွေဟာလည်း Online အင်တာနက်ပေါ်ကို ရောက်လာကြပြီး ပုဂ္ဂလိကကိုယ်ရေးအချက်အလက်၊ ဘဏ်စာရင်းစတဲ့ အချက်အလက်လုံခြုံရေးတွေကို ခြိမ်းခြောက်ခံရလျက်ရှိပါသည်။ ဝန်ဆောင်မှုပေးသူတွေအနေဖြင့် လုံခြုံစိတ်ချမှုရှိသည့် ဝန်ဆောင်မှုပေးနိုင်ရေးကို ဦးစားပေးလာကြပါသည်။ ဆိုက်ဘာနယ်ပယ် (Cyber Space) ဆိုသည်မှာ နယ်နိမိတ်သတ်မှတ်ချက်မရှိဘဲ ကမ္ဘာအဝှမ်း နိုင်ငံအချင်းချင်း ဖြတ်ကျော်ပြီး ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်မှုများ၊ လုံခြုံရေးကျိုးပေါက်မှုများနဲ့ ဆိုက်ဘာပြစ်မှုများဖြစ်ပေါ်လျက်ရှိသည်ကို ကမ္ဘာအနှံ့တွေ့ရှိနေရပါသည်။

ဆိုက်ဘာလုံခြုံရေးဆိုသည်မှာ Online ဝန်ဆောင်မှုများ၊ Internet အပါအဝင် ကွန်ပျူတာကွန်ရက်များ၊ ကိုယ်ရေးအချက်လက်များ သိမ်းဆည်းသည့် စက်ပစ္စည်းများ စသည်တို့၏ လုံခြုံရေးဟု ယေဘုယျအဓိပ္ပါယ်ဖွင့်ဆိုနိုင်ပြီး၊ အဆိုပါ Online ဝန်ဆောင်မှုများ၊ Internet အပါအဝင် ကွန်ပျူတာကွန်ရက်များ ပါဝင်သော နယ်ပယ်ကိုလည်း Cyberspace ဆိုက်ဘာနယ်ပယ်အဖြစ် အကြမ်းဖျဉ်း အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။ ယနေ့ကမ္ဘာတွင် ဆိုက်ဘာလုံခြုံရေးကဏ္ဍသည် အမျိုးသားအကျိုးစီးပွားနှင့်အမျိုးသားလုံခြုံရေး၏ အစိတ်အပိုင်းအဖြစ် အလေးထားသတ်မှတ်ဆောင်ရွက်ကြပါသည်။ Public Goods (ပြည်သူပိုင်) နှင့် Private Goods (ပုဂ္ဂလိကပိုင်) ကဏ္ဍ (၂)ရပ်လုံးတွင် အရေးပါသည့် လုပ်ငန်းစဉ်ဖြစ်လာပါသည်။


မြန်မာနိုင်ငံ၏ ဆိုက်ဘာနယ်ပယ် ပတ်ဝန်းကျင်ကို လုံခြုံမှုရှိစေရန် ဆောင်ရွက်ရာတွင် ဝန်ဆောင်မှုပေးသူ တစ်ဦးတည်း တာဝန်ရှိသည်မဟုတ်ဘဲ၊ သုံးစွဲသူ၏ ဆိုက်ဘာလုံခြုံရေး အသိအမြင် အပါအဝင် အစိုးရအနေဖြင့်လည်း ဦးစီးကြီးကြပ်ပေးရန် လိုအပ်ပြီး ပြည်တွင်း/ပြည်ပ ပူးပေါင်းဆောင်ရွက်မှုများလည်း အရေးပါပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဆိုက်ဘာလုံခြုံရေး လုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် Myanmar Computer Emergency Response Team (mmCERT) ကို ၂၀၀၄ ခုနှစ်မှာ စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ mmCERT အနေနဲ့ ဒေသတွင်း CERT များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး APCERT အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါသည်။ အထူးသဖြင့် ASEAN-Japan Information Security ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆွေးနွေးလျက်ရှိပြီး မြန်မာနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးကဏ္ဍတိုးတက်စေဖို့ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅ ခုနှစ်၊ ဧပြီလမှာ e-Government လုပ်ငန်းနဲ့ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (ယခင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန) လက်အောက်တွင် ဖွဲ့စည်းခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၇ ခုနှစ်၌ ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်သည့် ကမ္ဘာ့ဆိုက်ဘာလုံခြုံရေး ညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် တတိယတန်းအဆင့် ကနဦးအစပျိုးအကောင်အထည်ဖော်ဆဲတွင် ပါဝင်ပြီး International Telecommunication Union (ITU) အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံတွင်အဆင့် ၉၉ ကို သတ်မှတ်ခြင်းခံရပါသည်။













ထိုသို့အဆင့်သတ်မှတ်ရာတွင်

- (က) ဥပဒေပိုင်းဆိုင်ရာ (Legal)
- (ခ) နည်းပညာပိုင်းဆိုင်ရာ (Technical)
- (ဂ) ဖွဲ့စည်းဆောင်ရွက်မှုပိုင်းဆိုင်ရာ (Organization)
- (ဃ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ (Capacity Building)
- (င) ပူးပေါင်းဆောင်ရွက်မှုပိုင်းဆိုင်ရာ (Cooperation) စသည့်ကဏ္ဍ (၅)ရပ်၏ ဖော်ပြပါ အချက် (၂၅)ချက်တွင် မေးခွန်း (၁၅၇)ခုအား နိုင်ငံအလိုက် ဖြေဆိုသည့်အဖြေများအပေါ် အခြေခံ၍ အကဲဖြတ်အမှတ်ပေးညွှန်းကိန်းအဆင့် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

မေးခွန်း (၁၅၇)ခု၏ ရမှတ် (၉၀%) ကျော်ရရှိပါက ပထမတန်းအဆင့် ဦးဆောင်နိုင်ငံအဖြစ် သတ်မှတ်ပြီး အဆိုပါ ညွှန်းကိန်းအရ ပထမအဆင့် ဦးဆောင်နိုင်ငံအဖြစ် (၂၁)နိုင်ငံသတ်မှတ်ခံရပါသည်။ ရမှတ် (၅၀%)မှ (၈၉%) အထိရရှိသည့် နိုင်ငံ (၇၇)နိုင်ငံရှိပြီး ဒုတိယတန်းအဆင့် ဖွံ့ဖြိုးဆဲနိုင်ငံများအဖြစ် သတ်မှတ်ထားသည်ကို တွေ့ရှိရပါသည်။ ရမှတ် (၅၀%) အောက်ရရှိသည့် နိုင်ငံများအား တတိယတန်းအဆင့် ကနဦးအစပျိုးအကောင်အထည်ဖော်ဆဲ နိုင်ငံများအဖြစ် သတ်မှတ်ထားပါသည်။

International Telecommunication Union (ITU) အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးသမဂ္ဂ၏အကဲဖြတ်အမှတ်ပေးစနစ်အရ မြန်မာနိုင်ငံအနေဖြင့်တတိယတန်း အဆင့်တွင်သာ ရပ်တည်နိုင်ခဲ့ပြီး၊ ကမ္ဘာ့ဆိုက်ဘာလုံခြုံရေးညွှန်းကိန်း တိုးတက်လာစေရေးအတွက် အထက်ဖော်ပြပါ ကဏ္ဍ (၅)ရပ်တွင် တိုးတက်ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ ဆိုက်ဘာလုံခြုံရေးညွှန်းကိန်း တက်လာပြီး ပိုမိုလုံခြုံသော ဆိုက်ဘာနယ်ပယ်တစ်ရပ် ထူထောင်နိုင်လျှင် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ညွှန်းကိန်းတိုးတက်လာစေရန် မည်ကဲ့သို့ဆောင်ရွက်သွားသင့်ကြောင်း ကျွမ်းကျင်ပညာရှင်များ၏ သုံးသပ်အကြံပြုချက်များကို ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

***ညွှန်း– Global Cybersecurity Index (GCI) 2017, International Telecommunication Union (ITU)***




Transcom News journal Cartoons






# ရုပ်ရှင်ကြည့်ရင်း ဘဝအမောတွေ ပြေပျောက်စေလိုတဲ့ ဂျင်းကောင်








ဂျင်းကောင်ဇာတ်ကားရဲ့ ဇာတ်လမ်းကတော့ တောရွာလေးတစ်ရွာမှာနေထိုင်သည့် ဂျင်းကောင်၏အလွဲများနှင့် မိန်းကလေးများနှင့် ပတ်သက်လျှင် ပေးတတ်ကမ်းတတ်သည့် ဂျင်းကောင်၏ ပိုးပမ်းပုံများ၊ ဖခင်ကအိမ်ပေါ်မှနင်ချလိုက်သည့်အခါ မြို့ပေါ်တက်သွားသော ဂျင်းကောင်၏အဖြစ် အပျက်များကို ဟာသဇာတ်ကားအဖြစ်ရိုက်ကူးထားခြင်းဖြစ်သည်။

ဒီဇာတ်ကားကိုတော့ လာဗင်ဒါ ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ပြီး ဒါရိုက်တာကိုပေါက်က မြင့်မြတ်၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ အေးဝတ်ရည်သောင်း၊ အိချောပို၊ လှဲ့ယမင်း၊ မြတ်ပန်းသုရွှေ၊ အရိုင်း၊ ညောင်ညောင်နှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်ထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားနှင့် ပတ်သက်ပြီး မြင့်မြတ်က "ဒီဇာတ်ကားမရိုက်ခင် ကျွန်တော်အိမ်မှာ အဲ့ဒီအသံကိုပြောကြည့်သေးတယ်။ ဒါပေမဲ့ စရိုက်တော့ တစ်ရက်နှစ်ရက်လောက်အထိ အဲ့ဒီ အသံမဖြစ်ဘူး။ အတတ်နိုင်ဆုံးတော့ ကြိုးစားပြီးလုပ်ဆောင်ထားပါတယ်" ဟုဆိုသည်။

ဒါရိုက်တာ ကိုပေါက်ကလည်း "ဒီဇာတ်ကားလေးကို ရုံထဲမှာပရိသတ်တွေနဲ့ အတူတူကြည့်တဲ့အခါ ကိုယ်ရယ်စေချင်တဲ့ အကြောင်းအရာလေးတွေကို သူတို့ရယ်ကြတဲ့အတွက်ပျော်ပါတယ်။ ပရိသတ်တွေရဲ့ဘဝအမောတွေ၊ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ပူလောင်နေတဲ့အချိန်မှာ ကျွန်တော့် ကားလေးကို ကြည့်လိုက်ခြင်းအားဖြင့် ပရိသတ်ရဲ့ ဘဝအမောတွေ ပြေပျောက်ပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်"ဟုဆိုသည်။

ES



# နိုင်ငံတကာရုံများနှင့် တစ်ပြိုင်နက်ကြည့်ရှုနိုင်မယ့် The Prodigy ရုပ်ရှင်

The Prodigy ရုပ်ရှင်မှာတော့ Miles ဆိုတဲ့ကလေးဟာ ဉာဏ်ရည် အင်မတန်ထက်မြက်ပြီး ရိုးအေးတဲ့ ကလေးတစ်ယောက်ပါ။ ဒါပေမဲ့သူ့ မျက်လုံးတွေဟာ မွေးကတည်းက တစ်ဖက်ကိုတစ်ရောင်စီ။ Mile ဟာ နည်းနည်း အရွယ်ရောက်လာပြီး နောက်ပိုင်းမှုမမှန်တာတွေ ဆိုးသွမ်း ရက်စက်တဲ့အပြုအမူတွေ လုပ်ဆောင်လာပါတယ်။ Miles ၏ ပြုမူပြောဆို ဆက်ဆံပုံများသည် တစ်ခါတစ်ရံတွင် အနှောင့်အယှက်ပေးခြင်းခံထားရသူ တစ်ယောက်လိုဖြစ်နေတတ်ပြီး အန္တရာယ်လည်းပြုနိုင်သည့်အနေအထားမျိုးကို မိခင်ဖြစ်သူ Sarah က သတိထားမိခဲ့ပါတယ်။ ဒါကြောင့် Miles ကိုကုထုံးဆရာဝန်ဆီခေါ်သွား ခဲ့ပြီးကုသမှုများခံယူစေခဲ့ပါတယ်။ ထိုကုသမှုကြောင့် မကောင်းဆိုးဝါး တစ်ကောင်က နှောင့်ယှက်ကာ သားဖြစ်သူအားပူးကပ်စိုးမိုးနှောင့်ယှက် နေကြောင်း မိခင် Sarah ကသံသယ ရှိလာခဲ့ပါတယ်။ ဒီနောက်မှာတော့ ထိတ်လန့်ဖွယ်ရာများနှင့် ဆက်တိုက် တွေ့ကြုံရပြီးနောက် Miles ၏မိခင် Sarah ကမိသားစုဘေးကင်းလုံခြုံရေး အတွက်သားဖြစ်သူကို ကာကွယ်ရန် နဲ့သားဖြစ်သူကို မည်သည့်မကောင်း ဆိုးဝါးကနှောင့်ယှက်နေတယ်ဆိုတာ ကိုဖော်ထုတ်ရန် ကြိုးစားရာမှ ဖြစ်ပေါ်လာသည့် စိတ်လှုပ်ရှားဖွယ်ရာအ ကြောင်းအရာများကို ရိုက်ကူးထားခြင်းဖြစ်သည်။

သည်းထိပ်ရင်ဖိုဇာတ်ကားဖြစ်တဲ့ The Prodigy ကို ရန်ကုန်၊ မန္တလေး၊ ပြည်နဲ့ ပဲခူးမြို့ရှိ ရုံများမှာ ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ နိုင်ငံတကာနှင့် တစ်ပြိုင်နက်တည်း ရုံတင်ပြသနေ ခြင်းဖြစ်သည်။ ဒီ The Prodigy ရုပ်ရှင်ကို ဒါရိုက်တာ Nicholas Mc-Carthy က ရိုက်ကူးပြီး Jackson Robert Scott, Taylor Schilling, Colm Feore တို့ပါဝင်သရုပ်ဆောင်ထားခြင်းဖြစ်သည်။

ES






# အပြည်ပြည်ဆိုင်ရာညီလာခံ သဘောတူ ပင်လယ်ပြင်နယ်နိမိတ် ဥပဒေပြဋ္ဌာန်းချက်

မောင်မှူး



အပြည်ပြည်ဆိုင်ရာညီလာခံ သဘောတူ ပင်လယ်ပြင်နယ်နိမိတ် ဥပဒေပြဋ္ဌာန်းချက်သည် ကမ္ဘာလုံးဆိုင်ရာ သမုဒ္ဒရာကြီးများနှင့် ပင်လယ်များသို့ ပြည့်စုံတိကျသော ဥပဒေနှင့် အမိန့်အာဏာ သက်ရောက်စေပါသည်။

၁၉၈၂ ခုနှစ် အပြည်ပြည်ဆိုင်ရာညီလာခံ သဘောတူ ပင်လယ်ပြင်နယ်နိမိတ် ဥပဒေပြဋ္ဌာန်းချက်ကို နိုင်ငံပေါင်း ၁၁၇ နိုင်ငံမှ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး၊ ကမ္ဘာ့ သမုဒ္ဒရာကြီးများအလိုက် ပင်လယ်ပြင်နယ်နိမိတ်နှင့်ဆက်စပ်သယံဇာတများ၊ ထုတ်ယူသုံးစွဲမှုအပေါ်၊ ဥပဒေ၊ အမိန့်အာဏာများ၊ ချမှတ်ကျင့်သုံးကြပါသည်။

အဆိုပါ ညီလာခံသဘောတူညီချက်သည် ရှည်လျားသော တရားဝင်အထောက်အထား သဘောတူညီချက်ဖြစ်ပြီး၊ ခေါင်းစဉ်ခွဲပေါင်း ၄၄၆ ခုကို အုပ်စု ၇ စု၊ ဖြည့်စွက်ချက် ၉ ခုဖြင့် ပြဋ္ဌာန်းထားပါသည်။

အပြည်ပြည်ဆိုင်ရာညီလာခံ သဘောတူပင်လယ်ပြင်နယ်နိမိတ် ဥပဒေပြဋ္ဌာန်းချက်ကို ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်တွင် အပြည်ပြည်ဆိုင်ရာ နိုင်ငံများမှ တစ်ပြေးညီကျင့်သုံးလိုက်နာကြပါသည်။

ရည်မှန်းချက်များမှာ -

၁။ သမုဒ္ဒရာကြီးများနှင့် ပင်လယ်များကို ငြိမ်းချမ်းစွာအသုံးပြုစေရန် ပံ့ပိုးဆောင်ရွက်ရန်

၂။ အပြည်ပြည်ဆိုင်ရာနိုင်ငံများ အချင်းချင်း ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်။

၃။ သမုဒ္ဒရာကြီးများ၏ သယံဇာတများကို ညီညွတ်မျှတထိရောက်အကျိုးရှိစွာ ထုတ်ယူသုံးစွဲစေရန်။

၄။ ပင်လယ်ပြင် ရေထု သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်ကာကွယ်ထိန်းသိမ်းရန်နှင့်

၅။ ပင်လယ်ပြင် ရေထု သဘာဝပတ်ဝန်းကျင်သန့်ရှင်းတည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဂရုပြုရန် တို့ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာ ရေပိုင်နက်အတွင်း နိုင်ငံတကာဥပဒေနှင့်အညီ ရေယာဉ်များခုတ်မောင်းသွားလာခြင်း ကမ်းရိုးတန်းရှိနိုင်ငံများနှင့် ကုန်းတွင်းပိတ်နိုင်ငံများ၏ သင်္ဘောများ/ရေယာဉ်များသည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အချုပ်အခြာအာဏာပိုင်ရေပြင်များကို နိုင်ငံတကာဥပဒေနှင့်အညီသက်ဆိုင်ရာနိုင်ငံ၏ အချုပ်အခြာအာဏာပြဋ္ဌာန်းချက်များကို တစ်စုံတစ်ရာ မထိခိုက်စေပဲ ဖြတ်သန်းအသုံးပြုခုတ်မောင်းသွားကြပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ အချုပ်အခြာ အာဏာပိုင်ရေပြင်များကို နိုင်ငံတကာဥပဒေနှင့်အညီ သက်ဆိုင်ရာနိုင်ငံ၏ အချုပ်အခြာအာဏာပြဋ္ဌာန်းချက်များကို တစ်စုံတစ်ရာ မထိခိုက်စေပဲ ဖြတ်သန်းအသုံးပြုခုတ်မောင်းရခြင်း၏ ရည်ရွယ်ချက်များမှာ

နိုင်ငံတစ်နိုင်ငံ၏ ကမ်းရိုးတန်း/ကုန်းမြေအစပ်မှ အချုပ်အခြာရေပိုင်နက်တိုင်းတာသည့် အစပြု ရေနယ်နိမိတ်အတွင်းရှိ ရေပြင်ကို ကမ်းစပ်အနီးအတွင်း ရေပြင်ဇရိယာဟု ခေါ်ဆိုပါသည်။

ကမ်းစပ်၊ ကမ်းစပ်အနီးအတွင်း ရေပြင်ဇရိယာ၊ ထိုမှအစပြု ရေနယ်နိမိတ်မှ ရေမိုင် ၁၂ မိုင်အတွင်းရှိ ရေပြင်ကို အချုပ်အခြာ ရေပိုင်နက်ဟု ခေါ်ဆိုပါသည်။

အဆိုပါ ဖြတ်သန်းခုတ်မောင်းသည့် သင်္ဘောများ/ရေယာဉ်များသည် ထိုကမ်းစပ်အနီးအတွင်း ရေပြင်ဇရိယာကို ချဉ်းနင်းဝင်ရောက်ခြင်းမပြုပဲ၊ ဖြတ်သန်းခုတ်မောင်းခြင်း (သို့မဟုတ်)၊ အဆိုပါ ကမ်းစပ်အနီးအတွင်း ရေပြင်ဇရိယာအတွင်းရှိ ရေပေါ်အဆောက်အအုံ တစ်ခုခုသို့ ဝင်ရောက်ဆိုက်ကပ်ရန်အတွက် ဖြတ်သန်းခုတ်မောင်းခြင်း (သို့မဟုတ်) ကမ်းစပ်အနီးအတွင်း ရေပြင်ဇရိယာအတွင်းရှိ ရေပေါ်အဆောက်အအုံ တစ်ခုခုသို့ဝင်ရောက်ဆိုက်ကပ်ရန်/ထွက်ခွာလာရန်အတွက် ဖြတ်သန်းခုတ်မောင်းခြင်း ထိုဖြတ်သန်းခုတ်မောင်းမှုမှာ ခိုင်လုံသောအကြောင်းပြချက်မရှိပဲ၊ နှောင့်နှေးတုံ့ဆိုင်းခြင်းမပြု၍၊ တောက်လျှောက် ဖြတ်သန်းခုတ်မောင်းရပါမည်။

သို့ရာတွင် အဆိုပါ ဖြတ်သန်းခုတ်မောင်းခြင်း၌၊ ဓမ္မတာ ရပ်တန့်ခြင်း/ ကျောက်ချခြင်းစသဖြင့် ဒေသန္တရ ရေကြောင်း ခုတ်မောင်းခြင်းလိုအပ်ချက်ကြောင့်သော်လည်းကောင်း၊ (သို့မဟုတ်) အရေးပေါ် အခြေအနေ၊ အကြောင်းကြောင့်၊ အတိဒုက္ခကြုံတွေ့နေရသော (လူပုဂ္ဂိုလ်/ရေယာဉ်/လေယာဉ်) များသို့ အကူအညီပေးအပ်ရန်အတွက်သော်လည်းကောင်း၊ စောင့်ဆိုင်းရပ်တန့်နိုင်ပါသည်။

**အပြည်ပြည်ဆိုင်ရာပင်လယ် ရေနိမိတ်သဘောတူညီချက်အရ တာဝန်ဝတ္တရားများ**

နိုင်ငံအလံ လွှင့်ထူခွင့်ပြုထားသော သင်္ဘောများ/ရေယာဉ်များအပေါ်တွင် သက်ဆိုင်ရာနိုင်ငံမှ ဥပဒေနှင့်အညီ အခွင့်အာဏာသက်ရောက်သကဲ့သို့ ထိုသက်ဆိုင်ရာနိုင်ငံတွင်လည်း မိမိအလံလွှင့်ထူထားသော သင်္ဘောများ၊ ဘေးအန္တရာယ်ကင်းစွာ ရေကြောင်းသွားလာနိုင်ခြင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေများကို ကျင့်သုံးလိုက်နာသည့် သင်္ဘောကို အသုံးပြုသူများအား ပြည့်ဝစွာ အစဉ်မပြတ် အကျိုးပြုနိုင်သည့် အနေအထားရှိစေရန် ကြည့်ရှုစစ်ဆေး ကြပ်မတ်ရမည်ဖြစ်ပါသည်။

၁။ မိမိနိုင်ငံအလံ လွှင့်ထူခွင့်ပြုထားသော သက်ဆိုင်ရာနိုင်ငံများသည် ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ပိုင်ခွင့်၊ အာဏာသက်ရောက်စေပြီး၊ စီမံအုပ်ချုပ်ပိုင်ခွင့်၊ နည်းပညာရေးရာနှင့် လူမှုရေးရာစသဖြင့် ဥပဒေနှင့်အညီ၊ ညီညွတ်မျှတသော အန္တရာယ်ကင်းသည့် လုပ်ငန်းခွင်အနေအထားရှိစေရန် ကြပ်မတ်ဆောင်ရွက်ရပါမည်။

၂။ အထူးသဖြင့် သက်ဆိုင်ရာနိုင်ငံတို့သည် မိမိနိုင်ငံအလံလွှင့်ထူထားသော အပြည်ပြည်ဆိုင်ရာရေကြောင်းဥပဒေများ၏ တန်ချိန်သတ်မှတ်မှုအောက်၊ လျော့နည်း သေးငယ်သော ရေယာဉ်များမှအပ၊မှတ်ပုံတင်ထားသည့် သင်္ဘောများ၏ အမည်၊ အသေးစိတ်အချက်အလက်များကို ကြပ်မတ်ထိန်းသိမ်းရပါမည်။ ထို့ပြင်သက်ဆိုင်ရာ နိုင်ငံ၏ ချမှတ်ပြဋ္ဌာန်းအပ်သော ဥပဒေနှင့်အညီ (မိမိအလံလွှင့်ထူခွင့်ပြုထားသော ရေယာဉ်နှင့် ထိုသင်္ဘောတွင် တာဝန်ထမ်းဆောင်နေသော ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောဝန်ထမ်းများအား တည်ဆဲဥပဒေများနှင့်အညီ စီရင်ဆုံးဖြတ်ပိုင်ခွင့်၊ အာဏာသက်ရောက်စေပြီး၊ စီမံအုပ်ချုပ်ပိုင်ခွင့်၊ နည်းပညာရေးရာနှင့် လူမှုရေးရာစသဖြင့် ဥပဒေနှင့်အညီ၊ ညီညွတ်မျှတသော၊ အန္တရာယ်ကင်းသည့်လုပ်ငန်းခွင်အနေအထားရှိစေရန်၊ ကြပ်မတ်ဆောင်ရွက်ရပါမည်။

၃။ မိမိအလံလွှင့်ထူခွင့်ပြုထားသော ရေယာဉ်များ၏ ဥပဒေနှင့်အညီ ကျင့်သုံးလိုက်နာစေရန်၊ သက်ဆိုင်ရာ နိုင်ငံများမှ၊ အစဉ်မပြတ် စိစစ် စစ်ဆေးတည့်မတ်ရပါမည်။ ထို့ပြင် သင်္ဘောတည်ဆောက်မှုနည်းစနစ်၊ အသုံးပြုတည်ဆောက်ပစ္စည်းများ၊ အရှည်အသွေး၊ အတိုင်းအတာ၊ ပမာဏ မှန်ကန်မှု၊ လိုအပ်သောရေကြောင်းထောက်ကူ၊ စက်ပစ္စည်းယန္တရားများ တပ်ဆင်အသုံးပြုနိုင်သည့် အခြေအနေ၊ သင်္ဘော၏ရည်ရွယ်ခရီးစဉ် (ဥပမာ ကမ်းရိုးတန်းသွား၊ ပင်လယ်ကူးခရီးစဉ် သွား၊ ရေခဲပြင်ထိုးခွဲနိုင်သည့်အဆင့်ရှိပင်လယ်ကူး ခရီးစဉ် သွား)ပေါ် မူတည်၍၊ ပင်လယ်ပြင်ခရီးစဉ် မစတင်မီ၊ လုံလောက်သော ရေလုံကြံ့ခိုင်မှုစွမ်းရည် လုံလောက်သော အနည်းဆုံးထားရှိရမည့် သက်ဆိုင်ရာအရည်အချင်းရှိ ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်ထားသည့် ဝန်ထမ်းများ၏ မှန်ကန်မှု၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းဥပဒေ၊ လမ်းညွှန်ချက်အရ၊ လိုအပ်သောကျွမ်းကျင်သင်တန်းများ၊ လေ့ကျင့်သင်ကြားမှု အခြေအနေ၊ ဆက်သွယ်ရေးစက်ပစ္စည်းများ၊ အချက်ပြဆက်သွယ်ရေးပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်ထိန်းသိမ်းမှု၊ ရေကြောင်းသွားလာမှု အန္တရာယ်ကင်းစွာလုပ်ဆောင်နိုင်ရန်၊ လိုအပ်သောကြိုတင်ပြင်ဆင်ကျင့်သုံးလိုက်နာမှုများကိုလည်း ကြပ်မတ်စစ်ဆေးရပါမည်။

၄။ ထိုသို့ကြပ်မတ်စစ်ဆေးမှုများမှာ သင်္ဘောမှတ်ပုံတင်ရန် လျှောက်ထားစဉ်နှင့် မိမိအလံလွှင့်ထူထားသော သက်တမ်းတစ်လျှောက် သတ်မှတ်အချိန်အတိုင်း အတာရောက်ရှိတိုင်း (ဥပမာ၊ တစ်နှစ်တစ်ခါ၊ နှစ်နှစ်ခွဲ တစ်ခါ၊ ငါးနှစ်တစ်ခါ) စသဖြင့် ကျွမ်းကျင်ရေကြောင်းဆိုင်ရာ စစ်ဆေးသူမှ သင်္ဘောပေါ်တွင်လိုအပ်သော ရေပုံများ၊ ရေကြောင်းထောက်ကူပြုစာအုပ်စာပေများ၊ ရေကြောင်းသွားလာမှု/ ရေကြောင်းအထောက်အကူပြု ပစ္စည်းကိရိယာများ တပ်ဆင်အသုံးပြုနိုင်မှုစသည်တို့ပေါ် မူတည်ပြီး၊ ဘေးအန္တရာယ်ကင်းစွာ ရေကြောင်းသွားလာနိုင်မှု အခြေအနေတို့ပါဝင်ပါသည်။

သက်ဆိုင်ရာ အရည်အချင်းရှိ ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်ထားသည့် ဝန်ထမ်းများ (ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောဝန်ထမ်းများ)၏ မှန်ကန်မှု၊ (အခြေခံ သင်္ဘောသားတို့ ကျင့်ထုံးနည်းနာ နိဿယ၊ ရေကြောင်းသွားလာမှု ဥပဒေ၊ ဆက်သွယ်ရေးဆိုင်ရာနှင့် ရေကြောင်းစက်ပစ္စည်းကိရိယာများ) စသဖြင့် လုပ်ငန်းကျွမ်းကျင်မှုများနှင့်၊ သင်္ဘော၏ တန်ချိန်၊ ရည်ရွယ်ခရီးစဉ်များပေါ် မူတည်ပြီး၊ လုံလောက်သော ဝန်ထမ်းအင်အား အခြေအနေစသဖြင့် စိစစ် စစ်ဆေးရပါမည်။

သက်ဆိုင်ရာ အရည်အချင်းရှိ ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်ထားသည့် ဝန်ထမ်းများ (ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောဝန်ထမ်းများ)၏ မှန်ကန်မှု၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းဥပဒေ (ရေကြောင်းသဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရန် ကာကွယ်တားဆီးခြင်း ဥပဒေ)၊ လမ်းညွှန်ချက်အရ၊လိုအပ်သော ကျွမ်းကျင်သင်တန်းများ၊ လေ့ကျင့်သင်ကြားမှုအခြေအနေ၊ ဆက်သွယ်ရေးစက်ပစ္စည်းများ၊ အချက်ပြဆက်သွယ်ရေးပစ္စည်း ကိရိယာများကိုကျွမ်းကျင်စွာ ကိုင်တွယ်ထိန်းသိမ်းမှု၊ ရေကြောင်းသွားလာမှုအန္တရာယ်ကင်းစွာ လုပ်ဆောင်နိုင်ရန် လိုအပ်သော ကြိုတင်ပြင်ဆင်ကျင့်သုံး လိုက်နာမှုစသဖြင့် စိစစ် စစ်ဆေးရပါမည်။

၅။ ဤကဲ့သို့ ကြပ်မတ်စစ်ဆေးရာတွင် အပြည်ပြည်ဆိုင်ရာနှင့် သက်ဆိုင်ရာနိုင်ငံ၏ တည်ဆဲရေကြောင်းဥပဒေများနှင့်အညီ၊ ကျင့်သုံး ထုံးနည်းအတိုင်း၊ လိုက်နာဆောင်ရွက်ရပါမည်။

၆။ သင်္ဘောရောက်ရှိ ဆိပ်ကမ်းနိုင်ငံ၊ ရေကြောင်းဆိပ်ကမ်းအာဏာပိုင်မှ၊ မိမိနိုင်ငံ အလံလွှင့်ထူထားသော သင်္ဘောသည် လိုအပ်သောရေကြောင်းဆိုင်ရာ ဥပဒေများကို ပြည့်မီစွာ/ကျင့်သုံးလိုက်နာမှု မရှိကြောင်း၊ အကြောင်းကြားလာပါက စိစစ် စစ်ဆေး၍ ဥပဒေနှင့်အညီ လိုက်နာစေရန် ထိန်းကြောင်းတည့်မတ်ရပါမည်။

၇။ သက်ဆိုင်ရာ နိုင်ငံများသည် မိမိအလံလွှင့်ထူထားသော သင်္ဘောများ၊ ရေနက်ကမ်းဝေး ပင်လယ်ပြင်အတွင်းဖြစ်ပွားခဲ့သော ပင်လယ်ပြင်သဘာဝပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှုများနှင့် ရေကြောင်းသွားလာမောင်းနှင်ခြင်းနှင့် ပတ်သက်သော မတော်တဆမှုများနှင့် အခြားနိုင်ငံအလံလွှင့်ထူထားသော နိုင်ငံသားအား အသက်ဘေးအန္တရာယ်၊ ကြီးမားသောထိခိုက် ဒဏ်ရာရရှိစေခြင်း၊ သင်္ဘောနှင့် အခြားအစိတ်အပိုင်းများ၊ ရေထုသဘာဝ ပတ်ဝန်းကျင်များအား ဆိုးရွားစွာ ထိခိုက်ပျက်စီးစေခြင်းများကို သင့်လျော်သော အရည်အချင်းရှိ ပုဂ္ဂိုလ်/ပုဂ္ဂိုလ်များနှင့် စုံစမ်းစစ်ဆေးရပါမည်။

အခြားနိုင်ငံနှင့် ပတ်သက်ဖြစ်ပွားခဲ့သော အဆိုပါ မတော်တဆမှုများအား ထိုနိုင်ငံမှ စုံစမ်းစစ်ဆေးရာတွင် ပူးပေါင်းကူညီဆောင်ရွက်ရပါမည်။

ဤကဲ့သို့ တာဝန်ဝတ္တရားများရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com
၁၃ - ၂ - ၂၀၁၉ (ဗုဒ္ဓဟူးနေ့)


# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတကာခရီးစဉ်သစ်များတိုး၍

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ နိုင်ငံတကာခရီးစဉ်သစ်များတိုးချဲ့ပျံသန်းမည်ဖြစ်ကြောင်း ဇန်နဝါရီလ (၃၀)ရက်တွင်ကျင်းပသော Yangon Aerodrome Company Limited (YACL) ၏ မိတ်ဖက်လေကြောင်းလိုင်းများနှင့် မိတ်ဖက်လုပ်ငန်းစုများ မိတ်ဆုံစားပွဲအခမ်းအနားမှ သိရသည်။

အဆိုပါ အခမ်းအနားတွင် Yangon Aerodrome Company Limited ၏ Chief Executive Officer ဖြစ်သူ Mr. Ho Chee Tong က "ကျွန်တော်တို့အနေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရဲ့ဝန်ဆောင်မှုအရည်အသွေးတွေကို စဉ်ဆက်မပြတ် တိုးမြှင့်သွားဖို့ဆောင်ရွက်နေပြီး ကမ္ဘာတစ်ဝန်းနှင့်ချိတ်ဆက်ပြီးတော့ မြန်မာနိုင်ငံကိုလာရောက်တဲ့ ခရီးသည်ဦးရေ တိုးတက်လာစေဖို့ ဈေးကွက်အသစ်ကိုလည်း ရှာဖွေနေပါတယ်။ တစ်နည်းအားဖြင့် တရုတ်နိုင်ငံဈေးကွက်က မြန်မာနိုင်ငံခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းတွေ အများကြီးရှိနေတာဖြစ်လို့ ကျွန်တော်တို့ကလည်း အစိုးရနဲ့ရော မိတ်ဖက်လေကြောင်းလိုင်းတွေနဲ့ပါ ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဖို့ အမြဲအဆင်သင့်ရှိနေပါတယ်"ဟုပြောသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလ (၃)ရက်တွင် နိုင်ငံတကာအဆင့်မီ လေဆိပ်ဝန်ဆောင်မှုများအား စတင်ဝန်ဆောင်မှုပေးခဲ့သော Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံ၏အဓိကဝင်ပေါက်၊ ထွက်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (Y/A) အား စီမံခန့်ခွဲဝန်ဆောင်မှုပေးလျက်ရှိသည်။ အိန္ဒိယနှင့်တရုတ်နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိသော မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံနေထိုင်ရာနိုင်ငံများသို့ (၆)နာရီကြာ ပျံသန်းချိန်အကွာအဝေး အတွင်း၌သာ တည်ရှိနေသည်။




ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (၃၂)လိုင်းနှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် (၃၀)ခု ဝန်ဆောင်မှုပေးလျက်ရှိပြီး ၂၀၁၈ ခုနှစ်အတွင်း ခရီးသည်ပေါင်း (၆)ဒသမ (၀၃၅)သန်း ဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။

ဘုန်းပိုင်ဦး

# Vietjet လေကြောင်းလိုင်းမှ ဖူကွာ-ဟောင်ကောင်ခရီးစဉ်သစ် စတင်ပြေးဆွဲ




တရုတ်နှစ်သစ်ကူး အခါသမယတွင် Vietjet လေကြောင်းလိုင်းသည် ဖူကွာ-ဟောင်ကောင်ခရီးစဉ်လမ်းကြောင်းအသစ်ကို စတင်မိတ်ဆက်လိုက်ပြီး လက်မှတ်များစတင်ရောင်းချပေးနေပြီဖြစ်သည်။

အသွားအပြန် ပျံသန်းမှုများကို ရက်သတ္တတစ်ပတ်လျှင် လေးကြိမ်ပြေးဆွဲပေးမည့် အဆိုပါလမ်းကြောင်းအသစ်ကို ဧပြီလ (၁၉)ရက်မှစတင်၍ ပျံသန်းပေးမည်ဖြစ်ပြီးဒေသစံတော်ချိန် နံနက် (၁၀)နာရီ (၅၀)မိနစ်တွင် ဖူကွာမှစတင်ထွက်ခွာမည်ဖြစ်ရာ နေ့လည် (၂)နာရီ(၃၅)တွင် ဟောင်ကောင်သို့ ရောက်ရှိမည်ဖြစ်သည်။ ထို့နောက် နေ့လည် (၃)နာရီ (၄၀)မိနစ်တွင် ပြန်လည်ထွက်ခွာဖြစ်ပြီး ဖူကွာသို့ ညနေ (၅)နာရီ (၂၅)မိနစ်အချိန်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည့်အတွက်ကြောင့် အသွားအပြန်ခရီးစဉ် အစအဆုံး (၂)နာရီ (၄၅)မိနစ်သာ ကြာမြင့်မည်ဖြစ်သည်။

မြန်မာခရီးသွား ဧည့်သည်များအနေဖြင့် ဗီယက်နမ်ဟနွိုင်းမြို့မှတစ်ဆင့် Vietjet လေကြောင်းလိုင်းဖြင့် ဖူကွာ-ဟောင်ကောင် ခရီးစဉ်ကိုပျံသန်းစီးနင်းလိုက်ပါလိုပါက လက်မှတ်အရောင်းဌာနများတွင် အထူးဈေးနှုန်းများဖြင့် နေ့လည် (၁၂)နာရီ (၃၀)မှ (၂)နာရီ (၃၀)အတွင်းဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် စမတ်ဖုန်းများမှဆိုလျှင် https://m.vietjetair.com အွန်လိုင်းလိပ်စာတွင်လည်းကောင်း၊ www.facebook.com/vietjetvietnam စာမျက်နှာတွင် BookingTab ကိုနှိပ်၍သော်လည်းကောင်းဝယ်ယူနိုင်မည်ဖြစ်သည်။

လက်ရှိတွင် Vietjet လေကြောင်းလိုင်းသည် ရန်ကုန်-ဟနွိုင်းအသွားအပြန်ခရီးစဉ်ကို ပြေးဆွဲပေးလျက်ရှိသည်။ နေ့စဉ်လေယာဉ်အစီးရေ (၄၀)ဖြင့် ဗီယက်နမ်ပြည်တွင်းခရီးစဉ် (၄၀)ရာခိုင်နှုန်းနှင့် နိုင်ငံတကာခရီးစဉ် (၆၆)ခုကို ဝန်ဆောင်မှုပေးနေသည့် အာရှ-ပစိဖိတ်ဒေသတွင်းအတတ်ပညာပိုင်း ယုံကြည်စိတ်ချရမှုအမြင့်ဆုံး (၉၉.၆၄)ရာခိုင်နှုန်းရှိသည့် လေကြောင်းလိုင်းလည်းဖြစ်သည်။

ES

# အနန္တ၏ အကန့်အသတ်မဲ့ ဒေတာအစီအစဉ်ကို 300 GB သို့ တိုးမြှင့်

မျှတစွာသုံးစွဲရေးမူဝါဒအရ အကန့်အသတ်မဲ့ ဒေတာပလန်ကို တစ်လလျှင် 100 GB သတ်မှတ်သော်လည်း ဇန်နဝါရီ ၂၄ ရက်ကစတင်ကာ အကန့်အသတ်မဲ့ ဒေတာပလန်အတွက် တစ်လ 300 GB သို့ပြောင်းလဲတိုးမြှင့်ပေးခဲ့သည်ဟု အနန္တအင်တာနက်ကုမ္ပဏီ ပြန်ကြားရေးတာဝန်ခံ ဒေါ်ငြိမ်းချမ်းသူက ပြောသည်။ ၂၀၁၈ မေလတွင် စတင်မိတ်ဆက်ခဲ့သည့် အနန္တအင်တာနက်လိုင်းသည် စတင်မိတ်ဆက်ပြီး နှစ်လကျော်တွင် အကန့်အသတ်မဲ့ဒေတာပလန်ကို မျှတစွာသုံးစွဲရေးမူဝါဒအရဆိုကာ အသုံးပြုနိုင်သည့် ပမာဏကန့်သတ်ခြင်းကြောင့် အသုံးပြုသူများက ဝေဖန်ခဲ့သည်။

အကန့်အသတ်မဲ့ဒေတာပလန်တွင် 300 GB အတွင်း အမြန်နှုန်း 5Mbps မှ 7Mbps အထိ ပေးအပ်မည်ဖြစ်သော်လည်း 300 GB ကျော်လွန်သည့်အခါ အမြန်နှုန်းကျဆင်းမည်ဟု ဒေါ်ငြိမ်းချမ်းသူကပြောသည်။

"300 GB ကျော်သွားရင် အမြန်နှုန်းကန့်သတ်တာရှိတယ်။ အဲဒီ့လျော့သွားတဲ့အမြန်နှုန်းကိုလည်း တိုးပေးဖို့ရှိနေပါတယ်။ လက်ရှိ ပလန်ဝယ်ပြီးသုံးနေတဲ့ လူတွေကတော့ကုန်အောင်သုံးရမှာပါ။ အသစ်ဝယ်တဲ့ပလန်အတွက်ပဲ တစ်လကို 300 GB တိုးပေးတာပါ"ဟု ၎င်းကပြောသည်။

ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းနှင့် ဧရာဝတီတိုင်း၊ ရခိုင်၊ ချင်း၊ ရှမ်း၊ ကချင်နှင့် ကယားပြည်နယ် တို့၌ 4G Broadband အင်တာနက်လိုင်းရောင်းချခွင့်ရရှိထားသည့် အနန္တအင်တာနက်လိုင်းသည် ရန်ကုန်၌ ၂၀၁၈ မေလတွင် ဝန်ဆောင်မှုစတင်ပြီး မန္တလေးတွင် ၂၀၁၉ ဇန်နဝါရီ၌ ဝန်ဆောင်မှုစတင်ခဲ့သည်။

ရန်ကုန်တွင် မြို့နယ်အားလုံးအတွက် အနန္တကုမ္ပဏီက အင်တာနက်လိုင်းရောင်းချခဲ့သော်လည်း မန္တလေးတွင် မြို့နယ်နှစ်ခုအတွက်သာ ရောင်းချခဲ့သည်။ အလားတူ ရန်ကုန်တွင် အထိုင်စက်၊ ရွှေ့လျားစက်နှင့် မိုဘိုင်း(လ်)ဖုန်းများတွင် ထည့်သွင်းအသုံးပြုနိုင်သည့် ဆင်းမ်ကတ်ဟူ၍ သုံးမျိုးရောင်းချသော်လည်း မန္တလေးမြို့တွင် အထိုင်စက်တစ်ခုတည်းသာ ရောင်းချထားသည်။

TCNJ

# Grab Shuttle မီနီဘတ်စ် ဝန်ဆောင်မှု ယခုနှစ်အတွင်း စတင်မည်

အွန်လိုင်းစနစ်သုံး အငှားယာဉ်ကုမ္ပဏီ Grab က လူအများစီးနင်းနိုင်မည့် Grab Shuttle မီနီဘတ်စ်ဝန်ဆောင်မှုကို ယခုနှစ်အတွင်းစတင်မိတ်ဆက်မည်ဟု ဇန်နဝါရီ ၂၄ ရက်က သတင်းထုတ်ပြန်သည်။ အဆိုပါစနစ်သည် Grab က သတ်မှတ်ထားသည့် လမ်းကြောင်းတွင် စီးနင်းလိုသူများက ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ကုန်ကျစရိတ်ကျပ် ၂,၀၀၀ ဖြစ်သည်ဟုဆိုသည်။ မီနီဘတ်စ်တစ်စီးကို အများဆုံးလူ ၂၀ ဦးသတ်မှတ်ထားသည်။

လက်ရှိတွင် ကုမ္ပဏီကစမ်းသပ်လမ်းကြောင်းအဖြစ် မြန်မာပလာဇာ (လမ်းနီမှတ်တိုင်)မှ ဆူးလေလမ်းကြောင်းနှင့် အင်းစိန်လမ်းကြောင်းဟူ၍ ရုံးတက်၊ ရုံးဆင်းနှစ်ချိန် ပြေးဆွဲပေးနေသည်။

မီနီဘတ်စ်ဝန်ဆောင်မှုနှင့်အတူ Grab Call ဝန်ဆောင်မှုဖြစ်သည့် ဖုန်းဘွတ်ခ်ကင်စနစ်၊ ဟိုတယ်နှင့် ရုံးများအတွက် Grab Web Booking စနစ်နှင့် မန္တလေးတွင်အချိန်ပိုင်းအငှားယာဉ်ဝန်ဆောင်မှုတို့ဖြစ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ Grab ကုမ္ပဏီ အကြီးအကဲကပြောသည်။




စင်ကာပူအငှားယာဉ်ကုမ္ပဏီ Grab သည် ၂၀၁၇ ဩဂုတ်တွင် မြန်မာနိုင်ငံသို့ စတင်ဝင်ရောက်လာသည်။ ၂၀၁၈ အတွင်း တက္ကစီအစီးရေ ၅,၀၀၀ ကျော်ဖြင့် ရန်ကုန်မြို့တွင်းအငှားယာဉ်ဝန်ဆောင်မှုကို ဆောင်ရွက်နေပြီး ရန်ကုန်၊ မန္တလေးနှင့် ပုဂံတို့တွင် အငှားယာဉ်၊ သုံးဘီး၊ ဆိုင်ကယ်ဝန်ဆောင်မှုများဆောင်ရွက်နေသည်။

TCNJ



ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com


# ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့နှင့် စစ်သွေးကြွများ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားပြီး ရှစ်ဦးသေဆုံး



ဖိလစ်ပိုင်နိုင်ငံဂျိုလိုကျွန်းတွင် ဖေဖော်ဝါရီ ၂ ရက်က ပြင်းထန်သည့် အပြန်အလှန်ပစ်ခတ်မှုအတွင်း အစိုးရတပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး အစွန်းရောက် အဘူဆေယက်ဖ်အဖွဲ့ဝင်သုံးဦး သေဆုံးကြောင်း ဖိလစ်ပိုင်စစ်တပ်က ပြောသည်။ ဇန်နဝါရီ ၂၇ ရက်က ဂျိုလိုကျွန်းရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကို အဘူဆေယက်ဖ်အဖွဲ့က ဗုံးခွဲတိုက်ခိုက်ခဲ့သည်ဟု ယူဆပြီး ယင်းဗုံးခွဲမှုကြောင့် လူ ၂၀ ဦးသေဆုံးခဲ့သည်။

ဂျိုလိုကျွန်းသည် အဘူဆေယက်ဖ်အဖွဲ့၏ အမာခံခြေကုပ် ယူရာဒေသတစ်ခုဖြစ်သည်။ ဘုရားကျောင်းဗုံးခွဲခံရပြီးနောက် ဖိလစ်ပိုင်သမ္မတဒူတာတီက အဘူဆေယက်ဖ်အဖွဲ့ကို ချေမှုန်းရန် အချက်ပြခဲ့ရာ ယခုကဲ့သို့အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခြင်းဖြစ်သည်။

"ဒါကပြင်းထန်တဲ့တိုက်ပွဲပါ။ နစ်နာရီ လောက်ကြာခဲ့ပါတယ်" ဟု ဒေသဆိုင်ရာ စစ်တပ်ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဂါရီဘီဆာနာက ပြောသည်။

အဆိုပါ ဘုရားရှိခိုးကျောင်းဗုံးခွဲမှုနှင့် ပတ်သက်၍ ဖိလစ်ပိုင်တာဝန်ရှိသူများက တရားခံကို အတိအကျဖော်ထုတ်နိုင်ခြင်းမရှိသေးပေ။

အဆိုပါဗုံးခွဲမှုသည် ၎င်းတို့ လက်ချက်ဖြစ်ကြောင်း အိုင်အက်စ်အဖွဲ့က ကြေညာခဲ့သည်။ အိုင်အက်စ်အဖွဲ့အပေါ် သစ္စာခံသောအဘူဆေယက်ဖ်အဖွဲ့က ယင်းဗုံးခွဲတိုက်ခိုက်မှုကို ကျူးလွန်ခဲ့သည်ဟု သံသယရှိကြောင်းဖိလစ်ပိုင်အာဏာပိုင်များက ပြောသည်။

ဖိလစ်ပိုင်တွင် ဇန်နဝါရီ ၃၀ ရက်က ဗလီကျောင်းတစ်ခု၌ ဗုံးပေါက်ကွဲပြီး လူနှစ်ဦး သေဆုံးခဲ့ရာ ယင်းမှာ လက်တုံ့ပြန်တိုက်ခိုက်မှု ဖြစ်နိုင်ကြောင်း စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေခဲ့သည်။

ဗလီကျောင်းဗုံးခွဲမှုနှင့် ဘုရားရှိခိုးကျောင်းဗုံးခွဲမှု ဆက်စပ်မှုမတွေ့ရကြောင်း ဖိလစ်ပိုင်အာဏာပိုင်များက ပြောကြားထားသည်။

လရောင်—Ref: AFP

# အီရန်တော်လှန်ရေး နှစ်ပတ်လည်အခမ်းအနားတွင် တာဝေးပစ်ဒုံးကျည်သစ် ထုတ်ဖော်ပြသ

၁၉၇၉ ခုနှစ် အစ္စလာမ်မစ်တော်လှန်ရေး နှစ်(၄၀)ပြည့်အခမ်းအနားများ ကျင်းပစဉ်အတွင်း အီရန်သည် မိုင် ၈၀၀ အကွာအဝေးအထိရောက်ရှိနိုင်သော တာဝေးပစ်ပဲ့ထိန်းဒုံးကျည်သစ်တစ်စင်းကို ထုတ်ဖော်ပြခဲ့သည်။ အမေရိကန်နိုင်ငံ ဆန့်ကျင်မှုနှင့် ဥရောပနိုင်ငံများ၏ စိုးရိမ်ပူပန်မှုများကို အာခံခြင်းအဖြစ် အီရန်သည်ဒုံးကျည်အစီအစဉ်ကို ချဲ့ထွင်နေပြီး အထူးသဖြင့် ပဲ့ထိန်းဒုံးကျည်ကဏ္ဍတွင် ဖြစ်သည်။

ယင်းအစီအစဉ်သည် ခုခံကာကွယ်ရန် သက်သက်သာဖြစ်သည်ဟု အီရန်အစိုးရက ပြောကြားထားသည်။ အီရန်ပဲ့ထိန်းဒုံးကျည် ဖွံ့ဖြိုးတိုးတက်မှုလျှော့ချရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲများကျင်းပရန် ဥရောပတိုင်းပြည်များက ဖိအားပေးလျှင် မိမိတို့အနေဖြင့် လက်ရှိကန့်သတ်ချက်များကို ကျော်လွန်သော ချဲ့ထွင်မှုဆီသို့ ဦးတည်သွားနိုင်သည်ဟုအီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ ထိပ်တန်းတပ်မှူးတစ်ဦးက ပြောသည်။

ဒုံးကျည်သစ်ထုတ်ဖော်မိတ် ဆက်ပွဲအတွင်း အီရန်ကာကွယ်ရေးဝန်ကြီး ဟာတာမီက "ဒီပဲ့ထိန်းဒုံးကျည်သစ်ဟာ အလွန်တိုတောင်းတဲ့အချိန်အတွင်း အရာရာပြီးစီးအောင်ပြင်ဆင်နိုင်ပြီး နိမ့်နိမ့်လေးပျံနိုင်ပါတယ်" ဟုပြောကြားပြီး Hoveizeh အမည်ရှိ ယင်းဒုံးကျည်သစ်သည် Soumar မိသားစုဝင်ဒုံးကျည်အမျိုးအစားဖြစ်သည်ဟု ဆိုသည်။

အမေရိကန်ထံမှ သတိပေးမှုများရှိနေသော်လည်း အီရန်သည် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ၂၀၁၅ နျူသဘောတူညီချက်ရရှိပြီးနောက်ပိုင်း ၎င်းတို့၏ ဒုံးကျည်အစီအစဉ်ကို ချဲ့ထွင်နေသည်။

ဒုံးကျည်စမ်းသပ်မှုများက ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကို ချိုးဖောက်ရာမကျကြောင်း အီရန်က ပြောကြားထားသည်။ ထို့အပြင် ၎င်းတို့၏ ဒုံးကျည်များသည် နျူထိပ်ဖူးများ သယ်ဆောင်နိုင်စွမ်းရှိသည်ဆိုခြင်းနှင့် စပ်လျဉ်း၍ အီရန်က ငြင်းဆန်ထားသည်။

လရောင်
Ref: Reuters

# နူတ်ထွက်မည်ဟု အမေရိကန်ပြောပြီးနောက် နျူလက်နက် သဘောတူညီမှုကို ရုရှားဆိုင်းငံ့




စစ်အေးခေတ် တာလတ်ပစ် နျူလက်နက်များဆိုင်ရာ သဘောတူညီချက် (INF)ကို မော်စကိုက ချိုးဖောက်နေသည်ဟု စွပ်စွဲကာ အမေရိကန်အနေဖြင့် ယင်းမှ နုတ်ထွက်မည်ဟု ကြေညာပြီးနောက် ရုရှားက ယင်းသဘောတူညီမှုကို ဆိုင်းငံ့ထားကြောင်း သမ္မတဗလာဒီမာပူတင်က ပြောသည်။ ယူကရိန်းထံမှခရိုင်းမီးယားဒေသကို ရုရှားက ၎င်းတို့ပိုင်နက်အတွင်းသွတ်သွင်းခြင်း၊ အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ကြားဝင်စွက်ဖက်သည် ဆိုခြင်းနှင့် ဗြိတိန်နိုင်ငံတွင် အာရုံကြောအဆိပ်ဖြင့် တိုက်ခိုက်မှု၌ ပါဝင်သည်ဆိုခြင်းတို့အပါအဝင် ကိစ္စများစွာနှင့်ပတ်သက်ပြီး အနောက်တိုင်းနှင့် ရုရှားအစိုးရကြားဆက်ဆံရေး ဆိုးရွားနေသည်။

၁၉၈၇ က ချုပ်ဆိုခဲ့သော INF သဘောတူညီမှုကို ချိုးဖောက်နေသော လုပ်ရပ်များကို မော်စကိုက အဆုံးမသတ်ပါက ယင်းသဘောတူညီမှုမှ ခြောက်လအတွင်း နုတ်ထွက်မည်ဟု အမေရိကန်က ကြေညာခဲ့သည်။

ရုရှားက ယင်းသဘောတူညီမှုအတိုင်း ပြန်လည်လိုက်နာနေထိုင်ပါက ၎င်းတို့နုတ်ထွက်မည့်အရေး ပြန်လည်စဉ်းစားမည်ဟု အမေရိကန်က ပြောကြားသည်။

ယင်းသဘောတူညီမှုအရ ရုရှားနှင့် အမေရိကန်နှစ်နိုင်ငံစလုံးသည် ဥရောပတွင် တာတိုနှင့် တာလတ်ပစ်ဒုံးကျည်များ ချထားခွင့်မရှိပေ။

ယင်းသဘောတူညီမှု ချိုးဖောက်သည်ဆိုခြင်းနှင့်ပတ်သက်၍ ရုရှားက ငြင်းဆိုထားသည်။ "အမေရိကန်လက်တွဲဖော်တွေက အဲဒီသဘောတူညီမှုမှာ သူတို့ပါဝင်တာကို ဆိုင်းငံ့တယ်လို့ ကြေညာထားပါတယ်၊ ကျွန်တော်တို့လည်း ဒါကို ဆိုင်းငံ့ပါတယ်"ဟု ပူတင်က နိုင်ငံခြားနှင့် ကာကွယ်ရေးဝန်ကြီးများနှင့်တွေ့ဆုံမှုအတွင်း ပြောကြားသည်။

ပူတင်က ရုရှားအနေဖြင့် ဒုံးကျည်အသစ်များ ဖန်တီးရေးစတင်ဆောင်ရွက်မည်ဟု ပြောသည်။

လရောင်—Ref: Reuters

# ဗဟိုအာဖရိကပြည်ထောင်စုအစိုးရနှင့် လက်နက်ကိုင်အဖွဲ့များ ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိ



ဆူဒန်နိုင်ငံခါတွမ်မြို့တွင် ပြုလုပ်ခဲ့သော ဆွေးနွေးမှုများအပြီး ဗဟိုအာဖရိကပြည်ထောင်စုအစိုးရသည် လက်နက်ကိုင်အဖွဲ့ ၁၄ ဖွဲ့နှင့် ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိခဲ့ကြောင်း ကုလသမဂ္ဂက ဖေဖော်ဝါရီ ၂ ရက်၌ပြောကြားသည်။ သမ္မတဖရန်ကော့စ်ဘိုဇီဇီကို မွတ်စလင် Selaka သူပုန်များက ဖြုတ်ချခဲ့ရာ ခရစ်ယာန်ပြည်သူ့စစ်များက ပြန်လည်တုံ့ပြန်ခဲ့သည့် ၂၀၁၃ ခုနှစ်ကတည်းက ဗဟိုအာဖရိကပြည်ထောင်စုတွင် အကြမ်းဖက်မှုများ ဖြစ်ပွားနေသည်။

၂၀၁၄ ခုနှစ်တွင် ယင်းနိုင်ငံ၌ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ ဖြန့်ကြက်နေရာချခဲ့သည်။ "ခါတွမ်မှာငြိမ်းချမ်းရေးသဘောတူညီချက်တစ်ခုကို ကျွန်တော်တို့ အချောသပ်ခဲ့ပါတယ်။ ဒါက ဗဟိုအာဖရိကပြည်ထောင်စုပြည်သူတွေကို ပြန်လည်သင့်မြတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ် ပြန်ရောက်စေမှာပါ" ဟု ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ အာဖရိကသမဂ္ဂမဟာမင်းကြီး ဆာမေးလ်ချာဂွိုင်က တွစ်တာ၌ ပြောသည်။ ဗဟိုအာဖရိကပြည်ထောင်စု၌ ပဋိပက္ခကြောင့် လူတစ်သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ကုလသမဂ္ဂနှင့် အာဖရိက ထောက်ခံမှုဖြင့် ဇန်နဝါရီလ ၂၄ ရက်က စတင်ခဲ့သောယခုဆွေးနွေးမှုများသည် ဗဟိုအာဖရိကပြည်ထောင်စုတစ်ဝန်းပျံ့နှံ့နေသည့် အကြမ်းဖက်မှုများကို ရပ်တန့်ရန် ရည်ရွယ်သည်။

ငြိမ်းချမ်းရေးသဘောတူညီချက်ရသော်လည်း ငြိမ်းချမ်းရေးရရှိရန် မသေချာပေ။ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်ကအလားတူငြိမ်းချမ်းရေး သဘောတူညီချက်အားလုံး ပျက်ပြားခဲ့သည်။

သို့သော် အစိုးရပြောရေးဆို ခွင့်ရှိသူတစ်ဦးက ယခုသဘောတူညီချက်သည် တိုင်းပြည်အတွက် ခေတ်သစ်ရှေ့ပြေးဖြစ်ကြောင်း ပြောကြားစဉ် လက်နက်ကိုင်အဖွဲ့များကလည်း အကောင်းမြင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ လရောင်

# ကာကွယ်ဆေး အရှုပ်တော်ပုံနှင့်ပတ်သက်၍ တရုတ်အစိုးရက တာဝန်ရှိသူ ၈၀ ကျော်ကို အရေးယူ

ပြည်တွင်းဖြစ်ဆေးဝါးများ၏ စိတ်ချယုံကြည်ရမှုနှင့် ပတ်သက်၍ ပြည်သူလူထုကို စိုးရိမ်ပူပန်မှုဖြစ်စေခဲ့သော ပြီးခဲ့သည့်နှစ်က ကာကွယ်ဆေးအရှုပ်တော်ပုံတစ်ခုကြောင့် တာဝန်ရှိသူ ၈၀ ကျော်ကို အရေးယူခဲ့ကြောင်း တရုတ်နိုင်ငံအကျင့်ပျက်ခြစားမှု လေ့လာစောင့်ကြည့်ရေးအဖွဲ့က ဖေဖော်ဝါရီလ ၃ ရက်တွင် ပြောသည်။ ခွေးရူးရောဂါကာကွယ်ဆေးများကို အဓိကထုတ်လုပ်သည့် ချန်ချွင်းချန်ရှန်းဇီဝနည်းပညာကုမ္ပဏီသည် မှတ်တမ်းမှတ်ရာများလိမ်လည်ခဲ့ကြောင်း တွေ့ရှိပြီးနောက် အောက်တိုဘာလက ကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ဒဏ်ရိုက်ခံရသည်။

ယင်းအရှုပ်တော်ပုံနှင့်ပတ်သက်၍ တရုတ်အစားအစာနှင့် ဆေးဝါးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဟောင်း ဝူဇန်းအပါအဝင် အရာရှိလေးဦးကို အစိုးရရှေ့နေများထံလွှဲပြောင်းပေးခဲ့ကြောင်း စည်းကမ်းပိုင်းစုံစမ်းစစ်ဆေးရေးဆိုင်ရာဗဟိုကော်မရှင်က ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြသည်။

ဆွေမျိုးကောင်းစားရေးဝါဒနှင့် လာဘ်စားမှုအပါအဝင် ဝူဇန်းအားစွဲချက်တင်ထားပြီး၎င်းကို ကွန်မြူနစ်ပါတီမှ ထုတ်ပယ်ကြောင်းယင်းဗဟိုကော်မရှင်က ပြောသည်။

ဂူဟာပြည်သူတွေအပေါ် ညှာတာထောက်ထားမှုမဲ့ပြီး ဆေးဝါးဆိုင်ရာစည်းမျဉ်းစည်းကမ်းပိုင်းမှာ သူ့ရဲ့ရာထူးကို အလွဲသုံး စားလုပ်ခဲ့တာကြောင့် ဆေးဝါးတွေနဲ့ပတ်သက်ပြီး အစိုးရရဲ့ကြီးကြပ်ကွပ်ကဲမှုကို ပြင်းထန်တဲ့ အန္တရာယ်ကျရောက်စေပါတယ်" ဟု ဆင်ဟွာသတင်းအေဂျင်စီက ဖော်ပြသည်။

လရောင်
Ref: AFP

# ဘန်ကောက်တွင် မီးခိုးမြူများကြောင့် စာသင်ကျောင်း ရာနှင့်ချီ၍ ပိတ်ထားရ



ကျယ်ပြန့်သော စိုးရိမ်ပူပန်မှုများ ဖြစ်စေခဲ့သည့် လေထုညစ်ညမ်းမှု အကျပ်အတည်းကို စီမံခန့်ခွဲရန် ရုန်းကန်နေစဉ် ဘန်ကောက်မြို့တွင် စာသင်ကျောင်း ၄၅၀ ခန့်ကို ပိတ်ထားရန် အာဏာပိုင်များက ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။ ထိုင်းနိုင်ငံမြို့တော်သည် သီတင်းပတ်ပေါင်းများစွာ မီးခိုးမြူများ ဖုံးလွှမ်းနေခဲ့ပြီး မြို့တော်တွင် နေထိုင်သူများ နှာခေါင်းစည်းများ ဝတ်ဆင်သွားလာနေရသည်။

အစိုးရ၏ မညီမျှသော တုံ့ပြန်မှုများကိုလူမှုမီဒီယာတွင် ဝေဖန်နေသည်။ မီးခိုးမြူများ ဖုံးလွှမ်းနေခြင်းအတွက် မော်တော်ယာဉ်မီးခိုးထုတ်လွှတ်မှု၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လယ်ကွင်းများတွင် ရိုးပြတ်များမီးရှို့မှု၊ စက်ရုံများမှ မီးခိုးထုတ်လွှတ်မှုများကို အပြစ်တင်ထားသည်။

အာဏာပိုင်များက မိုးတုများ ဖန်တီးခြင်း၊ အမှုန်အမွှားများကို ရှင်းလင်းရန် ခုံးကျော်တံတားများကို ရေဆေးခြင်း လုပ်ဆောင်ခဲ့ပြီး တရုတ်နှစ်သစ်ကူးကာလတွင် အမွှေးတိုင်များ မထွန်းညှိရန်လည်း ပန်ကြားထားသည်။

ဇန်နဝါရီလ ၃၀ ရက်တွင် ဘန်ကောက်မြို့ အုပ်ချုပ်ရေးအဖွဲ့က ကျန်းမာရေးသတိပေးချက်တိုးမြှင့်ခဲ့ပြီး မြို့တော်နယ်နိမိတ်အတွင်း စာသင်ကျောင်း ၄၃၇ ကျောင်းကို ဇန်နဝါရီလ ၃၀ ရက်၊ နေ့လယ်မှ ဖေဖော်ဝါရီလ ၁ ရက်အထိ ပိတ်ထားရန် ညွှန်ကြားခဲ့သည်။

ထို့အပြင် မြို့တော်၏ စတုရန်းကီလိုမီတာ ၁,၅၀၀ ကိုလည်း ထိန်းချုပ်ဇရိယာအဖြစ်သတ်မှတ်ခဲ့သည်။ "အခြေအနေက ဖေဖော်ဝါရီလ ၃ရက်၊ ၄ ရက်အထိ ဆိုးရွားနေပါလိမ့်မယ်။ ဒါကြောင့် စာသင်ကျောင်းတွေပိတ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်"ဟု ဘန်ကောက်အုပ်ချုပ်ရေးမှူး ကွမ်မောင်းက ပြောကြားသည်။

မြို့တော်၏ ခရိုင်လေးခုအနက် သုံးခုတွင် မီးခိုးမြူများ ဆိုးရွားစွာ ဖုံးအုပ်နေသည်ဟုဎင်းက ပြောသည်။ ပန်းခြံများတွင် လေ့ကျင့်ခန်းလုပ်ခြင်းများကို မကြာမီ သတိပေးချက်ထုတ်ပြန်မည်ဟု ကွမ်မောင်းက ပြောသည်။

လရောင်—Ref: AFP

# ဆီးရီးယားနိုင်ငံ အလက်ပိုမြို့၌ အဆောက်အအုံပြိုကျသဖြင့် အနည်းဆုံး လူ (၁၁) ဦး သေဆုံး



ဆီးရီးယားနိုင်ငံ အလက်ပိုမြို့တွင်စစ်ဒဏ်ကြောင့် ထိခိုက်ပျက်စီးနေသော လူနေအဆောက်အအုံတစ်လုံးပြိုကျရာ ကလေးလေးဦးအပါအဝင် အနည်းဆုံး လူ (၁၁) ဦး သေဆုံးခဲ့သည်။ ယခင်က သူပုန်များထိန်းချုပ်ရာ ဆာလာဟီဒင်ဇရိယာရှိ ယင်းအဆောက်အအုံပြိုကျမှုတွင် ကလေးတစ်ဦးသာ အသက်ရှင်ခဲ့သည်။

ဆီးရီးယားနိုင်ငံတစ်ဝန်း ပျက်စီးယိုယွင်းနေသော အဆောက်အအုံများ၌ ပြည်သူများ နေထိုင်ရလျက်ရှိသည်။

ယခုပြိုကျခဲ့သော ငါးထပ်အဆောက်အအုံအနီးရှိ အခြားအဆောက်အအုံပေါင်းများစွာလည်း ပြိုကျနိုင်သည့်အန္တရာယ်ရှိကြောင်း အေအက်ဖ်ပီသတင်း ဌာနက ဖော်ပြသည်။

၂၀၁၇ ခုနှစ် ကုလသမဂ္ဂပြိုဟ်တု အချက်အလက်များအရ အလက်ပိုမြို့တွင် အဆောက်အအုံ ၃၅,၀၀၀ ကျော် ပျက်စီးယိုယွင်းနေကြောင်း ဖော်ပြခဲ့သည်။

လူနေအဆောက်အအုံ အနည်းငယ်သာလျှင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြန်လည်မွမ်းမံတည်ဆောက်ထားကြောင်း အေအက်ဖ်ပီက ဖော်ပြသည်။

အလက်ပိုမြို့တစ်ခုလုံးသည် ဆီးရီးယားအစိုးရနှင့် ၎င်း၏ မဟာမိတ်ရုရှား၊ အိုင်အက်စ်အဖွဲ့ချေမှုန်းရေး အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့က အကြိမ်ရေထောင်နှင့်ချီ၍ လေကြောင်းတိုက်ခိုက်မှုနှင့်အတူ ဆီးရီးယားအစိုးရ၊ သူပုန်အဖွဲ့များနှင့် အိုင်အက်စ်အဖွဲ့ကြား တိုက်ပွဲများကြောင့် ဖွတ်ဖွတ်ညက်ညက်ကြေနေသည်။

ဆီးရီးယားတစ်ဝန်းပျက်စီး ယိုယွင်းနေသော အိမ်ရာများနှင့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရန် ကန်ဒေါ်လာ ဘီလီယံ ၃၀၀ မှ ၄၀၀ ကြား ကုန်ကျနိုင်သည်။

လရောင်—Ref:BBC

# ဩစတြေးလျ ဆုကြေးအများဆုံး စာပေဆုကို ထိန်းသိမ်းခံ ရွှေ့ပြောင်းဒုက္ခသည်တစ်ဦး ဆွတ်ခူး

ဩစတြေးလျ ခိုလှုံခွင့် ဥပဒေများအရ ပါပူးဝါးနယူးဂီနီ (PNG) နိုင်ငံတွင် ထိန်းသိမ်းခံနေရသည့် အီရန်ခိုလှုံခွင့်တောင်းခံသူတစ်ဦးသည် WhatsApp ဝန်ဆောင်မှုကို အသုံးပြုကာရေးသားသော စာအုပ်တစ်အုပ်ဖြင့် ဩစတြေးလျ၏တန်ဖိုးအရှိဆုံးစာပေဆုရရှိခဲ့သည်။ ၂၀၁၃ ခုနှစ်ကတည်းက PNG ရှိ မာနစ်ကျွန်းတွင် ထိန်းသိမ်းခံနေရသည့် အီရန်နိုင်ငံမှ ကာ့ဒ်လူမျိုးဘီရော့ဇ်ဘိုချာနီသည် ဇန်နဝါရီလ ၃၁ ရက်က Victorian Prize for Literature ဆုချီးမြှင့်ခြင်းခံရကြောင်း ဗစ်တိုးရီးယားပြည်နယ် အစိုးရဝက်ဘ်ဆိုက်ထုတ်ပြန်ချက်တစ်စောင်တွင် ဖော်ပြသည်။

ဘိုချာနီအနေဖြင့် မာနစ်အကျဉ်းထောင်ထဲမှနေ၍ ရေးသားခဲ့သော "တောင်တွေကလွဲပြီး ဘာမိတ်ဆွေမှမရှိဘူး"ဆိုသည့်စာအုပ်ဖြင့် ကန်ဒေါ်လာ ၇၂,၆၀၀ ချီးမြှင့်ခံရသည်။

ထို့အပြင် ယင်းစာအုပ်သည်စိတ်ကူးယဉ်မဟုတ်သော ကဏ္ဍအတွက်လည်း ဆုရရှိခဲ့သဖြင့် နောက်ထပ် ဩစတြေးလျ ဒေါ်လာ ၂၅,၀၀၀ ရရှိမည်ဖြစ်သည်။

"ဘိုချာနီရဲ့ဆုကို စာအုပ်ဘာသာပြန်တဲ့ အိုမစ်ဒ်တိုဖစ်ဂ်ဟီယန်က လက်ခံရရှိခဲ့ပါတယ်။ အိုမစ်ဒ်ဟာ အဖြစ်အပျက်တွေ အသက်ဝင်လာစေဖို့ ဘိုချာနီနဲ့ ငါးနှစ်ကျော် အလုပ်လုပ်ခဲ့သူပါ"ဟု ယင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘိုချာနီသည် ယင်းစာအုပ်ကို ဖုန်းဖြင့်ရေးသားခဲ့ပြီး Whats App မှတစ်ဆင့် အိုမစ်ဒ်ထံ နည်းနည်းချင်း ပေးပို့ခဲ့ကြောင်း မီဒီယာများက ပြောသည်။

ဘိုချာနီ၏စာအုပ်ကိုဩစတြေးလျနိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ထုတ်ဝေခဲ့ပြီး ဆုပေးရန် ဆန်ခါတင်စာရင်းဝင် စာအုပ် ၂၇ အုပ်ကို ဖြတ်ကျော်၍ ယခုဆု ဆွတ်ခူးခြင်းဖြစ်သည်။

လရောင်
Ref: AFP

# 1MDB အရှုပ်တော်ပုံကြောင့် ထိပ်တန်းအရာရှိများ လစာကို ထိခိုက်နိုင်




Goldman Sachs Group ဘဏ်လုပ်ငန်းအဖွဲ့က 1MDB အရှုပ်တော်ပုံတွင် ယင်းဘဏ်ပါဝင်မှု စုံစမ်းစစ်ဆေးခြင်းများ ဖြေရှင်းပြီးချိန်အထိ အမှုဆောင်အရာရှိချုပ်ဟောင်း အယ်လ်လွိုင်းဘလန့်ဖိန်းထံမှ ကန်ဒေါ်လာ ခုနစ်သန်းထက်မနည်းသော အပိုဆုကြေးကို ထိန်းသိမ်းထားမည်ဟု ပြောကြားခဲ့သည်။ ယင်းဘဏ်က 1MDB အရှုပ်တော်ပုံဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အကြီးအကဲဟောင်းဘလန့်ဖိန်း၊ လက်ရှိအမှုဆောင်အရာရှိချုပ် ဒေးဗစ်ဆိုလိုမွန်ဟူသော ၎င်းတို့ထိပ်တန်းအကျဆုံး အရာရှိနှစ်ဦးစလုံးအတွက်၎င်းတို့၏ နှစ်စဉ်နှစ်နာကြေးပေးရေးအစီအစဉ်များတွင် ငွေကြေးရပိုင်ခွင့်ဆုံးရှုံးသော သတ်မှတ်ချက်အသစ်တစ်ရပ်ကိုလည်း မိတ်ဆက်ထားသည်။

1MDB အစီအစဉ်အတွက် ကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံရရှိခဲ့သော စာချုပ်သုံးခုရောင်းချမှုကို ဘဏ်ကငွေကြိုထုတ်ပေးခြင်းနှင့် စီစဉ်သူအဖြစ် ပါဝင်ခဲ့ခြင်းကြောင့် မလေးရှားအရာရှိများနှင့် အမေရိကန်တရားရေး ဌာနတို့၏ စုံစမ်းစစ်ဆေးခြင်းခံနေရသော Goldman Sachs အတွက် ယခုလုပ်ရပ်က 1MDB အရှုပ်တော်ပုံအန္တရာယ်များရှိနေဆဲဖြစ်ကြောင်း ဖော်ပြနေသည်။

1MDB ရန်ပုံငွေအရာရှိ ထိပ်တန်းအဆင့်ပုဂ္ဂိုလ်များနှင့် ၎င်းတို့၏လက်ထောက်များသည် Goldman ဘဏ်က ကူညီရှာဖွေပေးခဲ့သော ရန်ပုံငွေအချို့အပါအဝင် စုစုပေါင်းကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံကို ၂၀၀၉ နှင့် ၂၀၁၄ အတွင်း မလျော်မကန်ပြုခဲ့သည်ဟု အမေရိကန်တရားရေးဌာနက ခန့်မှန်းထားသည်။

ယင်းဘဏ်က အမှားလုပ်ထားခြင်းမရှိကြောင်း အစဉ်တစိုက် ငြင်းဆိုခဲ့သည်။

လရောင်—Ref: Reuters

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံမည်ဟု ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ကြွေးကြော်





မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် မျက်နှာချင်းဆိုင်တွေ့ဆုံပြီး သမိုင်းဝင်ရန်သူနှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ခြင်းဖြင့် မြောက်ကိုရီးယားနှင့် အပြန်အလှန် မယုံသင်္ကာဖြစ်နေမှုချိုးဖျက်မည်ဟု ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဇန်နဝါရီလ ၂၈ ရက်တွင် ကြွေးကြော်သည်။ ထို့အပြင် အာဘေးက တရုတ်-ဂျပန်ဆက်ဆံရေးကို အဆင့်သစ်သို့ရောက်အောင် ဆောင်ရွက်မည်ဟု ကြွေးကြော်ပြီး ကမ္ဘာ့တတိယအကြီးဆုံး စီးပွားရေးဂျပန်တွင် ယိုယွင်းလာသောအခြေခံ အဆောက်အအုံများတိုးတက်စေရေး စံချိန်တင်ဘတ်ဂျက် အသုံးပြုမည်ဟု ကတိပြုသည်။ "အပြန်အလှန် မယုံသင်္ကာ ဖြစ်နေတဲ့ အခွံကို ချိုးဖျက်ဖို့ အခွင့်အရေးတိုင်းကို အသုံးချပြီး အခိုင်အမာဆောင်ရွက်မှာပါ။ မြောက်ကိုရီးယားရဲ့ နျူနဲ့ ဒုံးကျည်ကိစ္စတွေအပြင် အဓမ္မခေါ်ဆောင်မှုကိစ္စတွေဖြေရှင်းဖို့ ကျွန်တော်ကိုယ်တိုင် ကင်ဂျုံအန်နဲ့ တိုက်ရိုက်တွေ့မှာပါ" ဟု အာဘေးက ပြောသည်။

လာမည့်လကုန်တွင် ဖြစ်ရန်များသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒုတိယအကြိမ်ထိပ်သီးတွေ့ဆုံပွဲ အကြိုပြင်ဆင်ရန် ကင်ဂျုံအန်က ညွှန်ကြားခဲ့ပြီးနောက် အာဘေး၏ မှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

"ကံမကောင်းခဲ့တဲ့ အတိတ်ကိုဖြေရှင်းခြင်းဖြင့် သံတမန်ဆက်ဆံရေးပုံမှန်ဖြစ်အောင်လုပ်ဖို့ ကျွန်တော်ရည်ရွယ်ထားပါတယ်" ဟု ဒုတိယကမ္ဘာစစ်အတွင်းနှင့် ကိုရီးယားကျွန်းဆွယ်ကို ဂျပန်က ရက်စက်စွာ ကိုလိုနီပြုခြင်းကြောင့် ဖြစ်ခဲ့သောအဖြစ်အပျက်များကို ရည်ညွှန်းကာ အာဘေးက ပြောသည်။

တရုတ်နှင့် ပတ်သက်၍ အာဘေးကပြီးခဲ့သည့်နှစ်တွင် တရုတ်နိုင်ငံသို့ မိမိအလည်အပတ်သွားပြီးနောက် နှစ်နိုင်ငံကြားဆက်ဆံရေး ပုံမှန်လမ်းကြောင်းပေါ်သို့ ပြန်ရောက်လာကြောင်း ပြောသည်။

တရုတ်သမ္မတရှီကျင်းပင်သည် ယခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် တရားဝင်လာရောက်လည်ပတ်မည်ဟု မျှော်လင့်ရသည်။

လရောင်

Ref: AFP

# တရုတ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးကို ကနေဒါဝန်ကြီးချုပ် ထုတ်ပယ်



ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒိုးက တရုတ်နိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး ဂျွန်မက်ကာလမ်ကို ရာထူးမှထုတ်ပယ်ခဲ့သည်။ တရုတ်ဖုန်းလုပ်ငန်းကုမ္ပဏီကြီး ဟွာဝေးမှ စီနီယာအမှုဆောင်အရာရှိတစ်ဦး ပါဝင်ပတ်သက်သော ပြည်နှင်ဒဏ်ပေးရေးကိစ္စအပေါ် မက်ကာလမ်က အငြင်းပွားဖွယ် မှတ်ချက်များ ပြောကြားပြီးနောက် ယင်းသို့ ထုတ်ပယ်ခြင်း ဖြစ်သည်။

ဂျွန်မက်ကာလမ်ကိုရာထူးမှဆင်းပေးရန် ပြောကြားခဲ့ကြောင်း ထရူးဒိုးက ထုတ်ပြန်ပြောကြားသော်လည်း အကြောင်းပြချက်မပေးပေ။ အမေရိကန်၏ တောင်းဆိုမှုကြောင့် မစ္စစ်မန်ဝန်ကျိုးကို ကနေဒါက ထိန်းသိမ်းခဲ့ခြင်းအပေါ် တရုတ်အစိုးရကို ဒေါသထွက်စေပြီး ကနေဒါနှင့် တရုတ်ဆက်ဆံရေး ဆိုးရွားခဲ့သည်။

အီရန်အပေါ် တားဆီးပိတ်ဆို့မှုများကို ကျော်လွှားမှုဖြင့် အမေရိကန်က ဟွာဝေးဘဏ္ဍာရေးအရာရှိချုပ် မစ္စစ်မန်ဝန်ကျိုးကို စွပ်စွဲထားပြီး ယင်းကို မန်ဝန်ကျိုးနှင့် ဟွာဝေးကုမ္ပဏီက ငြင်းဆိုထားသည်။

"တရုတ်နိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး ဂျွန်မက်ကာလမ် နုတ်ထွက်ဖို့တောင်းဆိုခဲ့ပြီး သူ့ရဲ့နုတ်ထွက်လွှာကို လက်ခံခဲ့ပါတယ်" ဟု ကနေဒါဝန်ကြီးချုပ်က ထုတ်ပြန်ချက်တွင်ပြောကြားသည်။

မစ္စစ်မန်ဝန်ကျိုးကို ပြည်နှင်ဒဏ်ပေးရေး အမေရိကန်၏ တောင်းဆိုမှုတွင် ကြီးမားသော ချွတ်ယွင်းချက်များရှိသည်ဟု ဂျွန်မက်ကာလမ်က လူသိရှင်ကြားပြောကြားပြီး အငြင်းပွားမှုဖြစ်စေခဲ့သည်။

လရောင်—Ref: BBC



# မေလတွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရန် ပြင်သစ်သမ္မတ မက်ကရွန် စဉ်းစားနေဟုဆို

အဝါရောင်စွပ်ကျယ်ဝတ် ဆန္ဒပြမှုများကို တုံ့ပြန်ခြင်း အစိတ်အပိုင်းအဖြစ် ပြင်သစ်သမ္မတ မက်ကရွန်သည် (၁၄)နှစ်အတွင်း ပထမဆုံး ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ် ခေါ်ယူကျင်းပရန် စဉ်းစားနေကြောင်း ဂျာနယ်တစ်စောင်ကဖော်ပြသည်။ ဥရောပပါလီမန်ရွေးကောက်ပွဲများ ကျင်းပမည့် မေလ ၂၆ ရက်နှင့် တစ်နေ့တည်း မက်ကရွန်သည် ယင်းဆန္ဒခံယူပွဲခေါ်ယူကျင်းပရန် ပြင်ဆင်နေသည်ဆိုသော ကာလရှည်ကြာကောလဟာလများကို du Dimanche ဂျာနယ်သတင်းက ထပ်မံအားဖြည့်ပေးခဲ့သည်။

အမျိုးသားဥပဒေပြု အမတ်အရေအတွက် လျှော့ချလိုသည့် ဆန္ဒရှိ၊ မရှိ ယင်းဆန္ဒခံယူပွဲတွင် မေးမြန်းမည်ဟု အဆိုပါဂျာနယ်ကဖော်ပြခဲ့သည်။

အမျိုးသားဥပဒေပြု အမတ်လျှော့ချရေးသည် မက်ကရွန်၏ မဲဆွယ်ကတိတစ်ခုဖြစ်သည်။ ထို့အပြင် နိုင်ငံရေးသမားများ လုပ်ပိုင်ခွင့်အာဏာတွင်ရှိနေခြင်းမှ ကာကွယ်ရန် ကြိုးပမ်းမှုတစ်ခုအဖြစ် ဥပဒေပြုအမတ်များ၏တာဝန်ထမ်းဆောင်နိုင်သော သက်တမ်းကိုကန့်သတ်ချက်ထားရန် အလိုရှိ၊ မရှိမေးမြန်းမည်ဖြစ်သည်။

ပြည်သူ့ဆန္ဒခံယူပွဲခေါ်ယူရေး ကျင်းပရန် ပြင်ဆင်နေသည်ဆိုသော လတ်တလောသတင်းများနှင့် ပတ်သက်၍ မှတ်ချက်ပေးရန် မက်ကရွန်သည်ပြီးခဲ့သည့် သီတင်းပတ်က တောင်းဆိုခံရသည်။

"ဒါကစားပွဲပေါ်မှာရှိနေတဲ့ အရာတွေထဲကတစ်ခုပါ" ဟု မက်ကရွန်က ဇန်နဝါရီလ ၃၁ ရက်တွင် ဖြေကြားခဲ့သည်။

လောင်စာဆီဈေးနှုန်းများနှင့် လူနေမှုကုန်ကျစရိတ်များနှင့်ပတ်သက်၍ အဝါရောင်စွပ်ကျယ်ဝတ် ဆန္ဒပြသူများက လတ်တလောလများအတွင်း အကြမ်းဖက်ဆန္ဒပြခဲ့ပြီးနောက် မက်ကရွန်သည် လ ၂၀ ကြာ ၎င်း၏ သမ္မတသက်တမ်းအတွင်း အကြီးမားဆုံးစိန်ခေါ်မှုများ ရင်ဆိုင်နေရသည်။

လရောင်

# အမေရိကန်ဒီမိုကရေစီစနစ်သည် မကြုံဖူးသောတိုက်ခိုက်မှုများ ကြုံတွေ့နေရ

၂၀၂၀ ခုနှစ် သမ္မတရွေးကောက်ပွဲဝင်ပြိုင်ရန် တနင်္ဂနွေနေ့က စတင်ကြိုးပမ်းသည့် လွှတ်တော်အမတ် ကာမယ်လာဟားရစ်က သမ္မတဒေါ်နယ်ထရမ့်၏ မူဝါဒများကို ပြင်းထန်စွာ ဝေဖန်ပြီး အမေရိကန်သည် ဒီမိုကရေစီအပေါ် ယခင်မကြုံဖူးသော တိုက်ခိုက်မှုနှင့် ကြုံနေရ၍ ရာဇဝင်တွင် သိသာစွာပြောင်းလဲမည့် အမှတ်တစ်ခုသို့ ရောက်ရှိနေသည်ဟု ၎င်းက ပြောသည်။ ၂၀၁၆ ခုနှစ်က အထက်လွှတ်တော်သို့ ရွေးကောက်ခံရသော ဟားရစ် (၅၄)နှစ်က လာမည့်သမ္မတ ရွေးကောက်ပွဲတွင် ဝင်ပြိုင်မည်ဟု ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကြေညာခဲ့သည်။

၎င်းသည် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာတွင် ဒေါ်နယ်ထရမ့်အပေါ် အနိုင်ယူလိုသူဒီမိုကရက်တစ်ခေါင်းဆောင်များကို ကျော်လွှန်၍ ရွေးကောက်ပွဲဝင်ရန် ရွေးချယ်ခံခဲ့ရသည်။

အမေရိကန်အထက်လွှတ်တော်သို့ ရွေးကောက်ခံရသည့် ဒုတိယမြောက်အာဖရိကအနွယ် အမေရိကန်လူမျိုးမစ္စစ်ဟားရစ်သည် ၎င်း၏ နိုင်ငံရေးသမားဘဝအစောပိုင်း၌သမ္မတဟောင်းဘားရက်အိုဘားမားနှင့် နှိုင်းယှဉ်ခံခဲ့ရသည်။

"ကျွန်မတို့နိုင်ငံရဲ့ ရာဇဝင်မှာ ကြီးမားတဲ့ အလှည့်အပြောင်းနေရာတစ်ခုကို ရောက်နေပါတယ်"ဟု မစ္စစ်ဟားရစ်က ပြောသည်။

ယင်းနေရာသို့ မိမိတို့ရောက် ရှိနေခြင်းသည် အမေရိကန်တို့၏ အိပ်မက်နှင့်အမေရိကန်တို့၏ ဒီမိုကရေစီစနစ်သည် ယခင်ကမကြုံခဲ့သောပုံစံမျိုးဖြင့် တိုက်ခိုက်ခံနေရသောကြောင့် ဖြစ်သည်ဟု ၎င်းကပြောသည်။

"မီဒီယာလွတ်လပ်ခွင့်ကို အနိုင်ကျင့်တိုက်ခိုက်ပြီး ကျွန်မတို့ရဲ့ ဒီမိုကရေစီအဖွဲ့တွေကို အားလျော့အောင်လုပ်နေတဲ့ ခေါင်းဆောင်တွေ ကျွန်မတို့မှာရှိနေချိန်မှာ အဲဒါဟာကျွန်မတို့ရဲ့ အမေရိကန်နိုင်ငံ မဟုတ်ဘူး" ဟု မစ္စစ်ဟားရစ်က ပြောသည်။

ယခုအချိန်အထိ ဟားရစ်အပြင် သမ္မတရွေးကောက်ပွဲဝင်မည့် ဒီမိုကရက်အမျိုးသမီးခေါင်းဆောင်သုံးဦးရှိပြီး ၎င်းတို့သည် နောက်နှစ်ဇန်နဝါရီတွင် ပါတီတွင်းမဲခွဲမှုကို ကျော်ဖြတ်ရမည်ဖြစ်သည်။

လရောင်

Ref: Reuters

ပိုင်အောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com


# ၁၀ ရက် အစားရှောင်ထားတဲ့ ဂျနီဖာလိုပက်ဇ်ကို ကြွေနေတဲ့ လက်ရှိနဲ့ ယခင်ချစ်သူများ



၁၀ ရက်အထိ ကာဗိုဟိုက်ဒရိတ်နှင့် သကြား လုံးဝမစားဘဲ အစားရှောင်ထားသည့် အဆိုတော်၊ မင်းသမီးဂျနီဖာလိုပက်ဇ်၏ ဓာတ်ပုံကို ၎င်း၏လက်ရှိ ချစ်သူနှင့် ချစ်သူဟောင်းများက များစွာ သဘောကျနေသည်။ဂျနီဖာက ကြွက်သားများ နှင့် တောင့်တင်းလှပသော ခန္ဓာကိုယ်အနေအထားကို ဖော်ပြသည့် ဆယ်လ်ဖီ ဓာတ်ပုံကို ယခုသီတင်းပတ်အတွင်းဖော်ပြခဲ့ရာ Like သိန်း ၃၀ ခန့်နှင့်အတူ ၎င်း၏ ချစ်သူဟောင်းများ၊ ထင်ရှားကျော်ကြားသူများက အံ့သြအားကျကြောင်း မှတ်ချက်များ ရေးသားခဲ့သည်။

ဂျနီဖာ၏ နည်းအတိုင်းပြုလုပ်သောထင်ရှားကျော်ကြားသူအချို့မှာ ၁၀ ရက်အထိအစား ရှောင်နိုင်ခြင်း မရှိကြောင်း သိရသည်။

ဂျနီဖာ (၄၉)နှစ်၏ ယင်းပုံကြောင့် အံ့သြရကြောင်း ၎င်း၏ချစ်သူဟောင်း ရက်ပ်ပါဒီဒီက မှတ်ချက်ပြုထားပြီး လက်ရှိချစ်သူ ဘေ့စ်ဘောသမား ရိုဒရီဂွတ်ဇ်က ငါကံကောင်းလိုက်တာဟု မှတ်ချက်ပြုထားသည်။

လရောင်- E!online

# စလင်းဒီယွန်ရဲ့ ဘဝဇာတ်ကြောင်းကို အခြေခံထားတဲ့ The Power of Love ဇာတ်ကား မတ်လ စရိုက်မည်

ပြင်သစ်-ကနေဒါအဆိုတော် စလင်းဒီယွန်၏ဘဝကို အခြေခံရိုက်ကူးမည့် The Power of Love အမည်ရှိ ဇာတ်ကားကို ပြင်သစ်မင်းသမီး၊ အဆိုတော်၊ ဒါရိုက်တာ ဗာလီရီလီမာစီယာက ဒါရိုက်တာအဖြစ် တာဝန်ယူ၍ မတ်လတွင် စတင်ရိုက်ကူးမည်ဖြစ်သည်။ လီမာစီယာ (၅၄) နှစ်သည် My heart will go on သီချင်းအဆိုတော် စလင်းဒီယွန်ကို အားကျသော အဓိကဇာတ်ကောင် အယ်လင်းအဖြစ်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ယင်းရုပ်ရှင်သည် အတ္ထုပ္ပတ္တိရုပ်ရှင်မဟုတ်ဘဲ စလင်းဒီယွန် (၅၀) နှစ်၏ ဘဝဇာတ်ကြောင်းကို အနည်းအကျဉ်းအခြေခံထားကြောင်း ယင်းဇာတ်ကားထုတ်လုပ်မည့် French ရုပ်ရှင်စတူဒီယိုက ပြောသည်။

၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်တွင် မိတ်ဆက်မည့် ယင်းဇာတ်ကားကို ကနေဒါ၊ ပြင်သစ်၊ စပိန်နှင့် လာ့စ်ဗီးဂတ်စ်တွင် မတ်လကစပြီး ၁၈ လကြာ ရိုက်ကူးမည်ဖြစ်ကာ ကုန်ကျငွေ ကန်ဒေါ်လာ ၂၃ သန်းလျာထားသည်။

စလင်းဒီယွန်နှင့် လည်ပင်းကင်ဆာဖြင့် ကွယ်လွန်သွားသော ၎င်း၏အမျိုးသား အန်ဂျီလီလ်တို့၏ မေတ္တာအင်အားကို တွေ့ရှိခဲ့ပြီးနောက် ယင်းဇာတ်ကားဖန်တီးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု လီမာစီယာကပြောသည်။

လရောင်- Ref: Globalnews.ca

# ၂၀၂၂ ကမ္ဘာ့ဖလားအိမ်ရှင် ကာတာ အာရှဖလား ပထမဆုံးဆွတ်ခူး



အာရှဖလား လေးကြိမ်ချန်ပီယံဂျပန်ကို ၃-၁ ဂိုးဖြင့် အနိုင်ရပြီးနောက် ၂၀၂၂ ကမ္ဘာ့ဖလားအိမ်ရှင် ကာတာသည် အာရှဖလားကို ပထမဆုံးဆွတ်ခူးခဲ့သည်။

ယူအေအီးနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသော ယခုပြိုင်ပွဲတွင် ကာတာသည် ခုနစ်ပွဲစလုံးအနိုင်ရကာ ၁၉ ဂိုးသွင်းခဲ့ပြီးတစ်ဂိုးသာခွင့်ပြုခဲ့ရသည်။

"ဒီနေ့မှာ ကာတာဟာ အာရှထိပ်တန်းအသင်းပါ။ ကျွန်တော်တို့ သမိုင်းရေးထိုးနိုင်ခဲ့ပြီ"ဟု အကောင်းဆုံးကိုးသမားဆုရ ကာတာဂိုးသမား ဆက်ဒ်အယ်လ်ရှိဘ်ကပြောသည်။

စံချိန်တင်သွင်းဂိုး ကိုးဂိုးဖြင့် ယခုပြိုင်ပွဲ၏ဂိုးသွင်းဘုရင်ဆုနှင့် တန်ဖိုးအရှိဆုံးကစားသမားဆု ရရှိခဲ့သည့် ကာတာတိုက်စစ်မှူး အယ်လ်မိုဇက်က နည်းပြဆန်းချက်ဇ်သည် မန်စီးတီးနည်းပြဂွာဒီယိုလာနှင့် အတွေးအခေါ်တူညီကြောင်း ချီးကျူးသည်။ ထို့အပြင် အယ်လ်မိုဇက် (၂၂)နှစ်က ၂၀၂၀ကမ္ဘာ့ဖလားမတိုင်မီ ဥရောပသို့ ပြောင်းရွှေ့ခွင့်ရရန် ပစ်မှတ်ထားနေကြောင်း ပြောကြားသည်။

"ဒါက ကိုပါအမေရိကဖလားမှာ ကစားဖို့နဲ့ ၂၀၂၂ ကမ္ဘာ့ဖလားအတွက် အသင့်ဖြစ်စေဖို့ အသင်းကို ဖွံ့ဖြိုးတိုးတက်အောင် ဆက်လုပ်ဖို့ ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်"ဟု ဆန်းချက်ဇ်ကပြောသည်။ ကာတာသည် ၂၀၁၉ ကိုပါအမေရိကပြိုင်ပွဲတွင် ပါဝင်ရန် ဖိတ်ခေါ်ခံထားရသည်။

"ပြိုင်ပွဲတစ်လျှောက်လုံး ကောင်းခဲ့တဲ့ ကစားဖော်တွေ၊ နည်းပြအဖွဲ့ဝင်တွေနဲ့ ကာတာ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ကာတာအသင်းခေါင်းဆောင် အယ်လ်ဟေဒိုစ်ကပြောသည်။

အနာဂတ်ပြိုင်ပွဲများတွင် အောင်မြင်မှုရစေရန် မိမိတို့အနေဖြင့် ကာတာနှင့် အရှုံးမှ သင်ခန်းစာယူသင့်ကြောင်း ဂျပန်အသင်းခေါင်းဆောင်ယိုရှီဒါကပြောသည်။

"လာမယ့် ပြိုင်ပွဲတွေအတွက် ဒီအတွေ့အကြုံကို ကျွန်တော်တို့အသုံးချရပါမယ်။ ရှုံးလို့ စိတ်ပျက်တယ်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနာဂတ်ကို ရှေးရှုရပါမယ်"ဟု ယိုရှီဒါကပြောကြားသည်။

ကာတာနှင့် ဂျပန်သည် ယခုနှစ် ဇွန်လတွင်ကျင်းပမည့် ကိုပါအမေရိကဖလားပြိုင်ပွဲ၌ ဖိတ်ခေါ်အသင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြတ်မင်းဇင်

# ကမ္ဘာ့ဖလားပြိုင်ပွဲအလွန် ဒဏ်ရာများကြောင့် ပရီးမီးယားလိဂ်အသင်းကြီးများ ထိခိုက်နေ

ပြီးခဲ့သည့်နှစ် ကမ္ဘာ့ဖလားတွင် ပါဝင်ကစားခဲ့သော ကစားသမားများ ဒဏ်ရာရရှိမှု ၂၇ ခုကို မန်စီးတီးအသင်း ခံစားခဲ့ရပြီး လီဗာပူးအသင်းက ယင်းသို့ဒဏ်ရာရရှိမှု ၁၂ ခုကို ခံစားခဲ့ရသည်ဟု အစီရင်ခံစာတစ်ရပ်က ဖော်ပြသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲပြီးနောက် ပရီးမီးယားလိဂ်ကစားသမားများတွင် ဒဏ်ရာရရှိမှု ၄၄ ရာခိုင်နှုန်း ပိုများလာသည်ဟု အာမခံကုမ္ပဏီ JLT Specialty ၏ အစီရင်ခံစာက ဖော်ပြပြီး လက်ရွေးစင်အသင်းရစ်သင်းသို့ ကစားသမား ၁၆ ဦး စေလွှတ်ခဲ့သော ချန်ပီယံမန်စီးတီးအသင်းက အထိခိုက်ဆုံးဖြစ်သည်ဟုလည်း အစီရင်ခံစာက ဖော်ပြသည်။

မန်စီးတီးသည် ကွင်းလယ်လူ ဒီဘရိုင်ကို ၂၀၁၈ ဩဂုတ်လတွင် ဒဏ်ရာဖြင့်ဆုံးရှုံးခဲ့ရပြီး ယင်းဘယ်လ်ဂျီယံလက်ရွေးစင်သည် ပြီးခဲ့သည့်နှစ်ရာသီက ပျမ်းမျှပရီးမီးယားလိဂ် ၃၆ ပွဲတွင် ကစားခဲ့သော်လည်း ယခုရာသီ၌ လိဂ်ပွဲလေးပွဲသာ ကစားနိုင်ခဲ့သည်။

"ကစားသမားတွေကို ၁၁ လကျော်လောက်အထိ ကစားခိုင်းတဲ့အခါ သူ(ဒီဘရိုင်) ပြန်လာချိန်မှာဖြစ်နေသလို ဒဏ်ရာရရှိတာမျိုးဖြစ်ပါတယ်"ဟု မန်စီးတီးနည်းပြ ဂွာဒီယိုလာက ရာသီအစတွင် ပြောကြားသည်။


မန်စီးတီး၏ ဒဏ်ရာရကစားသမားများသည် လေ့ကျင့်မှုနှင့် ပွဲကစားသော စုစုပေါင်း ၆၁၇ ရက် ပျက်ကွက်ခဲ့ပြီး ငွေကြေး ပေါင် ၁၇ သန်းကျော် ကုန်ကျခဲ့သည်။ လီဗာပူးအသင်းသည် ပျက်ကွက် ရက် ၁၂၈ ရက်နှင့် ကုန်ကျစရိတ် ၉ ဒသမ ၃ သန်းရှိသည်။

စပါးအသင်းသည်လည်း ဒဏ်ရာပြဿနာများ ကြုံတွေ့နေပြီး ၎င်းတို့ကြယ်ပွင့်နှစ်ဦးဖြစ်သော ဟယ်ရီကိန်းနှင့် ဒယ်လီအလီတို့ ဒဏ်ရာကြောင့် လောလောဆယ် နားနေရသည်။

ထိပ်ဆုံးအသင်းခြောက်သင်းသည် ဒဏ်ရာရရှိမှု ၂၀၁ ခုကြုံတွေ့ခဲ့ပြီး လာမည့်နှစ်တွင် မိတ်ဆက်မည့် ဆောင်းရာသီအနားပေးမည့် အစီအစဉ်က ကစားသမားများကို အထောက်အကူပေးမည်ဟု JLT Specialty အစီရင်ခံစာက ဖော်ပြသည်။

မြတ်မင်းဇင်





# နည်းပြ မာကိုဆေးလ်ဗားအပေါ် စိတ်ရှည်ရန် အဲဗာတန်အသင်းကို ဂွာဒီယိုလာ အကြံပေး

မန်နေဂျာအသစ်တစ်ဦး ရောက်လာပြီး အသင်း၏ ရလဒ်များ ချက်ချင်းတိုးတက်စေမည်ဆိုသော အာမခံချက်မရှိသောကြောင့် အဲဗာတန်အသင်းအနေဖြင့် လက်ရှိတွင် ဝေဖန်မှုများရင်ဆိုင်နေရသော နည်းပြ မာကိုဆေးလ်ဗား၏အရည်အချင်းကို ယုံကြည်လျှင် ယင်းနည်းပြကိုသာ ဆက်လက်ကိုင်တွယ်စေရေး မန်စီးတီးနည်းပြ ဂွာဒီယိုလာကပြောသည်။ အဲဗာတန်အသင်းသည် ပြီးခဲ့သည့်ရာသီပြီးဆုံးချိန်က ကစားသမားသစ် အများအပြား ခေါ်ယူ၍ ရင်းနှီးမြှုပ်နှံခဲ့သော်လည်း ရလဒ်များ မျှော်လင့်ထားသည့်အတိုင်းဖြစ်မလာခဲ့ပေ။ အဲဗာတန်သည် ပရီးမီးယားလိဂ် နောက်ဆုံး ၁၂ ပွဲတွင် နိုင်ပွဲ သုံးပွဲသာရရှိခဲ့ပြီး ပေါ်တူဂီနည်းပြ ဆေးလ်ဗားအပေါ် ဖိအားများပြားလာသည်။

"သူတို့အနေနဲ့ သူတို့ရဲ့ စီမံကိန်းကို ယုံကြည်တယ်ဆိုရင်၊ သူ့ကို (ဆေးလ်ဗား) ယုံကြည်တယ်ဆိုရင် သူနဲ့ပဲရှေ့ဆက်သွားသင့်တယ်လို့ အကြံပေးချင်ပါတယ်"ဟု အဲဗာတန်နှင့်ပွဲမတိုင်မီ ဂွာဒီယိုလာက ပြောသည်။

"နည်းပြသစ်က ပိုပြီးကောင်းလိမ့်မယ်လို့ ဘယ်သူမှ အာမမခံပါဘူး"ဟု ဂွာဒီယိုလာကပြောသည်။


ဂွာဒီယိုလာသည် မန်စီးတီးကို ကိုင်တွယ်ရာတွင် ဒုတိယနှစ်မှသာ ပရီးမီးယားလိဂ်ချန်ပီယံဖြစ်ကာ အောင်မြင်မှုရရှိခဲ့ပြီး အဲဗာတန်ကဲ့သို့ ကလပ်အသင်းများအနေဖြင့် ၎င်းတို့၏မန်နေဂျာအပေါ် ယုံကြည်မှုရှိရန် အလေးအနက်ထားပြောကြားသည်။

"တစ်စုံတစ်ခု ဖန်တီးဖို့၊ တည်ဆောက်ဖို့ဆိုတာ ခက်ခဲပါတယ်။ အချိန်လိုအပ်ပါတယ်။ အချိန်ယူရပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ နည်းပြဆေးလ်ဗားအပေါ် ယုံကြည်မှု ရှိ၊ မရှိဆိုတဲ့အပေါ် မူတည်ပါတယ်"ဟု ဂွာဒီယိုလာက ပြောသည်။

မန်နေဂျာသစ်တစ်ဦးခန့်ပြီး ကစားသမားသုံး၊ လေးဦးဝယ်ယူ ဖြည့်တင်းရုံဖြင့် အားလုံးအံဝင်ခွင်ကျဖြစ်မည်ဟု ထင်ကြကြောင်း၊ သို့သော် တစ်ခါတလေ အချိန်ယူရကြောင်း ဂွာဒီယိုလာက ဆက်လက်ပြောကြားသည်။

မြတ်မင်းဇင်

# နာပိုလီကစားသမား ဟမ်ဆစ် အသင်းမှထွက်ခွာမည်



နာပိုလီအသင်း၏ ထာဝရဂိုးသွင်းရှင်၊ အသင်းအတွက် ပွဲအများဆုံးကစားထားသော မာရက်ဟမ်ဆစ်သည် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း တရုတ်ကလပ်တစ်ခုသို့ ပြောင်းရွှေ့နိုင်ရန် ဆွေးနွေးနေကြောင်း နာပိုလီနည်းပြ ကားလိုစ်အန်ဆယ်လော့တီက ပြောသည်။

ပြိုင်ပွဲအရပ်ရပ် ၁၂ ရာသီတွင် နာပိုလီအတွက် ၁၂၁ ဂိုးသွင်းထားသော ဆလိုဗက်ကီယားကွင်းလယ်လူ ဟမ်ဆစ်သည် ဆမ်ဒိုးရီးယားကို ၃-၀ ဂိုးဖြင့်နိုင်သောပွဲ၌ ပွဲ ၅၂၀ ပြည့်မြောက်ခဲ့သည်။ ယင်းပွဲပြီးနောက်အန်ဆယ်လော့တီက ဟမ်ဆစ်အသင်းပြောင်းရေးဆွေးနွေးမှုများရှိနေပြီး ယင်းကိစ္စကို ကစားသမားနှင့် ညှိနှိုင်းနေကြောင်း၊ ၎င်းအနေဖြင့် အတွေ့အကြုံသစ်လိုအပ်ပါက မိမိတို့က ခွင့်ပြုလိုကြောင်း အန်ဆယ်လော့တီက သတင်းထောက်များအား ပြောကြားသည်။

ဟမ်ဆစ် (၃၁) နှစ်သည် ၂၀၀၇ ကစလို ဗန်ဘရက်တစ်လာဗာအသင်းမှ နာပိုလီသို့ရောက်ရှိလာပြီး ၂၀၁၇ ဒီဇင်ဘာက မာရာဒိုနာ၏ ၁၁၅ ဂိုးစံချိန်ကို ချိုးဖျက်ကာ နာပိုလီ၏ထာဝရဂိုးသွင်းရှင်ဖြစ်လာခဲ့သည်။ ဆာရီ၏နေရာသို့ အန်ဆယ်လော့တီဝင်လာပြီးနောက် ဟမ်ဆစ်သည် ခံစစ်ရှေ့နေရာသစ်တစ်ခုသို့ ဝင်ရောက်ကစားခဲ့ရပြီးယခုရာသီတွင် အရန်ခုံ၌ အထိုင်များခဲ့သည်။ ဟမ်ဆစ်၏နေရာတွင်အစားထိုးကစားရန် ကစားသမားမရှိသော်လည်း ကွဲပြားသောခြေစွမ်းရှိပြီး ယင်းနေရာသို့ဝင်ရောက်ကစားနိုင်မည့် အခြားကစားသမားများရှိသည်ဟု အန်ဆယ်လော့တီက ပြောသည်။

မြတ်မင်းဇင်

## အာဖဂန်နစ္စတန်ရှိ ပြည်ပတပ်ဖွဲ့ဝင်များ ၁၈ လအတွင်း ထွက်ခွာမည်



ငြိမ်းချမ်းရေးသဘောတူညီချက်မူကြမ်းတွင် အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်ပတပ်ဖွဲ့ဝင်များကို ၁၈ လအတွင်း ရုပ်သိမ်းရန် အမေရိကန်ဆွေးနွေးညှိနှိုင်းရေးမှူးများက သဘောတူခဲ့ကြောင်း တာလီဘန်သူပုန်အဖွဲ့ တာဝန်ရှိသူများက ပြောကြားရာ အမေရိကန်၏ အရှည်ကြာဆုံးစစ်ပွဲ အဆုံးသတ်ဖွယ်ရှိသည်။ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များ အာဖဂန်နစ္စတန်သို့ ကျူးကျော်ပြီးနောက်ပိုင်း (၁၇) နှစ်ကျော်ကြာ စစ်ပွဲအဆုံးသတ်စေရန် ရည်ရွယ်၍ အမေရိကန် အထူးငြိမ်းချမ်းရေးသံတမန် ခါလီဇက်ဒ် ဦးဆောင်သောအဖွဲ့နှင့် တာလီဘန်တာဝန်ရှိသူများသည် ကာတာနိုင်ငံတွင် ခြောက်ရက်ကြာ ဆွေးနွေးခဲ့သည်။

ယင်းဆွေးနွေးမှုများတွင် လက်မှတ်ရေးထိုးခဲ့သော ငြိမ်းချမ်းရေးသဘောတူညီချက် မူကြမ်းအရပြည်ပတပ်ဖွဲ့ဝင်များ အာဖဂန်မှ ၁၈ လအတွင်း ထွက်ခွာမည်ဟု သတ်မှတ်ထားသည်။


ဆွေးနွေးမှုများ၌ သိသာထင်ရှားသော တိုးတက်မှုများ ရရှိခဲ့ကြောင်း နောက်ပိုင်းတွင် ခါလီဇက်ဒ်က တွစ်တာ၌ ရေးသားခဲ့ပြီး အာဖဂန်အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံရေးအာဖဂန်နစ္စတန်သို့ သွားရောက်ရန် စီစဉ်ထားကြောင်း ပြောကြားသည်။

"ကာတာမှာကျင်းပတဲ့ တွေ့ဆုံဆွေးနွေးမှုတွေကအရင်က တွေ့ဆုံမှုတွေထက်ပိုပြီးတော့ အကျိုးဖြစ်ထွန်းခဲ့ပါတယ်။ အရေးကြီးတဲ့ ကိစ္စရပ်တွေမှာ ကျွန်တော်တို့သိသာထင်ရှားတဲ့တိုးတက်မှုတွေ ရရှိခဲ့ပါတယ်"ဟု ခါလီဇက်ဒ်က တွစ်တာတွင် ရေးသားပြီး လုပ်ရန်လိုအပ်သည့် ကိစ္စရပ်အမြောက်အမြား ကျန်ရှိနေသေးသည်ဟု ဆိုသည်။

ဆွေးနွေးမှုများနှင့်ပတ်သက်၍ ခါလီဇက်ဒ်ထံမှအားတက်ဖွယ်ရာ သတင်းကြားရကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမိုက်ခ်ပွန်ပီယိုက ဇန်နဝါရီလ ၂၆ ရက်တွင် တွစ်တာ၌ ရေးသားခဲ့သည်။

ပြည်ပတပ်ဖွဲ့ဝင်များ ရုပ်သိမ်းမှုနှင့် အခြားကိစ္စရပ်များနှင့်ပတ်သက်၍ တိုးတက်မှုရရှိကြောင်း တာလီဘန်အဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့ပြီး ယခုထက်ပို၍ ဆွေးနွေးမှုများနှင့် အချင်းချင်းဆွေးနွေးတိုင်ပင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

လရောင်—Ref: Reuters




## ဟွာဝေးအမှုဆောင်အရာရှိအား လွှဲပြောင်း ပို့ဆောင်ရေး ကြားနာမှုကို မတ်လသို့ ရွှေ့ဆိုင်း

အိုတာဝါနှင့် ဘေဂျင်းကြား သံတမန်ရေးပြဿနာ၏ ဗဟိုချက်၌ပါဝင်သော ဟွာဝေးထိပ်တန်းအမှုဆောင်အရာရှိတစ်ဦးနှင့် ဟွာဝေးကုမ္ပဏီတို့အပေါ် အမေရိကန်က စွဲချက်များစွာ မိတ်ဆက်ပြီးနောက် ၎င်းကိုလွှဲပြောင်းပို့ဆောင်ရေးကြားနာစစ်ဆေးမှုကို မတ်လသို့ နောက်ဆုတ်ခဲ့သည်။ ဟွာဝေးကုမ္ပဏီတည်ထောင်သူ၏ သမီးနှင့် ဟွာဝေးဘဏ္ဍာရေးအရာရှိချုပ် မန်ဝန်ကျိုးသည် အီရန်တားဆီးပိတ်ဆို့မှုဆိုင်ရာ ချိုးဖောက်မှုစွပ်စွဲချက်နှင့် ဆက်စပ်၍ အမေရိကန်အမှုတစ်ခုတွင် ဟွာဝေး၊ အခြားလုပ်ငန်းခွဲနှစ်ခုနှင့်အတူ စွဲချက်တင်ခံထားရသည်။

ဗန်ကူးဗားမြို့တွေ လေယာဉ်ပြောင်းစီးရန် ပြင်ဆင်စဉ် အမေရိကန်၏ တောင်းဆိုမှုကြောင့် ဒီဇင်ဘာလ ၁ ရက်က မန်ဝန်ကျိုးဖမ်းဆီးခံခဲ့ရပြီးနောက်ပိုင်း အမေရိကန်သို့ လွှဲပြောင်းပို့ဆောင်ရေး ဆိုင်းငံ့ဆုံးဖြတ်ချက် တစ်ရပ်နှင့်အတူအာမခံဖြင့် လွတ်မြောက်ခဲ့သည်။

လွှဲပြောင်းပို့ဆောင်ရေးအမှုသည် လချီ (သို့မဟုတ်) နှစ်ချီကြာမြင့်နိုင်ကြောင်း ကနေဒါအစိုးရ ရှေ့နေချုပ်အသစ် ဒေးဗစ်လာမတ်တီက ပြောသည်။

ကြားနာစစ်ဆေးမှုပြီးဆုံးချိန်၌ တရားသူကြီးတစ်ဦးက လွှဲပြောင်းပို့ဆောင်ရန် အမိန့်ချခဲ့ပါက အစိုးရရှေ့နေချုပ်အနေဖြင့် အပြီးသတ်ဆုံးဖြတ်ရမည်ဟု ၎င်းကထပ်လောင်းပြောကြားသည်။

ယင်းအမှုကြောင့် ကနေဒါနှင့် ဘေဂျင်းကြား သံတမန်ရေးပြဿနာအရှိန်မြင့်လာပြီး ဘေဂျင်းက ကနေဒါနိုင်ငံသားနှစ်ဦးကို ဖမ်းဆီးခဲ့သည်။

ကနေဒါက တရုတ်နိုင်ငံဆိုင်ရာ ၎င်းတို့သံအမတ်ကို ထုတ်ပယ်ခဲ့ပြီး ယင်းမှာ အမေရိကန်သို့ လွှဲပြောင်းပို့ဆောင်ရေးတောင်းဆိုမှုတွင် အပြစ်အနာအဆာများရှိသည်ဟု ယုံကြည်သည်ဆိုသော ၎င်း၏ပြောဆိုချက်ကြောင့်ဖြစ်သည်။

လရောင်—Ref: AFP

## လာရောက်နေထိုင်ကာ ကလေးယူသူများကို ဒေါ်လာ ၁၀၀၀၀ ချီးမြှင့်မည့် အီတလီမြို့လေး



လူဦးရေ တဖြည်းဖြည်းနည်းလာနေသည့် အီတလီမြို့ငယ်လေးက ၎င်းတို့မြို့တွင် လာရောက်အခြေချနေထိုင်ကာ ကလေးယူသူများကို ဒေါ်လာ ၁၀၀၀၀ ချီးမြှင့်သွားမည်ဟု အီတလီအနောက်မြောက်ပိုင်းရှိ လိုကာနာမြို့၏ မြို့တော်ဝန်က မက်လုံးပေးလိုက်သည်။

မြို့ရှိလူငယ်များက အလုပ်အကိုင်အခွင့်အလမ်းများပေါများရာ မြို့ကြီးပြကြီးများသို့ အစုလိုက်အပြုံလိုက် ထွက်သွားကြသဖြင့် မြို့ငယ်လေးရှိစားသောက်ဆိုင်များ အပါအဝင် တချို့သောလုပ်ငန်းများ ပိတ်လိုက်ရတော့သည်။ ယင်းမြို့ရှိ တစ်ခုတည်းသော စာသင်ကျောင်းပင်လျှင် ပိတ်ရတော့မည့်ကိန်းဆိုက်နေသည်။ အီတလီတွင်နေထိုင်သည့် အီတလီနိုင်ငံသားများ သို့မဟုတ် နိုင်ငံခြားသားများ မိမိမြို့တွင် လာရောက်နေထိုင်ပါက ယင်းငွေများချီးမြှင့်မည်ဟု ၎င်းက စည်းရုံးခဲ့သော်လည်း မအောင်မြင်သဖြင့် နိုင်ငံရပ်ခြားရှိ နိုင်ငံခြားသားများကိုပါ ၎င်းက စည်းရုံးသိမ်းသွင်းလာခြင်းဖြစ်သည်။

ပန်းချီကားထဲမှ မြို့ကလေးအလား သာယာလှပသော ဘက်ပ်တောင်တန်းတောင်ခြေမြို့လေးသည် ၁၉၀၀ ပြည့်လွန်နှစ်များတွင် ယင်းမြို့လေး၌ လူဦးရေ ၇၀၀၀ ကျော်ရှိခဲ့သော်လည်း ယခုအခါထိုမြို့လေးတွင် လူဦးရေ ၁၅၀၀ ကျော်မျှသာ ရှိတော့သည်။

ဘုန်းပိုင်ဦး